STEP DEMOCRACY
ရှေ့သို့မြန်မာ

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

EUROPEAN UNION

# ပြည်သူ့ခေါင်းဆောင်

# မျိုးဆက်သစ်ခေါင်းဆောင်

## အခြေခံအဆင့် ပြည်သူ့နီတိသင်ရိုး

ဆရာလက်စွဲ

PAÑÑĀ INSTITUTE

Scholar Institute

STEP DEMOCRACY
ရှေ့သို့မြန်မာ

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

EUROPEAN UNION

# ပြုစုပျိုးထောင် မျိုးဆက်သစ်ခေါင်းဆောင်

## အခြေခံအဆင့် ပြည်သူ့နီတိသင်ရိုး

ဆရာလက်စွဲ

PAÑÑĀ INSTITUTE

Scholar Institute

© 2019 International Institute for Democracy and Electoral Assistance

Reprinted 2020

ဤစာအုပ်ထုတ်ဝေမှုသည် နိုင်ငံတစ်နိုင်ငံ သို့မဟုတ် နိုင်ငံရေးလှုပ်ရှားမှုဆိုင်ရာ အကျိုးအမြတ်တစ်ခုခုနှင့် ပတ်သက်ခြင်းကင်းရှင်းပါသည်။ ဤထုတ်ဝေမှုတွင်ပါဝင်သော ထင်မြင်ယူဆချက်များသည် International IDEA နှင့် ၎င်း၏ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီအဖွဲ့ဝင်များ၏ ထင်မြင်ယူဆချက်များကို ကိုယ်စားမပြုပါ။

ဤစာအုပ်ကို အီလက်ထရောနစ်ပုံစံဖြင့်ရယူလိုပါက Creative Commons Attribute-Non Commercial-Share Alike 3.0 (CC BY-NC-SA 3.0) လိုင်စင်ဖြင့် ရယူနိုင်ပါသည်။ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ပါက လွတ်လပ်စွာကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ ပို့လွှတ်ခြင်း၊ အပိုင်းလိုက်ပြန်လည်စီစဉ်ပြုစုခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ လုပ်ဆောင်နိုင်ပါသည်။ သင့်တင့်လျောက်ပတ်သော ရည်ညွှန်းချက်ဖော်ပြပေးပြီး အလားတူခွင့်ပြုချက်ဖြင့် ဖြန့်ဝေရန်ဖြစ်ပါသည်။ ဤလိုင်စင်နှင့် ပါတ်သက်၍ အသေးစိတ်သိရှိလိုပါက Creative Commons website သို့ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

<http://creativecommons.org/licenses/by-nc-sa/3.0/>.

**International IDEA**

Strömsborg

SE–10334 Stockholm

Sweden

Tel. +46 8 698 37 00

Website: <https://www.idea.int>

**International IDEA Myanmar**

၆၈ (ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။

ရန်ကုန် ၁၁၂၀၁။

မြန်မာ။

Tel: +95 9 263128104

Project website: : <http://www.stepdemocracy.eu>

သင်ရိုးညွှန်းတမ်းပြုစုရေးသားသူ - Kara Wong
ဒီဇိုင်း - မြင့်စိုးဦး
သရုပ်ဖော်ပုံများ - မျိုးမြင့်ထွန်း
ပုံနှိပ်ခြင်း - စိန်ရတနာပုံနှိပ်တိုက် (၀၀၄၈၃)၊ ရန်ကုန်မြို့
ISBN: 978-91-7671-261-0 (PDF)
ISBN: 978-91-7671-260-3 (Print)

EUROPEAN UNION

This publication was produced with the financial support of the European Union. Its contents are the sole responsibility of International IDEA and do not necessarily reflect the views of the European Union.

# ကျေးဇူးတင်လွှာ

International IDEA မှ ဤသင်ရိုးညွှန်းတမ်းကို စိတ်ရောကိုယ်ပါနှစ်၍ ပြုစုရေးဆွဲပြီး ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆရာဖြစ်သင်တန်းဆောင်ရွက်ပေးသော Kara Wong အား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။ ထို့ပြင် STEP စီမံကိန်း၏ မိတ်ဖက်အဖွဲ့များဖြစ်ကြသော စကော်လာအင်စတီကျူနှင့် ပညာအင်စတီကျူတို့အား ၎င်းတို့၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် အသေးစိတ်မှတ်ချက်များ ပေးခဲ့ကြသော ဦးသူရဇော်၊ ဦးအောင်နိုင်မော်၊ ဒေါ်စုလဲ့နိုင်၊ ဦးဇေယျာလင်း၊ ဦးဉာဏ်လင်းအောင်၊ ဒေါ်သန်းအိနွယ်၊ ဒေါ်အေးမြတ်ကျော်၊ ဒေါ်ပိုးဖြူဇင်၊ ဦးကျော်ကျော်ထွန်းတို့ကို ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ဤစီမံကိန်းကို စီမံခန့်ခွဲသော ဦးတေဇာမျိုးဝင်းနှင့် Shana Kaiser တို့ကိုလည်း ကျေးဇူးတင်အပ်ပါသည်။ ထို့ပြင် Lisa Hagman နှင့် International IDEA မှ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါသည်။ ဤထုတ်ဝေရေးဖြစ်မြောက်စေရန် STEP Democracy စီမံကိန်းအား ရန်ပုံငွေကူညီပံ့ပိုးပေးပါသော ဥရောပသမဂ္ဂအား ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

# STEP Democracy အကြောင်း

ရွေးကောက်ပွဲဖြစ်စဉ်များနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအား ကူညီထောက်ပံ့ပေးသည့် အစီအစဉ် (STEP Democracy - ရှေ့သို့မြန်မာ) သည် ဥရောပသမဂ္ဂ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာ့ ဒီမိုကရေစီ အကူးအပြောင်းဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်နေကြသော အဓိကပါဝင်ပတ်သက်သူများကို ကူညီထောက်ပံ့ပေးရန်ရည်ရွယ်သော အစီအစဉ်ဖြစ်ပါသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့ (၉) ဖွဲ့မှ ပူးပေါင်းဆောင်ရွက်သော ရှေ့သို့မြန်မာ (STEP Democracy) အစီအစဉ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ မဲဆန္ဒရှင်များ၊ ပထမဆုံးအကြိမ်မဲပေးမည့်သူများ၊ လူငယ်များကို ဒီမိုကရက်တစ်အခန်းကဏ္ဍနှင့် တာဝန်များဖြစ်သော ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တို့တွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ သမာသမတ်ကျသောရွေးကောက်ပွဲများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းတို့ကို ဆောင်ရွက်နိုင်စေရန် ကူညီပံ့ပိုးပေးခြင်းဖြစ်သည်။ ဤအစီအစဉ်သည် လူငယ်များ၊ အမျိုးသမီးများနှင့် တိုင်းရင်းသားများအပါအဝင် ကိုယ်စားပြုမှုနည်းနေသောအုပ်စုများအတွက် ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ပူးပေါင်းပါဝင်နိုင်ရန်နှင့် ကဏ္ဍပေါင်းစုံပါဝင်သော အင်စတီကျူးရှင်းများ ပေါ်ထွန်းစေရေးအတွက်လည်း ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည်။

# မာတိကာ

ဤစာအုပ်အား အသုံးပြုနည်း ........ ၁

သင်ခန်းစာ ၁ - ဒီမိုကရေစီနှင့် မိတ်ဆက်ခြင်း ........ ၇

သင်ခန်းစာ ၂ - ဒီမိုကရေစီနှင့် မတူကွဲပြားမှုများစုံလင်စွာရှိနေမှု ........ ၁၅

သင်ခန်းစာ ၃ - ဒီမိုကရေစီနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း........ ၂၃

သင်ခန်းစာ ၄ - ဒီမိုကရေစီနှင့် ခေါင်းဆောင်မှု ........ ၃၃

သင်ခန်းစာ ၅ - ရွေးကောက်ပွဲများ ........ ၄၁

သင်ခန်းစာ ၆ - ပြန်လည်သုံးသပ်ခြင်း ........ ၅၃

သင်ခန်းစာ ၇ - ဒီမိုကရေစီနှင့် တန်းတူညီမျှမှု ........ ၆၃

သင်ခန်းစာ ၈ - အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရား ........ ၇၃

သင်ခန်းစာ ၉ - နိုင်ငံသားဖြစ်မှု........ ၈၃

သင်ခန်းစာ ၁၀ - သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာမှု ........ ၉၃

သင်ခန်းစာ ၁၁ - ဒီမိုကရေစီတွင် လူငယ်များ၏ အခန်းကဏ္ဍ ........ ၁၀၃

သင်ခန်းစာ ၁၂ - နောက်ဆုံးပြန်လည်သုံးသပ်ခြင်း ........ ၁၁၇

ရည်ညွှန်းကိုးကား ........ ၁၂၃

ENDNOTE ........ ၁၂၄

International IDEA အကြောင်း........ ၁၂၆

# ဤစာအုပ်အား အသုံးပြုနည်း

## ဤစာအုပ်သည် ဘယ်လိုစာအုပ်မျိုးလဲ။

စာသင်ကျောင်းများအတွက် ပြည်သူ့နီတိသင်ရိုးညွှန်းတမ်းသည် International IDEA မှ Scholar Institute နှင့် Paññā Institute တို့ဖြင့်ပူးပေါင်း၍ ရေးဆွဲထားခြင်းဖြစ်သည်။ သင်ရိုးညွှန်းတမ်းသည် ဆရာမှတ်စုများပါဝင်ပြီး ကျောင်းသားများအတွက်ရည်ရွယ်သော သင်ရိုးစာအုပ်တစ်ခုဖြစ်သည်။ ဆရာများအတွက်လည်းသင်ကြားရေးတွင် အဆင်ပြေချောမွေ့စေရန် စီစဉ်ရေးဆွဲထားသည်။ သင်ရိုးညွှန်းတမ်းသည် လူငယ်များကိုဒီမိုကရက်တစ် စံနှုန်းများနှင့် တန်ဖိုးများကိုမိတ်ဆက်ပေးခြင်းဖြင့် မျိုးဆက်သစ်မဲဆန္ဒရှင်များနှင့် ခေါင်းဆောင်များပေါ် ထွန်းလာစေရန် ရည်ရွယ်ပါသည်။

## ဤစာအုပ်ကို မည်သို့ပြုစုသနည်း။

ဤစာအုပ်ကို ၄၅ မိနစ်ကြာသင်ခန်းစာ ၁၂ ခုဖြင့် ဖွဲ့စည်းထားသည်။ မိတ်ဆက်သင်ခန်းစာတစ်ခု၊ သက်ဆိုင်ရာ ခေါင်းစဉ်သင်ခန်းစာ ကိုးခုနှင့် ရှေ့ပိုင်းသင်ကြားချိန်များမှသင်ခန်းစာများကို ပြန်လည်မှတ်မိစေရန် ပြန်လည်သုံးသပ်ခြင်း နှစ်ခန်းပါဝင်သည်။ သင်ကြားချိန်တစ်ချိန်စီသည် သဘောတရားများ၊ အတွေးအခေါ်များကိုအခြေခံဆင့်ကဲ ရေးဆွဲထားသောကြောင့် ဆရာအနေဖြင့်သင်ကြားချိန်များကို အစဉ်လိုက်အတိုင်း သင်ကြားရန်ရည်ရွယ်သည်။

### သင်ကြားချိန်တစ်ခုစီအောက်တွင် အောက်ပါအတိုင်း အပိုင်းငါးပိုင်းပါဝင်သည်။

| | |
|---|---|
| **အဖွင့်** | ကျောင်းသားများအားလက်ရှိအသိနှင့်အတွေ့အကြုံများကိုပြန်လည်စဉ်းစားတွေးတောစေကာ ဆွေးနွေးခြင်းကို ဖြစ်ပေါ်လာစေရန် တွန်းအားပေးသည်။ |
| **တင်ပြချက်** | ပြည်သူ့နီတိဗဟုသုတများ တိုးပွားလာစေရန်အဓိကထားလျက် သတင်းအချက်အလက်အသစ်များ၊ သဘောတရားနှင့် စကားလုံးအသစ်များကို တင်ပြထားသည်။ |
| **လေ့ကျင့်ခန်းများ** | ကျောင်းသားများအား သတင်းအချက်အလက်နှင့်သဘောတရားအသစ်များ အသုံးပြုတတ်လာစေရန်နှင့်အဓိကကျသော ပြည်သူ့နီတိစွမ်းရည်များ လက်တွေ့လေ့ကျင့်ခြင်းကို ကူညီပေးသည်။ |
| **ဆွေးနွေးခြင်း** | ဤစာအုပ်တွင်ပါဝင်သော သဘောတရားနှင့်အတွေးအခေါ်များကို ကျောင်းသားများ၏ နေ့စဉ်ဘဝနှင့်ဆက်စပ်ကာ၊ အပြန်အလှန်ပြောဆိုခြင်းနှင့် မျှဝေခြင်းကို စေ့ဆော်ပေးသည်။ |
| **ခက်ဆစ်(ဝေါဟာရ)** | သင်ခန်းစာအတွင်း အသုံးပြုထားသည့် အရေးပါသောစကားလုံးအသုံးအနှုန်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အပြည့်အစုံ ပါဝင်သည်။ |

ဆရာလက်စွဲတွင် လှုပ်ရှားမှုများပိုမို ပြုလုပ်ရန်သင့်တော်သည့်နေရာ၊ ကျယ်ဝန်းသောစာသင်ခန်းများအတွက် ရွေးချယ်စရာနည်းလမ်းများအပါအဝင် သင်ခန်းစာများကိုသင်ကြားရန် လမ်းညွှန်ချက်များပါဝင်သည်။

## သင်ကြားသည့်နည်းလမ်း

ဤစာအုပ်သည် ကျောင်းသားကိုယ်တိုင်ပါဝင်သည့် ချဉ်းကပ်သင်ကြားနည်းကိုအသုံးပြုထားသည်။ ကျောင်းသားကိုယ်တိုင်ပါဝင်သည့် ချဉ်းကပ်သင်ကြားနည်းသည် သင်ယူခြင်းအတွေ့အကြုံတွင် (ဆရာအားဗဟိုမပြုဘဲ) ကျောင်းသားအားဗဟိုပြုကာ သင်ကြားသည့်နည်းလမ်းများကို မြှင့်တင်ခြင်း ဖြစ်သည်။ ဤချဉ်းကပ်သင်ကြားနည်းသည် "အဖြေမှန်" ရရှိရန်အာရုံစိုက်ခြင်းထက် အပြုအမူနှင့်သဘောထားများ ပြောင်းလဲမှုကိုဦးတည်စေသော အတွေးအခေါ်နှင့် အကြောင်းအရာများ ရှာဖွေဖော်ထုတ်ခြင်းကို အလေးထားသည်။ လေ့လာရရှိသောစွမ်းရည်အသစ်များကို ကျောင်းသား၏ နေ့စဉ်ဘဝတွင် လက်တွေ့အသုံးချခြင်းကို အားပေးသည်။ ဤနည်းဖြင့်အသိပညာနှင့် စွမ်းရည်အသစ်များ တိုးတက်လာစေရန် ပြုစုပျိုးထောင်ပေးသည်။

ဤစာအုပ်တွင်ပါဝင်သော သင်ခန်းစာများသည်ကျောင်းသားများ ဆောင်ရွက်နေကျပုံစံထက် ပို၍တက်ကြွသော အခန်းကဏ္ဍမှပါဝင်စေရန် စိန်ခေါ်မှုတစ်ခု ဖြစ်စေလိမ့်မည်။ ဤသင်ခန်းစာများသည် ကျောင်းသားများသင်ယူဖူးသည့် အခြားသင်ခန်းစာများနှင့် မည်သို့ခြားနားသည်ကိုရှင်းပြပြီး ကျောင်းသားများပိုမိုပါဝင်လာစေရန် အားပေးပါ။ သင်ခန်းစာအစတွင် သင်လိုချင်သောမျှော်လင့်ချက်များကို ရှင်းရှင်းလင်းလင်းပြောဆိုပါ။ ကျောင်းသားအားလုံးပါဝင်ခွင့်ရ၊ လေးစားခံရပြီး ရိုးသားစွာပြောဆိုရန် လုံခြုံသည်ဟုခံစားရစေမည့် ယုံကြည်ပွင့်လင်းသည့် သင်ယူမှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးကာ ထိန်းသိမ်းပါ။

အောက်ဖော်ပြပါဇယားသည် ဤသင်ရိုးအတွက် သယ်ယူမှုပန်းတိုင်များကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

| အသိ | ကျွမ်းကျင်မှု | တန်ဖိုးများ |
|---|---|---|
| ဤသင်ခန်းစာများပြီးဆုံးသော အခါအောက်ပါခေါင်းစဉ်များအပေါ် သင်၏နားလည်မှုသည်တိုးတက်လာမည်ဖြစ်သည်။<br>• ဒီမိုကရေစီအတွေးအခေါ်<br>• အမှတ်သရုပ်၏အရေးပါမှု<br>• မတူကွဲပြားမှုများစုံလင်စွာရှိနေမှု၊ အယူအဆ<br>• ပဋိပက္ခနှင့်အကြမ်းဖက်မှု ခြားနားချက်<br>• ဒီမိုကရေစနစ်အတွင်း ဆုံးဖြတ်ချက်ချခြင်း၏အခန်းကဏ္ဍ<br>• တိုက်ရိုက်နှင့်သွယ်ဝိုက်ဒီမို ကရေစီ ခြားနားချက် | ဤသင်ခန်းစာများ ပြီးဆုံးသော အခါ အောက်ပါအကြောင်းအရာများတွင်သင်၏စွမ်းရည်များတိုးတက်လာမည် ဖြစ်သည်။<br>• လက်ရှိကိုယ်ပိုင် ဗဟုသုတများကို ပြန်လည်ဆင်ခြင်ခြင်း<br>• သင်၏ ကိုယ်ပိုင်အမြင်ကိုပုံဖော်၊ ထုတ်ဖော်ပြသပြီး အကြောင်းအကျိုးရှင်းပြခြင်း<br>• အခြား ရွေးချယ်စရာ နည်းလမ်းများကို နားထောင်ကာ စဉ်းစားခြင်း<br>• အုပ်စုငယ်၊ အုပ်စုကြီးဆွေးနွေးပွဲ အသီးသီးတွင် ပါဝင်ခြင်း | ဤသင်ခန်းစာများ ပြီးဆုံးသော အခါ အောက်ပါအကြောင်းအရာများကို သင်သိရှိလာမည်ဖြစ်သည်။<br>• "ပြည်သူများမှအုပ်ချုပ်မှု" အတွေးအခေါ်<br>• "သင်ဘယ်သူလဲ" ဖြစ်ပေါ်လာစေသည့် အမှတ်သရုပ်အမျိုးမျိုး<br>• အမျိုးအစားစုံလင်မှု၏ တန်ဖိုး<br>• ခေါင်းဆောင်ကောင်း တစ်ယောက်ဖြစ်စေသည့်အရည် အသွေးများ<br>• ပါဝင်လှုပ်ရှားမှု၏ အရေးကြီးပုံ<br>• ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အားသာချက်နှင့် အားနည်းချက်များ |

| အသိ | ကျွမ်းကျင်မှု | တန်ဖိုးများ |
|---|---|---|
| • ခေါင်းဆောင် တစ်ယောက်၏ တာဝန်<br>• ရွေးကောက်ပွဲများ၏ အသုံးဝင်မှု<br>• တန်းတူညီမျှမှု၏ အရေးကြီးပုံ<br>• အခွင့်အရေး၊ တာဝန်နှင့်ဝတ္တရားဆိုင်ရာ အတွေးအခေါ်များ<br>• နိုင်ငံသားဖြစ်မှု အတွေးအခေါ်<br>• ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်ရနိုင်မှု၏ အရေးကြီးပုံ<br>• ကောလဟာလများ၏ ဖြစ်လာနိုင်သော အန္တရာယ်<br>• ဒီမိုကရေစီစနစ်တွင် လူငယ်များ၏ အခန်းကဏ္ဍ<br>• ရပ်ရွာများတွင် လူငယ်များပါဝင်လှုပ်ရှားနေသည့်နည်းလမ်းများ | • မေးခွန်းများစဉ်းစား ပုံဖော်ကာ မေးမြန်းခြင်း<br>• ဖြစ်တန်ချေနည်းလမ်း အသွယ်သွယ်ကို ရှာဖွေဖော်ထုတ်ခြင်း<br>• ဂရုတစိုက် စဉ်းစားပြီး အချက်အလက်ပေါ်အခြေခံသည့်ဆုံးဖြတ်ချက်များ ချမှတ်ခြင်း<br>• မတူညီသောအတွေး အခေါ်များကို နှိုင်းယှဉ်သုံးသပ်ခြင်း<br>• သတင်း အချက်အလက်များကို သုံးသပ်ခြင်း<br>• အတွေးအခေါ်များကို စိတ်ကူးတွေးတော ဖော်ပြခြင်း<br>• ကိုယ်ပိုင်အမြင်များကို ရေးသားဖော်ထုတ်ခြင်း | • သင်၏ "တန်ဖိုးထားမှု" နှင့် ဘာကြောင့်ဒါတွေက သင့်အတွက် အရေးပါသလဲ<br>• လူမှုအဝန်းအဝိုင်း ဖယ်ထုတ်ခြင်း၏ အန္တရာယ်များ<br>• သင့် အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရားများ<br>• လူ့အခွင့်အရေး အတွေးအခေါ်<br>• သတင်း အချက်အလက်များသုံးသပ်ခြင်း၏ အရေးကြီးပုံ<br>• သင့်ရပ်ရွာအတွင်း ပါဝင်လှုပ်ရှားရန် နည်းလမ်းများ<br>• သင်နေထိုင်လိုသည့် ရပ်ရွာလူထု အမျိုးအစား<br>• သင့်ရပ်ရွာအတွင်း သင်ပါဝင်လိုသည့် အခန်းကဏ္ဍ |

သင်ခန်းစာ (၁)

# ဒီပိုကရေစီနှင့် မိတ်ဆက်ခြင်း



Photo: The Irrawaddy

(၁) ဤပုံသည် မည်သည့်အကြောင်းအရာဖြစ်သနည်း။

(၂) ပုံကိုကြည့်သောအခါ မည်သို့ခံစားရသနည်း။

(၃) အနုပညာရှင်သည် မည်သည့်အကြောင်းအရာများကိုထုတ်ဖော်ပြရန်ကြိုးစားခြင်းဖြစ်သနည်း။

## A Show of Hands

ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ ထိန်လင်းသည်  နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်သည်ဟု သံသယရှိမှုဖြင့် ၁၉၉၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အကျဉ်းကျခဲ့သည်။ အကျဉ်းမကျခင် ကာလများတွင် ထိန်လင်းသည် ရုပ်ရှင်သရုပ်ဆောင်နှင့် သရုပ်ဖော်တင်ဆက်ပြသမှုများ ပြုလုပ်ခဲ့သည်။ ထောင်ထဲတွင်လည်း အကျဉ်းသားများနှင့်အတူ သရုပ်ဖော်အနုပညာများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ စီးကရက်၊ ဆပ်ပြာခွက်၊ အကျဉ်းသားဝတ်စုံကဲ့သို့သော ရနိုင်သမျှပစ္စည်းများကိုအသုံးပြု၍ ၎င်း၏အတွေ့အကြုံများကို အခြေခံ၍ ပန်းချီကားချပ်ပေါင်း ၃၀၀ ကျော်နှင့် အနုပညာပစ္စည်းများကို ဖန်တီးခဲ့သည်။

ထောင်မှလွတ်ပြီးနောက် ၂၀၀၆ ခုနှစ်တွင်  ထိန်လင်းသည် မြန်မာနိုင်ငံမှထွက်ခွာပြီး လန်ဒန်တွင် နေထိုင်ခဲ့သည်။နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပေါ် ပေါက်ပြီး ၂၀၁၂ ခုနှစ်တွင်ပြန်လည်ရောက်ရှိလာခဲ့သည်။

၂၀၁၃ ခုနှစ်တွင် 'A Show of Hands' အစီအစဉ်ကို စတင်လုပ်ဆောင်ခဲ့သည်။ ပလက်စတာဖြင့် ရာချီသော မြန်မာနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ လက်ပုံစံများကိုပြုလုပ်၍ တင်ဆက်ပြသခြင်း ဖြစ်သည်။ လက်တစ်ခုခြင်းစီတွင် တစ်ဦးချင်းစီ၏ သတင်းအချက်အလက်များပါရှိပြီး ဗီဒီယိုအင်တာဗျူး တချို့လည်းပါရှိသည်။ ဤနည်းဖြင့် A Show of Hands သည် တစ်ဦးချင်းစီ၏ မြန်မာ့ဒီမိုကရေစီ ခရီးရှည်လမ်းကြောင်းပေါ် တွင်  လူ့အဖွဲ့အစည်းအတွက်  ပါဝင်ခဲ့ကြသူများကိုလက်ထောင်၍  ရေတွက်နိုင်စေရန် ဖြစ်သည်။

ထိန်လင်းမှ 'A Show of Hands' သည် အတွေးအခေါ် အသိပညာကိုပြသသော အနုပညာဖြစ်ပြီး မြန်မာနိုင်ငံ၏ အပြောင်းအလဲကာလကို တွေးကြည့်နိုင်ရန် တင်ဆက်ပြသသော အနုပညာမျိုးဖြစ်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ရှိသောသူများကို မိမိပတ်ဝန်းကျင်တွင် ဖြစ်ပေါ် နေသောအရာများနှင့် ပတ်သက်၍ နားလည်အောင်ပြသမှုမရှိသည့် ခေတ်ဟောင်းပုံစံမျိုးနှင့် ကွာခြားပါသည်။

Sources:


Malinowski, Emily 'A Show of Hands for Burma's Former Political Prisoners' <https://www.irrawaddy.com/features/show-hands-burmas-former-political-prisoners.html>, accessed 17 June 2019


Albert-Knox Art Gallery, Htein Lin: A Show of Hands, <https://www.albrightknox.org/art/exhibitions/htein-lin-show-hands>, accessed 17 June 2019

သင်ခန်းစာ (၁)

# ဒီမိုကရေစီနှင့် မိတ်ဆက်ခြင်း

## ၁.၁ အဖွင့် – ဒီမိုကရေစီဆိုတာ ဘာလဲ။

ဒီမိုကရေစီလို့ တွေးမိတဲ့အခါ ဘယ်စကားလုံးတွေကို တွေးမိပါသလဲ။ အောက်ပါစိတ်ကူးမြေပုံ (mind map) ကို ဖြည့်ပါ။




## ၁.၂ ဒီမိုကရေစီ – အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခု

ဒီမိုကရေစီသည် ဂရိဘာသာစကား "ပြည်သူများ" ဟုအဓိပ္ပါယ်ရသည့် "ဒီမို" နှင့် "အုပ်ချုပ်မှု"ဟု အဓိပ္ပါယ်ရသည့် "ကရာတို"တို့မှဆင်းသက်လာသည်။ ထို့ကြောင့်ဒီမိုကရေစီဟူသည် "ပြည်သူများ၏အုပ်ချုပ်မှု"ဟု အဓိပ္ပါယ်သတ်မှတ်၍

ရပါသည်။ ဒီမိုကရေစီဟူသည် ပြည်သူများကငင်းတို့၏လူမှုဘဝအား စီမံခန့်ခွဲသည့်အနေအထားအပေါ် သက်ရောက်သောဆုံးဖြတ်ချက်များတွင် ပါဝင်နိုင်သည့်အသွင်အမျိုးမျိုးသော အစိုးရပုံစံများကိုရည်ညွှန်းသည်။

## ၁.၃ စာသင်ကျောင်းများအတွက်ပြည်သူ့နီတိသင်ခန်းစာ

ဤသင်ရိုးညွှန်းတမ်းတွင် ဒီမိုကရေစီနှင့်သက်ဆိုင်သည့် အဓိကသဘောတရား၊ အတွေးအခေါ်နှင့် အကြောင်းအရာများကို မိတ်ဆက်ပေးပါမည်။ ဤသင်ခန်းစာ၏ရည်ရွယ်ချက်သည် ဒီမိုကရေစီနိုင်ငံသားဖြစ်မှုအတွက် အရေးကြီးသော အသိ၊ စွမ်းရည်နှင့်တန်ဖိုးများ ဖွံ့ဖြိုးလာစေဖို့ကူညီရန် ဖြစ်သည်။ သင်ခန်းစာတစ်ခုစီတွင် သင်သိထားသည်များကို ပြန်လည်စဉ်းစားတွေးတောရန်နှင့် ခေါင်းစဉ်အကြောင်းစဉ်းစားရန်အားပေးသည့် "**အဖွင့်**"၊ သတင်းအချက်အလက်အသစ်များ၊ သဘောတရားနှင့် စကားလုံးအသစ်များကိုတင်ပြထားသည့် "**တင်ပြချက်**"၊ စွမ်းရည်အသစ်များကို လေ့ကျင့်နိုင်ရန် ကူညီပေးသည့် "**လေ့ကျင့်ခန်းများ**" နှင့် သင်ခန်းစာအတွင်းမှအတွေးအခေါ်၊ အယူအဆများကို သင့်ရပ်ရွာနှင့် နေ့စဉ်လူမှုဘဝတို့နှင့် ချိတ်ဆက်နိုင်ရန်ကူညီပေးသည့် "**ဆွေးနွေးခြင်း**" ဟူ၍အပိုင်းလိုက်ပါဝင်ပါသည်။

## ၁.၄ ကျွန်ုပ်သိချင်သောအရာ

**လေ့ကျင့်ခန်း** - ဒီမိုကရေစီအကြောင်း သင်ဘာသိချင်ပါသလဲ။ အောက်ပါဇယားကို ဖြည့်ပါ။

| ကျွန်ုပ် သိချင်သောအရာ |
| --- |
| |

**သင်ခန်းစာ ၁ - ဝေါဟာရ**

**ဒီမိုကရေစီ** - ပြည်သူများက ၎င်းတို့၏လူမှုဘဝအား စီမံခန့်ခွဲသည့်အနေအထားအပေါ် သက်ရောက်သောဆုံးဖြတ်ချက်များတွင် ပါဝင်နိုင်သည့်အသွင်အမျိုးမျိုးသော အစိုးရပုံစံများ။

သင်ခန်းစာ (၁)

# ဒီမိုကရေစီနှင့် မိတ်ဆက်ခြင်း

ဆရာအတွက်မှတ်စု

## အဖွင့်လေ့ကျင့်ခန်း

မိနစ် ၂၀

ကျောင်းသားများကိုအတွေ့အကြုံရစေရန်အခြေခံထားသောကစားနည်းတစ်ခုဖြင့်ဒီမိုကရေစီ၏သဘောတရားကို မိတ်ဆက်ပေးပါ။

- အောက်တွင်ဖော်ပြထားသောကစားနည်း နည်းလမ်းများကိုလေ့လာပါ။
- ရရှိနိုင်သောပစ္စည်းများ၊ နေရာနှင့် ကျောင်းသားများ၏ လိုအပ်ချက်ပေါ်မူတည်၍ ကစားနည်းတစ်ခုကို ရွေးချယ်ပါ။
- လိုအပ်သော ပစ္စည်းများကိုစုပါ။
- လိုအပ်ပါက စာသင်ခန်းကိုနေရာရစေရန် ရှင်းလင်းပါ။

**ရွေးချယ်စရာနည်းလမ်း - က (မျက်မမြင်စတုရန်း)**

ကြိုးအား အဝိုင်းဖြစ်အောင်ချည်ပါ။ ပါဝင်သူများအားမျက်စိပိတ်ထားပြီး အဝိုင်းပုံစံအနေအထားများဖြင့် ကြိုးအား အားလုံးကိုင်ထားရမည်ဖြစ်သည်။ ကြိုးအားမမြင်ရဘဲ ပါဝင်သူများသည်ကြိုးအား မလွှတ်ချဘဲစတုရန်းပုံစံ ဖော်ရမည် (အချင်းချင်း လက်မောင်းကိုင်၍ ရွေ့နိုင်သည်)။ ၎င်းတို့စတုရန်းပုံဖြစ်ပြီဟု ထင်သည့်အချိန်တွင် ကြိုးအားပြန်ချပြီး မျက်စိများဖွင့်ကာ မိမိတို့ခန့်မှန်းပြုလုပ်ခဲ့သည့်ကြိုးအား စတုရန်းပုံ ဟုတ်၊ မဟုတ် စစ်ဆေးရမည်။

**ရွေးချယ်စရာနည်းလမ်း - ခ (ကြယ်တပွင့်ပြုလုပ်ခြင်း)**

မျက်မမြင်စတုန်ရန်းနှင့် ပုံစံတူသည်။ သို့သော် ယခုလုပ်ဆောင်မှုတွင် အမှတ် ၅ မှတ်ပါသည့် ကြယ်ပုံစံပြုလုပ် ရမည်ဖြစ်သည်။ ၎င်းကြယ်ပုံစံအား စာရွက်ပေါ်တွင်ဆွဲပြီး စက်ဝိုင်း၏အလယ်တွင် ချထားပါ။ ဤကစားနည်းသည် ခက်ခဲနိုင်ပြီး တဖြည်းဖြည်းနှင့် ညွှန်ကြားမှုပေးနိုင်မည့်ခေါင်းဆောင် ထွက်ပေါ်လာဖို့လိုအပ်လိမ့်မည်။ အကယ်၍ မျက်စိ ပိတ်ထားပြီးဆောင်ရွက်ရာတွင် ခက်ခဲနေပါက မျက်စိဖွင့်ခိုင်းပြီးလည်း ဆောင်ရွက်စေနိုင်သည်။

**ရွေးချယ်စရာနည်းလမ်း - ဂ (မီးရထား သို့မဟုတ် မြွေ)**

သင်တန်းသားများအား အဖွဲ့ဝင် ၅ ဦးမှ ၇ ဦးပါသော အဖွဲ့ဖွဲ့စေပါ။ တန်းစီခိုင်းပါ၊ လက်များကို ၎င်းတို့၏အရှေ့ရှိ အဖွဲ့ဝင်ပုခုံးအား ကိုင်ထားရမည်။ အတန်းတိုင်းသည် နောက်ဆုံးလူမှလွဲပြီး အားလုံးမျက်စိမှိတ်ထားရမည်။ နောက်ဆုံး လူသည် ရှေ့လူပုခုံးအားတို့ပြီး အခန်းတွင်းသွားလာရန်လမ်းညွှန်ရမည်။ အတို့ခံရသည့်လူသည်လည်း မိမိ၏ရှေ့လူ၏ ပုခုံး ပြန်လည်ထိတွေ့အချက်ပြရမည်။ ထိုအတိုင်းအဖွဲ့၏ ရှေ့ဆုံးလူထိရောက်အောင် အချက်ပြလမ်းညွှန်ရမည် ဖြစ်သည်။ ရှေ့ဆုံးမှလူသည် ကြမ်းပြင်တွင်ရှိနေသော ပစ္စည်းများအားကောက်ပြီး အခန်းတစ်နေရာရှိ သတ်မှတ်ထား

သောပုံးတွင် သွားရောက်ထည့်ရမည်ဖြစ်သည်။ ထိုရှေ့ဆုံးမှလူသည် ပုံးထဲသို့တစ်ခါထည့်ပြီးသည်နှင့် မျက်စိဖွင့်ပြီး အနောက်သို့ပြန်လည်သွားရပ် ပုခုံးပုတ်လမ်းညွှန်ခြင်းတာဝန်ကို လွှဲယူရမည်ဖြစ်သည်။ ယခင်မျက်စိဖွင့်ပြီး လမ်းညွှန်သည့်လူသည် မိမိရှေ့ဆုံးမှလူနောက်သို့ပြန်လာရပ်လျှင် မျက်စိပိတ်ထားရပေမည်။ ထိုအတိုင်း ကြမ်းပြင်ရှိပစ္စည်းများ အားလုံး ကောက်ပြီးသည်အထိသွားပါ။ ပါဝင်သူသင်တန်းသားများအား အချက်ပြဆက်သွယ်မှုစနစ် ဖန်တီးနိုင်ရန် ဆွေးနွေးချိန်ပေးပါ။ ဆွေးနွေးပြီးနောက် ကစားသည့်အချိန်တွင် မည်သူမှစကားမပြောရတော့ပါ။ အားလုံးသည် ဆိတ်ငြိမ်စွာကစားရမည်။

ကစားနည်းကို အောက်ပါမေးခွန်းများဖြင့် အနှစ်ချုပ်ပါ။

- ဘယ်လိုအတွေ့အကြုံ ရခဲ့သလဲ။ ဤကစားနည်းကိုကစားခြင်းဖြင့် ဘယ်လိုခံစားခဲ့ရသလဲ။
- သင်အောင်မြင်ခဲ့ပါသလား။
- သင် ဘယ်လိုနည်းဗျူဟာတွေ အသုံးပြုခဲ့သလဲ။ ဘယ်နည်းလမ်းများကအောင်မြင်ခဲ့လဲ။
- နောက်တစ်ကြိမ်တွင် မည်သို့ပြောင်းလဲလုပ်ဆောင်မလဲ။
- ခေါင်းဆောင်ပေါ်ထွက်ခဲ့တာ ရှိပါသလား။ ၎င်းတို့ကအကူအညီရဖို့ ဘာတွေဆောင်ရွက်ပေးခဲ့ကြသလဲ။
- ဤကစားနည်းမှ ကျွန်ုပ်တို့အတွက် အသင်းအဖွဲ့အားကောင်းဖို့ မည်သည့်အရာတွေ သင်ပေးပါသလဲ။ ဆက်သွယ်ပြောဆိုရေး နည်းလမ်းလား။ ဦးတည်ချက်တွေချမှတ်ခြင်း အတွက်လား။
- ဤကစားနည်းမှ သင်ယူခဲ့ရသည်များကို ကျွန်ုပ်တို့ နေ့စဉ်ဘဝအတွက် ဘယ်လိုပြန်လည် အသုံးချနိုင်ပါသလဲ။

ကစားနည်းကို ဒီမိုကရေစီခေါင်းစဉ်နှင့် ဆက်စပ်၍ သင်ခန်းစာကိုမိတ်ဆက်ပါ။ အောက်ပါတို့သည် သင်ပြောဆိုနိုင်သည့် ဥပမာများဖြစ်သည်။

- ယနေ့ ကျွန်ုပ်တို့ 'ဒီမိုကရေစီ' သင်ခန်းစာအသစ်တစ်ခုကို စတင်မှာဖြစ်ပါတယ်။
- ကစားနည်းတွင် ကျွန်ုပ်တို့လေ့လာခဲ့ကြသလိုပင် အုပ်စုတစ်စုအနေဖြင့် ဦးတည်ချက်များကို ရောက်ရှိရန် အတွက် အသင်းအဖွဲ့ဖြင့် အလုပ်လုပ်ရန် သင်ယူရမည်။ တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ဆောင်ရွက်မှု၊ ယုံကြည်မှု၊ တာဝန်ခွဲဝေမှုများကိုလည်း လေ့လာရန်လိုအပ်သည်။
- ဒီမိုကရေစီသည် ကျယ်ပြန့်သောအတိုင်းအတာတစ်ခုတွင် ဆောင်ရွက်နိုင်သော ဆုံးဖြတ်ချက်ချမှတ်ခြင်း/အစိုးရစနစ်ပုံစံတစ်ခုဖြစ်သည်။ စာသင်ခန်းတစ်ခန်းအနေဖြင့်၊ ရပ်ရွာလူထုတစ်ခုအနေဖြင့်၊ နိုင်ငံတစ်ခုအနေဖြင့် ကျွန်ုပ်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါက ကျွန်ုပ်တို့အားလုံးအတွက် ဘုံတူညီသောဦးတည်ချက်များနှင့် ပိုမိုကောင်းမွန်သောရလဒ်များကိုရရှိနိုင်မည်ဖြစ်သည်။
- ဤသင်ခန်းစာသည် ဒီမိုကရေစီနှင့်ပတ်သက်သောအခြေခံအတွေးအခေါ်နှင့် စကားလုံးတချို့တို့ကိုမိတ်ဆက်ပေးမည်ဖြစ်သည်။ ဒီမိုကရေစီ၏အရေးပါသော စွမ်းရည်များဖြစ်သည့် ထိရောက်စွာဆက်သွယ် ပြောဆိုဆောင်ရွက်ခြင်း၊ အသင်းအဖွဲ့ဖြင့်ဆောင်ရွက်ခြင်းနှင့် ခေါင်းဆောင်မှုစွမ်းရည်တို့ကိုလည်း မြှင့်တင်ပေးရန် ကူညီလိမ့်မည်ဖြစ်သည်။

## ၁.၁ အဖွင့် – ဒီမိုကရေစီဆိုသည်မှာ အဘယ်နည်း။

၁၀ မိနစ်

၁။ "ဒီမိုကရေစီ" ဟု သင်ပုန်းပေါ်တွင် ရေးချလိုက်ပါ။

၂။ ဒီမိုကရေစီဟူသော စကားလုံးကိုကြားလျှင် မည်သည့်စကားလုံးများစဉ်းစားမိသလဲဟု ကျောင်းသားများကို မေးပါ။

၃။ ကျောင်းသားလက်စွဲစာအုပ်၏ စာမျက်နှာ (၇) ကိုဖွင့်စေပြီး စိတ်ကူးမြေပုံကိုဖြည့်ရန် အချိန်အနည်းငယ်ပေးပါ။

၄။ ကျောင်းသားများဖြည့်ပြီးသောအခါ မျှဝေရန်ကျောင်းသားတစ်ယောက်ကို ဖိတ်ခေါ်ပါ။ စိတ်ကူးမြေပုံ ပုံသဏ္ဍာန် ရေးဆွဲထားသောသင်ပုန်းပေါ် သို့ ကျောင်းသားများပြောသည့်အယူအဆများ၊ အတွေးအခေါ် များကို ဖြည့်စွက်ပါ။ အမျိုးမျိုးသောအတွေးအခေါ် များ ပြည့်စုံပြီဟုသင်ယူဆသည်အထိ ဆက်လက်ဖြည့်ပါ။

## ၁.၂ ဒီမိုကရေစီ – အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခု

၅ မိနစ်

၁။ အရေးပါသောဝေါဟာရများကို သင်ပုန်းပေါ် ရေးထားပြီး ဒီမိုကရေစီ၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပြောပြပါ။

၂။ ဤ ပြည်သူ့နီတိသင်ခန်းစာများ၏ရည်ရွယ်ချက်ကို အကျဉ်းချုပ်ပြောပြပါ။

## ၁.၃ ကျွန်ုပ်သိချင်သောအရာ

၁၀ မိနစ်

၁။ တစ်ဦးချင်းဖြစ်စေ၊ အတွဲလိုက်ဖြစ်စေ၊ အုပ်စုငယ်ဖွဲ့၍ဖြစ်စေ ဇယားကို ဖြည့်စွက်စေပါ။

| ကျွန်ုပ်ဘာတွေ သိချင်တာလဲ |
|---|
| ဒီမိုကရေစီအကြောင်း ကျောင်းသားများ ထပ်မံလေ့လာ သိရှိလိုသည့် မေးခွန်းများ |

၂။ သင်ပုန်းပေါ် တွင် ဇယားဆွဲလိုက်ပါ။

၃။ ကျောင်းသားများဇယားတွင် ဖြည့်စွက်ပြီးပါကအဖြေများကိုမျှဝေရန် ကျောင်းသားများကိုဖိတ်ခေါ် ပါ။

၄။ အဖြေများကို သင့်လျော်သောဇယားကွက်တွင် ဖြည့်စွက်ပါ။

၅။ ကျောင်းသားများ၏ အဖြေများအားလုံးရေးသားပြီးပါကသင်ယူမှုပန်းတိုင်ကို ပြန်လည်ဆန်းစစ်ပါ။ (စာမျက်နှာ ၂) ကျောင်းသားများ၏သင်ယူမှုပန်းတိုင်နှင့် ထပ်နေသည်များကို မှတ်သားထားပါ။

**မှတ်ချက်** ။ ဤလေ့ကျင့်ခန်း၏ရည်ရွယ်ချက်သည် ကျောင်းသားများ၏လက်ရှိနားလည်သိရှိမှုကို တိုင်းတာရာတွင် ဆရာအားကူညီရန်နှင့် ကျောင်းသားများ၏မျှော်လင့်ချက်ကိုထိန်းကျောင်းနိုင်ရန် ဖြစ်သည်။ ဤသင်ခန်းစာများသည် အတိုချုံးသာဖြစ်ပြီးကျောင်းသားများသိရှိလိုသည့် ခေါင်းစဉ်အားလုံးကို လွှမ်းခြုံနိုင်မည်မဟုတ်ပေ။ ကျောင်းသားများ၏သိလိုစိတ် အားကောင်းလာရန်နှင့် လက်တွေ့မကျသောမျှော်လင့်ချက်များကိုရှောင်ရှားနိုင်ရန်အတွက် သင်ခန်းစာ၏သင်ယူမှုပန်းတိုင်နှင့် ကျောင်းသားများ၏ပန်းတိုင်၏ တူညီချက်များကို မီးမောင်းထိုးပြရန်အရေးကြီးသည်။

သင်ခန်းစာ (၂)

# ဒီမိုကရေစီနှင့် မတူကွဲပြားမှုများ စုံလင်စွာရှိနေမှု



(၁) သင်ဘာမြင်သလဲ

ဤကာတွန်းသည် ၁၉၈၈ ခုနှစ်တွင် အမည်မသိ ဂျာမန်အနုပညာရှင်တစ်ဦးမှ ဖန်တီးခဲ့ပြီး ၁၉၁၅ ခုနှစ်တွင် ဗြိတိသျှကာတွန်းပညာရှင် ဝီလီယံအီလီဟေးလ်မှ ပြန်လည်ရေးဆွဲခဲ့သည်။ ပုံကိုကြည့်သူ အသီးသီးအတွက် မတူတဲ့အမြင်ကို ထွက်ပေါ်စေသည်။ တစ်ချို့ကမြင်မြင်ချင်း အမျိုးသမီးငယ်ပုံကို မြင်ကြပြီး တစ်ချို့ကအဖွားအိုတစ်ယောက်ကို မြင်ကြသည်။

လူတိုင်းသည် ၎င်းတို့၏ ကမ္ဘာကြီးအပေါ်ရှုမြင်ပုံမှာ မတူကွဲပြားကြသည်။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသည်များကို ကျွန်ုပ်တို့၏ အမြင်၊ နားလည်မှုများသည် ကျွန်ုပ်တို့၏ ယဉ်ကျေးမှု၊ အတွေ့အကြုံနှင့် သမိုင်းအစဉ်အလာတို့အပေါ်မူတည်နေပြီး ကျွန်ုပ်တို့၏ ယုံကြည်မှု၊ တန်ဖိုးထားမှု၊ ပုံသေကားကျစဉ်းစားမှုနှင့် ဘက်ယိမ်းမှုအပေါ်လည်း သက်ရောက်မှုရှိသည်။ ဒီမိုကရေစီတွင် မတူကွဲပြားသောအမြင်များကို လေးစားကြသည်။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းသည် မတူညီသောအမြင်များကို သင်ယူလေ့လာမှုနှင့် တီထွင်ကြံဆနိုင်မှုတို့အတွက် အရင်းအမြစ်တစ်ခုအနေဖြင့် ရှုမြင်ကြသည်။

Source:

The Illusions Index <https://www.illusionsindex.org/i/young-woman-or-old-woman>, accessed on 17 June 2019

သင်ခန်းစာ (၂)

# ဒီမိုကရေစီနှင့် မတူကွဲပြားမှုများ စုံလင်စွာရှိနေမှု

## ၂.၁ အဖွင့် – @#$%^&

အောက်ပါ သင်္ကေတများသည် မည်သည့်အရာကို ကိုယ်စားပြုသနည်း။

A.



B.



C.



သင်္ကေတရုပ်ပုံ (icon) သည် ကျွန်ုပ်တို့နေ့စဉ်လူမှုဘဝတွင် အလွန်အရေးကြီးသော မြင်ရသည့်သင်္ကေတများ ဖြစ်သည်။ ကျွန်ုပ်တို့အားလုံး သင်္ကေတများနှင့် ရင်းနှီးနေပြီးသားဖြစ်သည်။ သို့သော် သင့်ကိုယ်သင် သင်္ကေတတစ်ခု ဖြင့် နှိုင်းယှဉ်စဉ်းစားကြည့်ဖူးပါသလား။


**လေ့ကျင့်ခန်း** - အောက်ပါကွက်လပ်တွင် သင့်ကိုကိုယ်စားပြုသည့် သင်္ကေတတစ်ခုကို ဖန်တီးပါ။

## ၂.၂ ပြည်သူများမှ အုပ်ချုပ်မှု

ဒီမိုကရေစီသည် လူအများကငြင်းတို့နေထိုင်လိုသည့် လူ့အသိုက်အဝန်းကိုဆုံးဖြတ်နိုင်သော အစိုးရစနစ်တရပ်ဖြစ်သည်။ ဒီမိုကရေစီသည် ဂရိဘာသာစကား "ပြည်သူများ" ဟုဆိုလိုသည့် "ဒီမို" နှင့် "အုပ်ချုပ်မှု"ဟုအဓိပ္ပါယ်ရသည့် "ကရာတို"တို့မှဆင်းသက်လာသည်။ ထို့ကြောင့် ဒီမိုကရေစီဟူသည် "ပြည်သူများ၏အုပ်ချုပ်မှု"ဟု အဓိပ္ပါယ်သတ်မှတ်၍ ရပါသည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူများကငြင်းတို့၏လူမှုဘဝအား စီမံခန့်ခွဲသည့်အနေအထားအပေါ် သက်ရောက်သောဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ကြသည်။ ဒီမိုကရေစီစနစ်တွင် အခြားသူများထက် အခွင့်အရေးပိုမိုရရှိသော ဘုရင်များမရှိသလို ဘာသာရေးခေါင်းဆောင်များမရှိပါ။ ဒီမိုကရေစီစနစ်တွင် မိမိတို့လူ့အသိုက်အဝန်းကို မည်သို့စီမံအုပ်ချုပ်သင့်သည်ကို ဆုံးဖြတ်ရာတွင် လူတိုင်းကိုပါဝင်ခွင့်ပေးသည်။ လူတိုင်းတွင် "သင်"လည်းပါဝင်ပါသည်။ ဒီမိုကရေစီစနစ်တွင် လူငယ်များ၏အမြင်များ၊ အယူအဆများနှင့်သဘောထားများအား တန်ဖိုးထားလေးစားသည်။ မိမိတို့လူ့အသိုက်အဝန်းအပေါ် သက်ရောက်သောဆုံးဖြတ်ချက်များတွင် လူအများပါဝင်လာလျှင် မိမိတို့**တန်ဖိုးထားမှုများ**ပြည့်ဝသည့် ငြိမ်းချမ်းသာယာသောလူ့အသိုက်အဝန်းတွင် နေထိုင်နိုင်လာမည်ဟု ဒီမိုကရေစီကိုထောက်ခံသူများက ယုံကြည်ကြသည်။

## ၂.၃ ငါဘယ်သူလဲ။

လူတစ်ယောက်ချင်းစီတွင် မိမိဘယ်သူလဲဟု ဖြစ်ပေါ်လာစေသည့် **အမှတ်သရုပ်များစွာ** (Identities) ရှိပါသည်။ အချို့အမှတ်သရုပ်များသည် ကျွန်ုပ်တို့အသားအရောင်နှင့်အသက်အရွယ်ကဲ့သို့သိသာပါသည်။ အချို့ကတော့မမြင်သာပေ။ ဥပမာ ဘာသာရေးယုံကြည်မှု၊ သို့မဟုတ် မောင်နှမထဲတွင် အကြီးဆုံး၊ အငယ်ဆုံး ဖြစ်နေခြင်းမျိုး။ ကျွန်ုပ်တို့၏ အရေးကြီးဆုံးသော အမှတ်သရုပ်များသည် ကျွန်ုပ်တို့အတွက် အရေးကြီးဆုံးဖြစ်သောဆက်ဆံရေးများကို ရောင်ပြန်ဟပ်နေပါသည်။



**လေ့ကျင့်ခန်း** - တစ်ဖက်ပါပန်းပွင့်တွင် သင့်အတွက်အရေးအကြီးဆုံးသော အမှတ်သရုပ်ကိုအလယ်ဗဟိုတွင် ဖြည့်စွက်ပါ။ သင့်အတွက်အရေးပါသော အခြားအမှတ်သရုပ်များကို ပန်းပွင့်ချပ်များတွင်ရေးပါ။ မြင်ရသောအမှတ်သရုပ်များနှင့် မမြင်ရသော အမှတ်သရုပ်များပါဝင်ပါစေ။[1]

အခြားတွဲဖက်ကျောင်းသားတစ်ယောက်ရှာပါ။ ပန်းပွင့်ချင်းနှိုင်းယှဉ်သုံးသပ်ကြည့်ပါ။

- သင့်အမှတ်သရုပ် ဘယ်နှစ်ခုက မြင်သာနိုင်တာလဲ။ ဘယ်နှစ်ခုက မမြင်သာနိုင်တာလဲ။
- မည်သည့်အမှတ်သရုပ်ကို သင့်ပန်းပွင့်ပေါ်တွင်ပါဝင်သင့်သလဲဆိုတာကို သင်မည်သို့ဆုံးဖြတ်ပါသလဲ။

## ၂.၄ ဒီမိုကရေစီနှင့် မတူကွဲပြားမှုများ စုံလင်စွာရှိနေမှု

ကျွန်ုပ်တို့တစ်ဦးချင်းစီသည် တမူထူးခြားသည့်အတွေ့အကြုံများကြောင့် ဖြစ်ပေါ်လာသော အမှတ်သရုပ်များစွာ ဖြင့်ဖွဲ့စည်းထားပါသည်။ ကျွန်ုပ်တို့တွင်မတူညီသောယုံကြည်မှုများ၊ တန်ဖိုးထားမှုများနှင့် ဦးစားပေးမှုများရှိကြပါသည်။ ဒီမိုကရေစီစနစ်တွင် ထိုမတူညီမှုများအား လေးစားပြီးတန်ဖိုးထားသည်။ မတူညီမှုများကိုခြိမ်းခြောက်မှုအဖြစ် ရှုမြင်ခြင်း အစား မတူညီမှုများသည်သင်ယူမှုများနှင့် ဆန်းသစ်တီထွင်ဖန်တီးမှုများကို မြှင့်တင်ပေးသည့် စိတ်ကူးဉာဏ်များ၏ အရင်းအမြစ်အဖြစ် ဒီမိုကရေစီလူ့အဖွဲ့အစည်းကရှုမြင်ပါသည်။ ဒီမိုကရေစီသည် အုပ်စုတစ်ခုအတွင်းရှိ ကွဲပြားခြားနား သော အကျိုးစီးပွားများ၊ အယူအဆများနှင့်အမြင်များကိုဖြေရှင်းရန် နည်းလမ်းတစ်ခုပေးအပ်သော အစိုးရစနစ်တစ်ရပ် ဖြစ်သည်။ ဤနည်းဖြင့် မတူကွဲပြားမှုများစုံလင်စွာရှိနေမှုကို အလေးထားလေးစားလျက် အကြမ်းဖက်မှုများကို ရှောင်လွှဲနိုင်သည်။

### သင်ခန်းစာ ၂ - ဝေါဟာရ

**မတူကွဲပြားမှုများစုံလင်စွာရှိနေမှု** - အမျိုးမျိုးကွဲပြားနေသော သို့မဟုတ် မတူညီမှုများတည်ရှိနေကြသော အခြေအနေတစ်ရပ်။

**အမှတ်သရုပ်** (Identity) - လူတစ်ယောက် ဘယ်လိုလူဖြစ်သလဲ၊ လူတစ်ယောက် သို့မဟုတ် အုပ်စုတစ်ခု၏ ၎င်းတို့ကို အခြားသူများနှင့် ကွဲပြားခြားနားလျက် ဖြစ်ပေါ်စေသောအရည်အသွေးများ။

**ဆန်းသစ်တီထွင်မှု** - အပေါင်းလက္ခဏာဆောင်သည့် ဖွံ့ဖြိုးမှုကိုအားပေးမြှင့်တင်သော စိတ်ကူးဖန်တီးထားသည့် အတွေးသစ်၊ အယူအဆသစ်များ။

**ဦးစားပေးမှု** - အခြားအရာများထက် ပိုမိုအရေးကြီးသည်ဟု သဘောထားခံရသည့် အကြောင်းအရာကိစ္စတစ်ခု။

**အခွင့်အရေး** - ကျွန်ုပ်တို့ရပိုင်ခွင့်ရှိသော တစ်စုံတစ်ခု။

**တန်ဖိုးများ** - အမှန်အမှားဆုံးဖြတ်နိုင်ရန်နှင့် အခြေအနေအမျိုးမျိုးတွင် မည်သို့တုံ့ပြန်ဆောင်ရွက်သင့်သည်အား သင့်ကိုကူညီပေးသော အခြေခံမှု။

သင်ခန်းစာ (၂)

# ဒီမိုကရေစီနှင့် မတူကွဲပြားမှုများ စုံလင်စွာရှိနေမှု


ဆရာအတွက်မှတ်စု

## ၂.၁ အဖွင့် – @#$%^&

၁၅ မိနစ်

၁။ သင်္ကေတသုံးခုသည် မည်သည်ကိုကိုယ်စားပြုသလဲမေးပါ။ ထို့နောက်၎င်းတို့၏အယူအဆများကို မျှဝေရန် ကျောင်းသားတချို့ကို ဖိတ်ခေါ်ပါ။

၂။ သင်္ကေတရုပ်ပုံ (icon) များသည် ကျွန်ုပ်တို့နေ့စဉ်လူမှုဘဝတွင် အလွန်အရေးကြီးသော မြင်ရသည့်သင်္ကေတများ ဖြစ်ကြောင်းရှင်းပြပါ။ ကျောင်းသားများအား ကိုယ့်ကိုယ်ကိုယ် ကိုယ်စားပြုသော သင်္ကေတတစ်ခုဖန်တီးရန် အချိန်ငါးမိနစ်ရရှိမည်ဖြစ်ကြောင်းပြောပါ။ အခြားနည်းလမ်း - သင့်ကိုယ်သင်ကိုယ်စားပြုသော သင်္ကေတတစ်ခု ကြိုတင်ပြင်ဆင်ထားပြီး ကျောင်းသားများကို ပြသပါ။ ဤနည်းဖြင့် လေ့ကျင့်ခန်းကိုလွယ်ကူရှင်းလင်းစေပြီး စိတ်ကူးဖန်တီးမှုကို အားကောင်းစေမည်ဖြစ်သည်။



**ဥပမာ** - ဆရာ့ရဲ့သင်္ကေတကတော့ အရောင်စုံတဲ့အသီးတွေအပြည့်နဲ့ သစ်ပင်တစ်ပင် ဖြစ်ပါတယ်။ သစ်ပင်လိုပဲဆရာက သန်မာတယ်။ ဆရာကမောင်နမတွေထဲမှာအကြီးဆုံးဖြစ်ပြီး ညီတွေ၊ ညီမတွေကို အကောင်းဆုံးကြိုးစားပြီး ထောက်ပံ့ပေးတယ်။ အခုလောလောဆယ်တော့ သစ်ပင်ငယ်ငယ်လေးတစ်ပင်ပေါ့။ ဒါပေမယ့် ဆက်ပြီးတော့ကြီးထွားလာနေတယ်။ အနာဂတ်မှာဆိုရင် ဆရာ့ရဲ့အကိုင်းအခက်တွေက ကျယ်ပြန့်လာပြီးအရွက်တွေဝေစည်လာမယ်။ ကိုယ့်ရပ်ရွာတစ်ခုလုံးကို အရိပ်အာဝါသပေးစွမ်းပြီးအေးချမ်းအောင် လုပ်ပေးနိုင်လိမ့်မယ်။ အမြစ်တွေကလည်း နက်နက်ရှိုင်းရှိုင်း တွယ်လာလိမ့်မယ်။ ကိုယ်နေထိုင်ခဲ့တဲ့ ဇာတိမြေကိုလည်းဂုဏ်ယူတယ်။

၃။ ငါးမိနစ်ခန့် ကြာသောအခါ အတွဲလိုက်ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ကျောင်းသားများ၏သင်္ကေတများကို ပြသပါစေ။ အတန်းသားအားလုံးနှင့် မျှဝေရန်ကျောင်းသားတစ်ချို့ကို ဖိတ်ခေါ်ပါ။

## ၂.၂ ပြည်သူများမှ အုပ်ချုပ်မှု

၅ မိနစ်

၁။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။ ကျောင်းသားများကိုဖတ်ခိုင်းစေခြင်း၊ အုပ်စုလိုက် အသံထွက်ဖတ်စေခြင်းလည်း ပြုလုပ်နိုင်သည်။

၂။ အရေးပါသော စကားလုံးအသုံးအနှုန်းများကို သင်ပုန်းပေါ်တွင် ရေးပါ။

## ၂.၃ ငါဘယ်သူလဲ

မိနစ် ၂၀

၁။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။

၂။ "ငါဘယ်သူလဲ" ဆိုသည့်မေးခွန်းအား ကျောင်းသားများကိုစဉ်းစားခိုင်းပါ။

၃။ ကျောင်းသားများအား ၎င်းတို့၏အမှတ်သရုပ်ပန်းပွင့်များ ဖြည့်စွက်ပြီးစီးရန် အချိန်ခဏစောင့်ပါ။ အရေးအကြီးဆုံးသောအမှတ်သရုပ်ကို ပန်းပွင့်အလယ်တည့်တည့်တွင်ရေးစေပြီး အခြားအရေးကြီးသော အမှတ်သရုပ်များကို ပွင့်ဖတ်များတွင်ရေးစေပါ။ အခြားနည်းလမ်း - လေ့ကျင့်ခန်းကို ပိုပြီးလွယ်ကူရှင်းလင်းရန် သင်၏ကိုယ်ပိုင်အမှတ်သရုပ်ပန်းပွင့်တစ်ခု ကြိုတင်ပြင်ဆင်ထားပြီးကျောင်းသားများကို ပြသနိုင်သည်။

၄။ အချိန်ခဏကြာသောအခါ ကျောင်းသားများကိုအတွဲလိုက်ဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေပန်းပွင့်များကို အပြန်အလှန်လဲလှယ်စေပါ။ တူညီချက်များ၊ ခြားနားချက်များကိုသတိထားကြည့်ရှု့စေပြီး အပြန်အလှန်မေးခွန်းများ မေးရန် တိုက်တွန်းပါ။

၅။ ကျောင်းသားများအား ပြန်လည်စုစည်းစေပြီး လေ့ကျင့်ခန်းအကျဉ်းချုပ်ပေးပါ။

- *ပန်းပွင့်ထဲသို့ မည်သည့်အမှတ်သရုပ်ထည့်သွင်းမည်ကို ဆုံးဖြတ်ရလွယ်ကူပါသလား။ ဘာဖြစ်လို့ခက်ခဲတာပါလဲ။*
- *မည်သည့်အမှတ်သရုပ်ကို ထည့်သွင်းမည်၊ မထည့်သွင်းမည်ကို သင်မည်သို့ဆုံးဖြတ်ပါသလဲ။*
- *ကျွန်ုပ်တို့ရဲ့အမှတ်သရုပ်တွေက အမြဲတန်းပြောင်းလဲနေပါသလား။ ဘယ်အချိန်မှာ ဘာကြောင့်ပြောင်းလဲတယ်လို့ သင်ထင်ပါသလဲ။*

## ၂.၄ ဒီမိုကရေစီနှင့် မတူကွဲပြားမှုများ စုံလင်စွာရှိနေမှု

၅ မိနစ်


၁။ စာပိုဒ်ကိုအကျဉ်းချုပ်ရှင်းပြပြီး သင်ခန်းစာကိုအဆုံးသတ်ပါ။

၂။ အောက်ပါ အဓိကအချက်များကို မီးမောင်းထိုးပြပါ။

- ဒီမိုကရေစီသည် ပြည်သူများက အုပ်ချုပ်ခြင်းကိုဆိုလိုသည်။
- "ပြည်သူများ" ဆိုသည်မှာ လူ့အသိုက်အဝန်းအတွင်းရှိ အဖွဲ့ဝင်များအားလုံးကိုဆိုလိုသည်။
- ကျွန်ုပ်တို့လူ့အသိုက်အဝန်းသည် မတူညီသောတန်ဖိုးထားမှုများ၊ ဦးစားပေးမှုများရှိသော အမျိုးအစားစုံလင်သည့် လူများဖြင့်ဖွဲ့စည်းထားခြင်း ဖြစ်သည်။
- အဆိုပါမတူညီမှုများကို ကိုင်တွယ်ရခြင်းသည် စိန်ခေါ်မှုများစွာရှိနိုင်ပါသည်။
- ဒီမိုကရေစီသည် မတူကွဲပြားမှုများစုံလင်စွာရှိနေမှုကိုအလေးထားလေးစားလျက် အကြမ်းဖက်မှုများကိုရှောင်လွှဲနိုင်သည့်နည်းလမ်းများဖြင့် အဆိုပါကွဲပြားခြားနားမှုများကို ကိုင်တွယ်ဖြေရှင်းသည့်အစိုးရစနစ်တရပ်ဖြစ်သည်။
- မတူကွဲပြားမှုများ စုံလင်စွာရှိနေမှုသည် ဒီမိုကရေစီစနစ်၏ တန်ဖိုးထားမှုတစ်ခုဖြစ်သည်။

သင်ခန်းစာ (၃)

# ဒီမိုကရေစီနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း



"ဒီမိုကရေစီသည် ဝံပုလွေနှစ်ကောင်နှင့် သိုးတစ်ကောင်တို့ ညစာဘာစားသင့်ကြောင်း မဲပေးကြခြင်းမျိုးထက် ပိုရမည်"

**စာရေးဆရာဂျိမ်းစ် ဘိုဗတ်ဒ်**

(၁) ဤအဆိုအမိန့်ကို သင်မည်သို့ နားလည်ပါသလဲ။

(၂) ပြောဆိုခဲ့သူမှ မည်သည့်သတင်းစကားကို ပေးလိုခြင်းဖြစ်သနည်း။

ဒီမိုကရေစီသည် ပြည်သူများက ၎င်းတို့၏လူမှုဘဝအား စီမံခန့်ခွဲသည့် အနေအထားအပေါ် သက်ရောက်သော ဆုံးဖြတ်ချက်များတွင်ပါဝင်နိုင်သည့် အစိုးရပုံစံတစ်မျိုးဖြစ်သည်။ သို့သော်လည်း တရားမျှတမှုရှိသော ဒီမိုကရေစီဖြစ်စေရန် လူများစုနှင့် ဩဇာအာဏာရှိသော အုပ်စုများထံမှ လူနည်းစု၏ အခွင့်အရေးကို ကာကွယ်ပေးရမည်ဖြစ်သည်။ လူများစုကို ဩဇာအာဏာရှိသောလူနည်းစုမှ အုပ်ချုပ်ခြင်း သည်လည်း တရားမျှတမှုမရှိပေ။ ဒီမိုကရေစီတွင် လူနည်းစု (သို့) ကို ကာကွယ်ရန် လူများစု၏အုပ်စိုးမှု (ဝံပုလွေ) ကို ကန့်သတ်ထားသည်။

သင်ခန်းစာ (၃)

# ဒီမိုကရေစီနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

## ၃.၁ အဖွင့် – စိတ်ကူးပုံဖော်ပါ...

ဤနေရာမှ ၃ နာရီကြာ ကားဖြင့်သွားရသောနေရာတွင် ရွာကလေးတစ်ရွာရှိသည်။ ရွာကလေးသည် အစွန်အဖျား ကျ၍ ရွာပတ်လည်ရှိလမ်းများသည်လည်း အလွန်ဆိုးရွားသည်။ မော်တော်ကားများ ဝင်၍မရသောကြောင့် ရွာသားများမှာ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်များကိုသာ အသုံးပြုကြရသည်။ လျှပ်စစ်မီးနှင့် ဆက်သွယ်ရေး စနစ်များလည်း ပုံမှန်မရရှိပါ။ ၎င်းရွာသည် လျှပ်စစ်မီးကိုတစ်ရက်လျှင် ၄ နာရီသာရရှိသည်။ မိုဘိုင်းဖုန်းလိုင်းများနှင့် အင်တာနက်များလည်း မရရှိပါ။ ရေပေးဝေမှုစနစ်လည်း ပုံမှန်မရရှိပါ။ လူတစ်ဦးချင်းသုံးစွဲရန်သာ လုံလောက်သည့်ရေကို ရရှိကြပြီး မိသားစုအများစုအနေဖြင့် ၎င်းတို့၏ လယ်ယာများအတွက် အသုံးပြုဖို့ရေကို ခက်ခက်ခဲခဲရှာဖွေ စုဆောင်း ကြရသည်။ ရွာထဲတွင် မူလတန်းကျောင်းတစ်ကျောင်းရှိသည်။ ကျောင်းသားကြီးများအနေဖြင့် အနီးဆုံး အထက်တန်း



ကျောင်းသို့ရောက်ရှိရန် ၂ နာရီခန့် လမ်းလျှောက်သွားကြရသည်။ ရွာတွင် ဆေးခန်းတစ်ခုရှိသော်လည်း အခြေခံကျန်းမာရေး ကုသမှုလောက်သာ ဆောင်ရွက်ပေးနိုင်သည်။ အနီးဆုံး ဆေးရုံမှာ ၅ နာရီခန့်ကားမောင်းရသော အကွာအဝေးတွင်သာရှိသည်။ ရွာထဲရှိ မိသားစုအများစုမှာ ဘာသာရေးကိုင်းရှိုင်းကြသည်။ သက်တမ်းရင့်လှပြီဖြစ်သော ဘုရားကျောင်းသည် လူအများစုဝေးနိုင်သော နေရာတစ်ခုဖြစ်သည်။ ၎င်းဘုရားကျောင်းမှလွဲ၍ ကလေးငယ်များအတွက် စုဝေးရန်၊ ဆော့ကစားရန် အများပိုင်နေရာမရှိပါ။

**လေ့ကျင့်ခန်း** - ကျေးရွာများအတွက်လိုအပ်သော အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ထောက်ပံ့ငွေများ ချထားပေးမည်ဟု အစိုးရကကြေငြာလိုက်သည်။ သင့်ကျေးရွာက အဆိုပါ အစိုးရထောက်ပံ့ငွေရရှိသည်။ ရရှိသည့်ငွေကြေးကို မည်သို့အသုံးပြုသင့်သည်ကိုဆွေးနွေးရန် ရွာသားအားလုံးအစည်းအဝေးတစ်ခု ပြုလုပ်ကြသည်။

သင့်ကျေးရွာအတွက် လိုအပ်သောလုပ်ငန်းတစ်ခုသာလုပ်ကိုင်နိုင်ရန် လုံလောက်သောငွေကြေးကို ရရှိသည်။ သင့်ရွာကတည်ဆောက်နိုင်မည့် လိုအပ်သောအခြေခံအဆောက်အဦစာရင်းကို စစ်ဆေးကြည့်ပါ။ ဦးစားပေးသင့်သည်ဟု သင်ယူဆသည့်လုပ်ငန်းသုံးခုကို ရွေးချယ်ပါ။ သင့်ရွေးချယ်ထားသည်များကို ရှင်းပြရန်ကြိုတင်ပြင်ဆင်ထားပါ။

| | |
|---|---|
| **ဆေးရုံ** | ယခုလက်ရှိအခြေအနေတွင် အခြေခံကျန်းမာရေး ကုသမှုကိုသာပေးနိုင်သော ကျေးရွာဆေးခန်းကို အဆင့်မြှင့်တင်ရန် ငွေများကိုအသုံးပြုပါ။ |
| **ပညာရေး** | ယခုလက်ရှိအခြေအနေတွင် မူလတန်းသာသင်ကြားနိုင်သော ကျေးရွာစာသင်ကျောင်းကို တိုးချဲ့ရန် ငွေများကို အသုံးပြုပါ။ |
| **လမ်းများ** | ကျေးရွာသည် လတ်တလောတွင်မော်တော်ဆိုင်ကယ်ဖြင့်သာ ခရီးသွားလာ၍ရသည်။ မော်တော်ကားများသွားလာနိုင်ရန် ကျေးရွာလမ်းကိုချဲ့ထွင်ရန် ငွေများကိုအသုံးပြုပါ။ |
| **ဆက်သွယ်ရေး** | ကျေးရွာရှိဖုန်းလိုင်းများသည် အလွန်ညံ့ဖျင်းသည်။ ဖုန်းလိုင်းနှင့် အင်တာနက်ချိတ်ဆက်နိုင်ရန် ဖုန်းတာဝါတိုင်တစ်ခု တည်ဆောက်ရန် ငွေများကိုအသုံးပြုပါ။ |
| **အပန်းဖြေ** | လက်ရှိကျေးရွာအတွင်းတွင် လူအများစုဝေးရန်နှင့် ကလေးများကစားရန် နေရာမရှိပေ။ အများပြည်သူအတွက် ပန်းခြံနှင့်ဘောလုံးကွင်း တစ်ကွင်းတည်ဆောက်ရန် ငွေများကို အသုံးပြုပါ။ |
| **လျှပ်စစ်မီး** | လောလောဆယ်ကျေးရွာသည် လျှပ်စစ်မီးတစ်ရက်လျှင် လေးနာရီသာရရှိသည်။ တစ်ရက်လျှင် လျှပ်စစ်မီး ၁၂ နာရီရရှိလာစေရန် ငွေများကိုအသုံးပြုပါ။ |
| **ဘာသာရေး** | ရွာသူရွာသား မိသားစုတော်တော်များများသည် ဘာသာရေးကိုင်းရှိုင်းကြသည်။ ကျေးရွာအတွင်းရှိ ဝတ်ပြုဆုတောင်းရာနေရာကို ပြန်လည်ပြုပြင်ရန် ငွေများကိုအသုံးပြုပါ။ |
| **ရေ** | ရွာသူရွာသား မိသားစုအများစုသည် လယ်သမားများ ဖြစ်ကြသည်။ ခြောက်သွေ့သော ရာသီတွင် ရေကောင်းကောင်းရရှိနိုင်ရန် ရေတွင်းအသစ်တစ်တွင်းတူးရန် ငွေများကိုအသုံးပြုပါ။ |

## ၃.၂ ဒီမိုကရေစီနည်းကျဆုံးဖြတ်ချက်ချမှတ်ခြင်း

ရပ်ရွာလူထုအားလုံးသည်တူညီသောအခြေခံမေးခွန်းများကိုရင်ဆိုင်ကြရသည်။

- ဆုံးဖြတ်ချက်မည်သို့ ချမှတ်သင့်သလဲ။
- မည်သည့်စည်းကမ်းများကို လိုက်နာသင့်သလဲ။
- မည်သည့်အရာက ကျွန်ုပ်တို့၏ပန်းတိုင် ဖြစ်သင့်သလဲ။
- အလုပ်နှင့်အရင်းအမြစ်များကို မည်သို့ခွဲဝေသင့်သလဲ။

ဤမေးခွန်းများကို မိသားစုအတွင်း၊ စာသင်ကျောင်းအတွင်း၊ ရပ်ရွာအတွင်းနှင့် အခြားနေရာတိုင်းတွင် မေးကြ၊ ဖြေကြသည်။ အခြေခံအားဖြင့် မည်သည့်နေရာတွင်မဆို လူအုပ်စုတစ်စုအတွက် ဆုံးဖြတ်ချက်များချမှတ်ရန် လိုအပ်သည်။

အုပ်စုလိုက်ချမှတ်ရသော ဆုံးဖြတ်ချက်များတွင် တူညီချက်တစ်ခုရှိသည်။ ၎င်းမှာလူအများက သဘောမတူတတ်ကြခြင်းပင်ဖြစ်သည်။ သင်ခန်းစာ ၂ - ဒီမိုကရေစီနှင့်မတူကွဲပြားမှုများ စုံလင်စွာရှိနေမှုတွင် လေ့လာခဲ့သည့်အတိုင်း လူများတွင် မတူညီသောတန်ဖိုးထားမှုများ၊ အမြင်များနှင့် ဦးစားပေးမှုများရှိကြသည်။ လူများတွင်ကွဲပြားခြားနားသော လိုအပ်ချက်နှင့် အတွေးအခေါ်များရှိသောကြောင့် အုပ်စုလိုက်ဆုံးဖြတ်ချက်များချမှတ်ရာတွင် **ပဋိပက္ခများ** ရှိတတ်ကြပါသည်။

အုပ်စုလိုက်ဆုံးဖြတ်ချက်တိုင်းတွင် ဆုံးရှုံးသူနှင့် အောင်နိုင်သူများပါဝင်သည်။ ရပ်ရွာလူထုတစ်ခုက အရင်းအမြစ်များ၊ အခွင့်အလန်းများကို မျှဝေသုံးစွဲကြရန်ဆုံးဖြတ်ချက်ချမှတ်သောအခါ အချို့အုပ်စုများက အခြားအုပ်စုများထက် ပိုပြီးအကျိုးကျေးဇူး ရရှိကြသည်။ ဥပမာအားဖြင့် နာမကျန်းသည့်လူများနှင့် ပညာမတတ်သည့်လူများစွာရှိသည့် ရပ်ရွာတစ်ခုရှိသည်ဆိုပါစို့။ ကျောင်းတစ်ကျောင်းဆောက်လုပ်သောအခါ ပညာမတတ်သောလူများက အကျိုးကျေးဇူးရရှိပြီး နာမကျန်းသည့်လူအများအတွက် အကျိုးရှိမည်မဟုတ်ပေ။ ဆေးခန်းတစ်ခန်းဆောက်လုပ်မည်ဆိုပါက နာမကျန်းသူများအတွက် အကျိုးကျေးဇူးရရှိမည်ဖြစ်ပြီး ပညာမတတ်သည့်လူများကတော့ ရရှိမည်မဟုတ်ပေ။

ဒီမိုကရေစီသည် ဆုံးဖြတ်ချက်ချမှတ်ရသည့်စနစ်တစ်ခု ဖြစ်သည်။ အုပ်စုတစ်စုအတွင်းရှိမတူညီသောအကျိုးစီးပွားများ၊ အယူအဆများ၊ အမြင်များကို အင်အားမသုံးဘဲ၊ **အကြမ်းမဖက်ဘဲ** ဖြေရှင်းသည့်နည်းလမ်းတစ်ခုပင် ဖြစ်သည်။ ဤအချက်ကိုပံ့ပိုးပေးသည့် ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အရေးကြီးသည့်လက္ခဏာနှစ်ရပ်ရှိသည်။

(၁) အားလုံးသည်မိမိတို့အမြင်ကို ထုတ်ဖော်ပြောဆိုရန်တူညီသော အခွင့်အရေးရှိကြသည်။ ဩဇာကြီးမားသော လူများနည်းတူ ဩဇာမကြီးသောသာမာန်လူများသည်လည်း ပါဝင်ပြောဆိုနိုင်ကြသည်။

(၂) အားလုံးသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင်ပါဝင်ရန် တူညီသောအခွင့်အရေးရှိကြသည်။ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်တစ်ခုတွင် ဆုံးဖြတ်ချက်၏သက်ရောက်မှုကိုခံကြရမည့်လူများ ပါဝင်ပါသည်။

## ၃.၃ ဒီမိုကရေစီနည်းကျဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အားနည်းချက်နှင့် အားသာချက်များ

ဒီမိုကရေစီသည် ကမ္ဘာပေါ်တွင်လူကြိုက်အများဆုံး အစိုးရပုံစံတစ်ရပ် ဖြစ်သည်။ ဒီမိုကရေစီတိုင်းပြည်များသည် ဒီမိုကရေစီမဟုတ်သော တိုင်းပြည်များထက် အများအားဖြင့်ပို၍ချမ်းသာကြသည်။[2] စစ်ဖြစ်ရန်အလားအလာ ပိုနည်းပါးသည်။ ပြည်သူလူထုအပေါ်သက်ရောက်သော ဆုံးဖြတ်ချက်များတွင် ပြည်သူလူထုကိုယ်တိုင် ပါဝင်ကြသည်။ သို့သော်

လည်း ဒီမိုကရေစီသည် ပြီးပြည့်စုံသည့်စနစ်တရပ်တော့မဟုတ်ပေ။ အောက်ပါ**ဇာတ်ညွှန်း**လေးခုသည် ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အားနည်းချက်နှင့်အားသာချက်တစ်ချို့ကို မီးမောင်းထိုးပြထားသည်။ ဖြစ်ရပ်များကိုအသံမထွက်ဘဲဖတ်ပါ။ အောက်ပါမေးခွန်းများကိုဆွေးနွေးရန် တွဲဘက်ကျောင်းသားတစ်ယောက်ရှာပါ။

## ဇာတ်ညွှန်း - ၁

သင့်အမေသည် ပြင်းထန်သောရောဂါတစ်ခုဖြင့် ဆေးရုံတက်နေရသည်။ မည်သည့်ကုထုံးဖြင့် ကုသရမည်ကို ဆရာဝန်များ မဖြစ်မနေဆုံးဖြတ်ချက်ချရတော့မည်။ ဆရာဝန်ကလူနာကိုစမ်းသပ်လိုက်ပြီး လူနာစောင့်အခန်းထဲရှိ လူများအား ရောဂါလက္ခဏာများကို ရှင်းပြလိုက်သည်။ ထို့နောက် မည်သို့ကုသသင့်သည်ကို ၎င်းတို့အား ရွေးချယ်စေသည်။

## ဇာတ်ညွှန်း - ၂

သင့်စာသင်ကျောင်းတွင် ဘတ်ဂျက်ပိုငွေအချို့ရှိနေပြီး မည်သည့်အရာတွင်အသုံးပြုမလဲဆုံးဖြတ်ရန် ကြိုးစားနေကြသည်။ အောက်ပါတို့အထဲမှ တစ်ခုခုကို ရွေးချယ်ရမည် ဖြစ်သည်။ က) ကျောင်းဘောလုံးကွင်းကို ပြုပြင်ရန် ခ) အိမ်သာများကိုပြုပြင်ပြီး မိန်းကလေးများအတွက် အိမ်သာအသစ်တည်ဆောက်ရန် သို့မဟုတ် ဂ) ကျောင်း၏ အဓိကအဆောက်အဦသို့ မသန်စွမ်းလက်တွန်းလှည်းများဝင်နိုင်ရန် ဆင်ခြေလျှောတစ်ခု ထည့်သွင်းတည်ဆောက်ရန်တို့ ဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ်တွင်ကျောင်းသားများ ပါဝင်ခွင့်ရရှိစေရန် ကျောင်းသားအဖွဲ့အစည်းမှ ကိုယ်စားပြုကျောင်းသား ဆယ်ယောက်ကိုဖိတ်ကြားလိုက်သည်။ ကျောင်းသားရှစ်ယောက်နှင့်ကျောင်းသူနှစ်ယောက် အစည်းအဝေးတက်ရောက်ကြသည်။ ကျောင်းသားထဲမှတစ်ယောက်သည်မသန်စွမ်းလက်တွန်းလှည်းနှင့်ဖြစ်သည်။ နောက်ဆုံး ဆုံးဖြတ်ချက်သည်ဘောလုံးကွင်းကို ပိုကောင်းအောင်ပြုပြင်ရာတွင် ဘတ်ဂျက်ကိုသုံးရန်ဖြစ်သည်။

## ဇာတ်ညွှန်း - ၃

သင်၏ကျေးရွာခေါင်းဆောင်သည် ဆိုင်ကလုန်းမုန်တိုင်းတစ်ခုလာနေပြီး နောက်ထပ်နှစ်နာရီကြာလျှင် ရွာကိုဖြတ်သန်းမည်ဖြစ်ကြောင်း သိရှိလိုက်သည်။ ရွာထဲတွင်မုန်တိုင်းဒဏ်ခံနိုင်သော ခိုင်မာသည့်အဆောက်အဦတစ်ခုရှိသည်။သို့သော် လူ ၁၀၀ သာဆန့်သည်။ အဆောက်အဦထဲသို့ မည်သူ့ကိုဦးစားပေးခိုလှုံစေသင့်သလဲ ဆွေးနွေးရန် ကျေးရွာခေါင်းဆောင်က ရွာသားအားလုံးပါဝင်သော အစည်းအဝေးတစ်ခု ပြုလုပ်သည်။ ရွာသား ၄၀၀ လုံးတက်ရောက်ကြသည်။ အစည်းအဝေးက ကောင်းကောင်းမွန်မွန် စတင်ခဲ့သော်လည်း ပထမတစ်နာရီလောက်ဆွေးနွေးနေကြပြီးနောက် ရွာသားများသည်အချင်းချင်း ငြင်းခုံလာကြကာ ကိုယ်ထိလက်ရောက်ရန်ပွဲများ ဖြစ်ပွားလာတော့သည်။

## ဇာတ်ညွှန်း - ၄

စနေနေ့ နံနက် ၇ နာရီတိုင်း သင်နှင့်ကျောင်းသား ၂၅ ယောက်သည် ကျူရှင်ဆရာမအိမ်တွင် စာသင်ကြရသည်။ ကျောင်းသားများသည် အမြဲလိုလိုနောက်ကျမှရောက်လာကြပြီး ကျောင်းသားအများစုသည်လည်း တမနက်လုံး အိပ်ငိုက်နေကြသည်။ ကျောင်းသားများအချိန်မီရောက်စေရန်နှင့် အိပ်မငိုက်စေရန် ဘာတွေပြောင်းလဲသင့်သလဲဟု ကျောင်းသားများကိုမေးကြည့်ရန် သင့်ဆရာမကဆုံးဖြတ်လိုက်သည်။ ကျောင်းသားတစ်ယောက်ချင်းစီက သူတို့အမြင်များကို ပြောပြကြသည်။ ကျောင်းတက်ချိန်ကို စနေနေ့ နံနက် ၈း၃၀ နာရီသို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ချက်တစ်ခုချမှတ်လိုက်သည်။ ထိုအချိန်မှစ၍ကျောင်းသားများသည် ကျူရှင်နောက်မကျတော့ဘဲ စာသင်ခန်းထဲတွင်လည်း တက်တက်ကြွကြွအာရုံစိုက် သင်ယူလာကြသည်။

**ဆွေးနွေးခြင်း - ၁**

၁။ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အားနည်းချက်နှင့်အားသာချက်တွေက ဘာတွေလဲ။

၂။ ရပ်ရွာ/စာသင်ကျောင်း/အိမ်များအတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် လူတိုင်းပါဝင်ခြင်းသည် ကောင်းသည့် အယူအဆတစ်ခုဟု သင်ထင်ပါသလား။

### သင်ခန်းစာ ၃ - ဝေါဟာရ

**ပဋိပက္ခ** - ကွဲပြားသောအမြင်နှင့် ပန်းတိုင်များရှိသည့် လူနှစ်ဦးနှင့်အထက်လူများအကြား သိသာထင်ရှားသော သဘောထားကွဲလွဲမှု၊ ၎င်းသည်အနုတ်လက္ခဏာ သို့မဟုတ် အပေါင်းလက္ခဏာလည်း မဆောင်ပေ။ သို့သော် ညံ့ဖျင်းစွာ ကိုင်တွယ်ဖြေရှင်းပါက အကြမ်းဖက်မှုဆီဦးတည်နိုင်သည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်မှု** - ထဲထဲဝင်ဝင် ပါဝင်သည်။ ပါဝင်လုပ်ကိုင်သည်။

**အကြမ်းဖက်မှု** - ဒဏ်ရာရရှိစေရန်၊ နှိပ်စက်ညှင်းပန်းရန်၊ ထိခိုက်စေရန်နှင့် ပျက်စီးစေရန် ခန္ဓာကိုယ်အင်အားသုံးသည့် အမူအကျင့်။

သင်ခန်းစာ (၃)

# ဒီမိုကရေစီနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

ဆရာအတွက်မှတ်စု

## ၃.၁ အဖွင့် – စိတ်ကူးကြည့်ပါ...

မိနစ် ၂၀

၁။ ဇာတ်ညွှန်းများကို ကျောင်းသားများကိုပြောပြ/ ဖတ်ပြပါ။ မေးလာသည့်မေးခွန်းများကို ဖြေပေးပါ။

၂။ ရွေးချယ်စရာအမျိုးမျိုးကို ပြန်လည်စိစစ်ရန် ကျောင်းသားများကိုအချိန်အနည်းငယ်ပေးပါ။ ဦးစားပေးသင့်သည်ကို ကျောင်းသားများယုံကြည်သည့် အခြေခံအဆောက်အဦလုပ်ငန်းသုံးခုကို ရွေးချယ်စေပါ။ ၎င်းတို့ ရွေးချယ်ထားသည်များကို ရှင်းပြရန်အတွက်ကြိုတင်ပြင်ဆင်ထားဖို့ အသိပေးပါ။

၃။ ကျောင်းသားများ လေ့ကျင့်ခန်းပြီးစီးပါက အောက်ပါဇယားကွက်ကို သင်ပုန်းပေါ်တွင်ဆွဲလိုက်ပါ။

| | |
|---|---|
| ဆေးရုံ | |
| ပညာရေး | |
| လမ်းများ | |
| ဆက်သွယ်ရေး | |
| အပန်းဖြေ | |
| လျှပ်စစ်မီး | |
| ဘာသာရေး | |
| ရေ | |

၄။ ကျောင်းသားများ စဉ်းစားပြီးသောအခါ ၎င်းတို့၏အဖြေများကို စစ်တမ်းငယ်တစ်ခုကောက်ကြည့်ပါ။ အဖြေများဘေးတွင် (အမှန်ခြစ်) မှတ်သားလိုက်ပါ။ ဥပမာ - ကျောင်းသားငါးယောက်က ၎င်းတို့၏ဦးစားပေးလုပ်ငန်းထဲတွင် လျှပ်စစ်မီးဟုရွေးချယ်ပါက လျှပ်စစ်မီးခေါင်းစဉ်ဘေးနားတွင် အမှန်ခြစ်ငါးခု မှတ်သားရန် ဖြစ်သည်။

၅။ ကျောင်းသားများကို အတွဲလိုက်ဖြစ်စေ၊ အုပ်စုငယ်ဖြစ်စေပြုလုပ်စေကာ ၎င်းတို့၏အဖြေများကို နှိုင်းယှဉ်စေပြီး အပြန်အလှန်ရှင်းပြပါစေ။

၆။ ကျောင်းသားများကိုပြန်စုစေပြီး ၎င်းတို့ရွေးချယ်ထားသည့်လုပ်ငန်းများကို ပြောင်းလဲချင်သေးသလားမေးပါ။ အပြောင်းအလဲလုပ်ချင်သည့် ကျောင်းသားများကို ဘာကြောင့်လုပ်ချင်သလဲ ရှင်းပြစေပါ။

**ရွေးချယ်စရာနည်းလမ်း**

ဇာတ်ညွှန်းတွင် ဖော်ပြထားချက်များကိုအသုံးမပြုပဲ ကျောင်းသားများကို ၎င်းတို့၏ ရပ်ရွာများအတွက် ဦးစားပေးလိုသော အခြေခံအဆောက်အဦများကို စဉ်းစားခိုင်းပါ။

## ၃.၂ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း

၁၀ မိနစ်

၁။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။ ကျောင်းသားများကိုဖတ်ခိုင်းစေခြင်း၊ အုပ်စုလိုက် အသံထွက်ဖတ်စေခြင်းလည်း ပြုလုပ်နိုင်သည်။

## ၃.၃ ဒီမိုကရေစီနည်းကျဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အားနည်းချက်နှင့် အားသာချက်များ

၁၅ မိနစ်

၁။ ဇာတ်ညွှန်းများကို ကျောင်းသားများအသံမထွက်ဘဲ ဖတ်နေကြသည်။

၂။ ကျောင်းသားများကို အုပ်စုငယ်များဖွဲ့စေကာ မေးခွန်းများကိုဆွေးနွေးပါစေ။ (သို့မဟုတ်) ကျောင်းသားများကို အုပ်စုငယ်များဖွဲ့စေပြီး အုပ်စုတစ်စုချင်းကိုဆွေးနွေးရန် မေးခွန်းများသတ်မှတ်ပေးနိုင်သည်။

၃။ အဖြေများကို အခြားကျောင်းသားများနှင့်ဝေမျှနိုင်ရန် ကျောင်းသားတစ်ယောက်ကို ဖိတ်ခေါ်ပါ။

၄။ အောက်ပါအဓိကအချက်များကို မီးမောင်းထိုးပြပြီး သင်ခန်းစာကိုအဆုံးသတ်ပါ။

- အုပ်စုလိုက်ဆုံးဖြတ်ချက်များတွင် သဘောမတူမှုအချို့ ပါဝင်တတ်ပါသည်။
- ဒီမိုကရေစီသည် ပဋိပက္ခဖြစ်နေသော အကျိုးစီးပွားများ၊ အယူအဆများနှင့် အတွေးအမြင်များကိုဖြေရှင်းသည့် နည်းလမ်းတစ်ခု ဖြစ်သည်။
- ဒီမိုကရေစီစနစ်တွင် အားလုံးသည်မိမိတို့အမြင်ကို ထုတ်ဖော်ပြောဆိုရန် တူညီသောအခွင့်အရေး ရှိကြသည်။
- ဒီမိုကရေစီစနစ်တွင် အားလုံးသည်ဆုံးဖြတ်ချက် ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ရန်တူညီသော အခွင့်အရေး ရှိကြသည်။

## ဖြစ်နိုင်ချေရှိသော အဖြေများ

**ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အားနည်းချက်နှင့် အားသာချက်တွေက ဘာတွေလဲ။**

*အားသာချက်များ*

- ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ဆုံးဖြတ်ချက်၏သက်ရောက်ခြင်းကို ခံစားကြရမည့်လူများအား ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်တွင် ပါဝင်ခွင့်ပေးသည်။
- ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် မတူညီသောရှု့ထောင့်အမြင်များကို သင်ယူရန်အားပေးသည်။
- လူတစ်ဦးချင်းစီ၏အမြင်များကို တန်းတူတန်ဖိုးထားသည်။
- မိမိတို့ဘဝအပေါ် သက်ရောက်သော ဆုံးဖြတ်ချက်များတွင် လူအများပါဝင်ပါက ရလာဒ်များသည် ပိုမိုကောင်းမွန်လေ့ရှိပြီး ပို၍ရေရှည်တည်တံ့သည်။

*အားနည်းချက်များ*


- အချို့လူများ၌ သာမာန်လူများတွင်မရှိသော အထူးကျွမ်းကျင်မှုအသိပညာ အတတ်ပညာများ ရှိနေနိုင်သည်။
- ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် အလွန်အချိန်ကြာမြင့်နိုင်သည်။
- ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ပဋိပက္ခများဆီဦးတည်နိုင်သည်။
- ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် လူများစုရှိသည့်အုပ်စုများက ဆုံးဖြတ်ချက်များကိုလွှမ်းမိုးစေသည်။ ထို့ကြောင့် လူနည်းစုများ၏အခွင့်အရေးများကို ကာကွယ်နိုင်ရန် အထူးနည်းလမ်း၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ထားရန်လိုအပ်သည်။

**သင့်ရပ်ရွာအတွင်း ဆုံးဖြတ်ချက်များကို မည်သို့ချမှတ်ကြသလဲ။ အနည်းနဲ့အများ ဒီမိုကရေစီနည်းကျဖြစ်သင့်သည်ဟု သင်ထင်ပါသလား။ ဘာကြောင့်ပါလဲ။**

*အဖြေအမျိုးမျိုး ဖြစ်နိုင်သည်။*

သင်ခန်းစာ (၄)

# ဒီမိုကရေစီနှင့် ခေါင်းဆောင်မှု



(၁) ဤကာတွန်းကို သင်မည်သို့ နားလည်ပါသနည်း။

(၂) အနုပညာရှင်မှ မည်သည့်သတင်းစကားကိုပေးရန် ကြိုးစားထားပါသလဲ။

(၃) ဤသတင်းစကားသည် ဒီမိုကရေစီနှင့် မည်သို့ဆက်စပ်ပါသလဲ။

ဓါတ်ပုံ - ကာလင် (Carlin) ၏ ပုံကိုမှီငြမ်း၍ ပြန်လည်ဆွဲထားသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့အနှံ့မှ အမျိုးသမီးများသည် နိုင်ငံရေးနှင့် ပြည်သူ့ရေးရာဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ရန်နှင့် တန်းတူပါဝင်ခွင့်ရရန် အတားအဆီးများစွာ ရင်ဆိုင်နေကြရသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အိမ်အလုပ်နှင့် ရုံးအလုပ်တာဝန်များကို ဟန်ချက်ညီစေရန်ကြိုးစားရုန်းကန်နေကြရသည်။ ၎င်းတို့သည် အပြင်တွင်အလုပ်ထွက်လုပ်သည်ဖြစ်စေ အိမ်မှုကိစ္စများနှင့် သားသမီးများကိုစောင့်ရှောက်ရန် တာဝန်ယူကြရသည်။ ထို့ပြင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှလည်း ၎င်းတာဝန်များကို မည်မျှကျေပွန်သလဲဆိုသည့်အပေါ်တွင် အကဲဖြတ်ကြခြင်းကိုလည်း ခံကြရသည်။ အမျိုးသမီးများသည် နိုင်ငံလူဦးရေ၏ ၅၀% အထက်တွင်ရှိကြသည်။ မြန်မာနိုင်ငံကို အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ်မျှော်မှန်းပါက အမျိုးသမီးများ နှင့် မိန်းကလေးများသည် ပညာရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆုံးဖြတ်ချက်များတွင် ပူးပေါင်းပါဝင်နိုင်ပြီး အကျိုးအမြတ်တန်းတူခံစားရရန် အရေးကြီးပါသည်။

Source:

Oxfam, 'Women and Leadership in Myanmar,' Sept. 2013, <https://myanmar.oxfam.org/sites/myanmar.oxfam.org/files/file_attachments/Women%20%26%20Leadership%20%28Full%20Report_English%29.pdf> accessed on 17 June 2019

သင်ခန်းစာ (၄)

# ဒီမိုကရေစီနှင့် ခေါင်းဆောင်မှု

## ၄.၁ အဖွင့် – ခေါင်းဆောင်တစ်ယောက်၏အရည်အချင်း[3]

**လေ့ကျင့်ခန်း** - အောက်ပါစကားလုံးများကို ဖတ်ပါ။ ခေါင်းဆောင်တစ်ယောက်အတွက် အရေးကြီးသည်ဟု သင်ခံယူသည့် အရည်အချင်းများကို အောက်ပါမျဉ်းတလျှောက် နေရာချကြည့်ပါ။

| | | | |
|---|---|---|---|
| (က) ဂရုဏာစိတ်ရှိခြင်း | (ခ)အသက်အရွယ်ကြီးခြင်း | (ဂ) တက်ကြွခြင်း | (ဃ) အမျိုးသားဖြစ်ခြင်း |
| (င) ကောင်းစွာ နားထောင်တတ်ခြင်း | (စ) အားလုံး ပါဝင်ဆောင်ရွက်စေတတ်ခြင်း | (ဆ) ချမ်းသာခြင်း | (ဇ) ကြင်နာတတ်ခြင်း |
| (ဈ) ပညာတတ်ခြင်း | (ည) ယုံကြည်မှုရှိခြင်း | (ဋ) အိမ်ထောင်ရှိခြင်း | (ဌ) သေသပ် သပ်ရပ်ခြင်း |
| (ဍ) ရိုးသားခြင်း | (ဎ) ဟာသဉာဏ်ရှိခြင်း | (ဏ) လိုက်လျောညီထွေနေတတ်ခြင်း | (တ) စကားပြော ကောင်းခြင်း |



**ဆွေးနွေးခြင်း**

တွဲဘက်ကျောင်းသားတစ်ယောက်ရှာပြီး အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။ သင့်အဖြေများကို အတန်းထဲတွင် ပြန်လည်ဝေမျှရန်အတွက်လည်း ပြင်ဆင်ထားပါ။

၁။ သင်နှင့် သင့်တွဲဘက် သူငယ်ချင်းတို့ စကားလုံးများကိုနေရာချထားရာတွင် မတူညီသည်များရှိပါသလား။ သင့်ဆုံးဖြတ်ချက်နှင့်ပတ်သတ်ပြီး အကြောင်းပြချက်ကိုရှင်းပြပါ။

၂။ အထက်ပါစာရင်းတွင် မပါဝင်ဘဲ၊ ထပ်ဖြည့်ချင်သော ခေါင်းဆောင်တစ်ယောက်၏ အရည်အချင်းများရှိပါသလား။

၃။ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ရန်ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ။

၄။ သင့်ဘဝတွင် ခေါင်းဆောင်မှုကို မည်သည့်နည်းလမ်းများဖြင့် လက်တွေ့ကျင့်သုံးပါသလဲ။

## ၄.၂ တိုက်ရိုက်ဒီမိုကရေစီနှင့် သွယ်ဝိုက်ဒီမိုကရေစီ

ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်များချမှတ်ရာတွင် နည်းအမျိုးမျိုးရှိသည့်အနက် "**တိုက်ရိုက်ဒီမိုကရေစီ**" နှင့် "**သွယ်ဝိုက်ဒီမိုကရေစီ**" ဟူ၍ ရှိသည်။ တိုက်ရိုက်ဒီမိုကရေစီတွင် ရပ်ရွာအတွင်းရှိလူအားလုံးက ဆုံးဖြတ်ချက်ချမှတ်ကြသည်။ သို့သော် တိုက်ရိုက်ဒီမိုကရေစီသည် လူဦးရေများပြားလွန်းသောနေရာများတွင် အသုံးပြု၍မရပါ။ အဘယ်ကြောင့်ဆိုသော် . . .

၁။ လူဦးရေများပြားလွန်းသောနေရာများတွင် ဆုံးဖြတ်ချက်ချမှတ်ရန်အတွက် လူအားလုံးကိုစုစည်းရန်မှာ မဖြစ်နိုင်ပေ။

၂။ မိမိရပ်ရွာအတွင်း ပြုလုပ်သမျှဆုံးဖြတ်ချက်များအတွက်ပါဝင်ရန် လူအများစုတွင် အချိန်၊ စိတ်ဝင်စားမှုနှင့် ဗဟုသုတ မရှိကြပေ။

"သွယ်ဝိုက်ဒီမိုကရေစီ" သို့မဟုတ် **ကိုယ်စားပြုဒီမိုကရေစီစနစ်**တွင် အချိန်အကန့်အသတ်တစ်ခုအတွင်း ၎င်းတို့ကို ကိုယ်စားပြုနိုင်ရန် ပြည်သူများကကိုယ်စားလှယ် ရွေးချယ်ကြသည်။ အဆိုပါကိုယ်စားလှယ်များက အစိုးရဖွဲ့စည်းကြသည်။ ကိုယ်စားလှယ်များက တိုင်းပြည်ကိုဦးဆောင်ပြီး ပြည်သူများ၏အကျိုးစီးပွားကိုရှေးရှုလျက် နိုင်ငံတော်ကိစ္စများကို ဆုံးဖြတ်ချက်ချမှတ် လုပ်ကိုင်ကြသည်။ ဒီမိုကရေစီစနစ်တစ်ခုတွင် ကိုယ်စားလှယ်များက အများပြည်သူအကျိုးစီးပွား အတိုင်း မလုပ်ဆောင်သောအခါ အပ်နှင်းထားသောအာဏာများကို ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည့် စနစ်များရှိသည်။ လူမှုအသိုင်းအဝိုင်းအများစုတွင် မည်သူကကိုယ်စားလှယ်ဖြစ်သင့်သည်ဆိုသော စည်းမျဉ်းများရှိကြသည်။ အချို့သော စည်းမျဉ်းများမှာ "ဖွင့်ဟမပြောသော" စည်းမျဉ်းများ သို့မဟုတ် အစဉ်အလာများဖြစ်သည်။ ဥပမာ ရပ်ရွာအတွင်းမှ အသက်ကြီးသည့်လူကြီးများ သို့မဟုတ် အမျိုးသားများသာကိုယ်စားလှယ် ဖြစ်ခွင့်ရှိသည်။ တိုင်းပြည်အများစုတွင်တော့ မည်သူကကိုယ်စားလှယ်ဖြစ်နိုင်သည်ကိုဆုံးဖြတ်ရန် တရားဝင်စည်းမျဉ်းများ၊ ဥပဒေများချမှတ်ထားရှိသည်။ ဥပမာ မြန်မာနိုင်ငံတွင် **ပြည်သူ့ဝန်ထမ်း**ရာထူးများရယူရန်အတွက် ပါဝင် အရွေးချယ်ခံလိုသူများသည် အသက်အနည်းဆုံး ၂၅ မှ ၃၀ နှစ်အထက် ရှိရမည်။

**ဆွေးနွေးခြင်း**

၁။ သင့်ရပ်ရွာအတွင်းတွင် ခေါင်းဆောင်များကိုမည်သို့ ရွေးချယ်ကြသလဲ။ ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာများသည် မည်သည့်နေရာမှ ဆင်းသက်လာပါသလဲ။

၂။ မြန်မာနိုင်ငံတွင် အစိုးရကိုယ်စားလှယ်များကို မည်သို့ရွေးချယ်ကြပါသလဲ။

၃။ မြန်မာနိုင်ငံသည် "တိုက်ရိုက်ဒီမိုကရေစီ" လား "သွယ်ဝိုက်ဒီမိုကရေစီ" လား။

## သင်ခန်းစာ ၄ - ဝေါဟာရ

**ခေါင်းဆောင်** - အုပ်စုတစ်စု၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် တိုင်းပြည်တစ်ပြည်ကို ဦးဆောင်သူ သို့မဟုတ် ကွပ်ကဲသူ။ ပန်းတိုင်တစ်ခုအောင်မြင်ရန် လူအုပ်စုတစ်ခုကိုလွှမ်းမိုးသည့် လူပုဂ္ဂိုလ်။

**တိုက်ရိုက်ဒီမိုကရေစီ** - ပြည်သူများက တိုက်ရိုက်ပါဝင်ကာဆုံးဖြတ်လုပ်ကိုင်သော ဒီမိုကရေစီစနစ်တစ်ခု။

**သွယ်ဝိုက် (ကိုယ်စားပြု) ဒီမိုကရေစီ** - ပြည်သူများကကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ကြပြီး ၎င်းတို့ကိုယ်စား အရေးကြီးဆုံးဖြတ်ချက်များချမှတ်စေသော ဒီမိုကရေစီစနစ်တစ်ခု။

**ပြည်သူ့ဝန်ထမ်းရာထူး** - ရွေးကောက်ခံရခြင်း၊ ရွေးချယ်ခံရခြင်းကြောင့် ရရှိလာသောအစိုးရအတွင်းရှိ ရာထူးနေရာ။

သင်ခန်းစာ (၄)

# ဒီမိုကရေစီနှင့် ခေါင်းဆောင်မှု

ဆရာအတွက်မှတ်စု

## ၄.၁ ခေါင်းဆောင်တစ်ယောက်၏ အရည်အချင်း

၂၀-၃၀ မိနစ်

**ရွေးချယ်စရာနည်းလမ်း - က (လှုပ်ရှားမှု အကန့်အသတ်)**

၁။ ဤစကားလုံးများသည် ခေါင်းဆောင်ကောင်းတစ်ယောက်အတွက် အရေးကြီးနိုင်သည့် အရည်အချင်းများ ဖြစ်သည်။ ကျောင်းသားများအား အရည်အချင်းများအားဖတ်ကြည့်ပါစေ။ ကျောင်းသားများနှင့် မရင်းနှီးသော စကားလုံးများကို ရှင်းလင်းပြောပြပါ။

၂။ ကျောင်းသားများအား စကားလုံးတစ်လုံးချင်းကိုဆန်းစစ်စေပြီး မျဉ်းတလျှောက်နေရာချကြည့်စေပါ။ ခေါင်းဆောင်ကောင်းတစ်ယောက်အတွက် အရေးကြီးသည့်အရည်အချင်းဟုယူဆပါက မျဉ်းကြောင်း၏လက်ယာဘက်ပိုင်းတွင်ရေးရမည်။ စကားလုံးသည်ခေါင်းဆောင်တစ်ယောက်အတွက် အရေးမကြီးသည့်အရည်အချင်း ဖြစ်ပါက၊ သို့မဟုတ် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရန် သိပ်မလိုအပ်သောစကားလုံးဖြစ်ပါက မျဉ်းကြောင်း၏ လက်ဝဲဘက်ပိုင်းတွင်နေရာချစေရမည်။ တချို့စကားလုံးများသည် ရှင်းရှင်းလင်းလင်းမရှိဘဲ ခေါင်းဆောင်ကောင်းတစ်ယောက်အတွက် အရည်အချင်းတစ်ရပ် ဖြစ်မဖြစ်မသေချာလျှင် မျဉ်း၏အလယ်ပိုင်းတွင် နေရာချစေရမည်။

၃။ ကျောင်းသားကိုတစ်ဦးချင်း ပြုလုပ်ပါစေ။ ထို့နောက် တွဲဘက်ကျောင်းသားဖြင့် အဖြေချင်းနှိုင်းယှဉ်စေကာ ဆွေးနွေးရန် မေးခွန်းများကိုဖြေဆိုခိုင်းပါ။

၄။ ကျောင်းသားများအား ပြန်လည်စုစည်းစေပြီး အောက်ပါမေးခွန်းများဖြင့်လေ့ကျင့်ခန်းကို ပြန်လည်သုံးသပ်ပါ။

- *သင့်တွဲဘက်သူငယ်ချင်းက သင်နဲ့မတူဘဲစကားလုံးများကို နေရာချထားပါသလား။*
- *မည်သည့်အရည်အချင်းက အငြင်းပွားဖွယ်ရာအဖြစ်ဆုံးလဲ။*
- *အရည်အချင်းစာရင်းထဲသို့ သင်ထပ်ထည့်လိုသည့်ကျန်ရှိနေသေးသော အရည်အချင်းများရှိပါသေးသလား။*
- *ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်ရန်ဆိုသည်မှာ ဘာကိုဆိုလိုပါသလဲ။*

၅။ အဓိက သင်ယူမှုအချက်များကို အကျဉ်းချုပ်ပြောပြပြီး သင်ခန်းစာကိုအဆုံးသတ်ပါ။

**ရွေးချယ်စရာနည်းလမ်း - ခ (လှုပ်ရှားမှုအခြေပြု)**

၁။ အရည်အချင်းတစ်လုံးချင်းစီကို စာသင်ခန်း၏နောက်ဆုံးတန်းမှ မြင်နိုင်အောင် လေးထောင့်စက္ကူအကြီးပေါ်တွင်ရေးပါ။

၂။ စာရွက်အကြီးနှစ်ခု (အဇီးရိုးအရွယ်) ပေါ်တွင် "အရေးမကြီး" နှင့် "အရေးကြီး" ဟုရေးပါ။ အရေးမကြီးဟု ရေးထားသော စာရွက်ကြီးကိုသင်ပုန်း၏လက်ဝဲဘက်အစွန်တွင် တိပ်ဖြင့်ကပ်ပါ။အရေးကြီးဟု ရေးထားသော

စာရွက်ကြီးကို သင်ပုန်း၏လက်ယာဘက်အစွန်တွင် ကပ်ပါ။

၃။ သင်ပုန်း၏အောက်ခြေနားတွင် လေးထောင့်စာရွက်များအတွက် လုံလောက်သောတိပ်အပိုင်းအစများ အဆင်သင့် ကပ်ထားပေးပါ။

၄။ စာရွက်များကိုကျောင်းသားများထံ ဖြန့်ဝေပါ။ ကျောင်းသားအရေအတွက်က စာရွက်အရေအတွက်ထက်များနေပါက ကျောင်းသားများကိုပူးတွဲကြည့်ရှုပါစေ။

၅။ စာရွက်ပေါ်ရေးထားသည့် စကားလုံးများသည် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရန်အတွက် အရေးကြီးသော၊ သို့မဟုတ် အရေးမပါသောအရည်အသွေးများဖြစ်သည်ကို ရှင်းပြပါ။

၆။ သင်ပုန်းပေါ်တွင် ပြုလုပ်ထားသည့်အရေးမကြီးသည်မှစ၍ အရေးကြီးသည်ဆိုသည့် အနိမ့်အမြင့်အလိုက်နေရာချထားရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ခေါင်းဆောင်ကောင်းတစ်ယောက်အတွက် ရှိသင့်ရှိထိုက်သည်ဟု ကျောင်းသားများယူဆသည့်အတိုင်း နေရာချထား၍တိပ်ဖြင့်ကပ်ရန်ပြောပါ။ (အသေးစိတ်လမ်းညွှန်ချက်ကို အထက်တွင်ကြည့်ပါ)

၇။ ကျောင်းသားအားလုံး အရေးပါမှုအရခေါင်းဆောင်မှုအရည်အသွေးများကို မျဉ်းတလျှောက်ကပ်ထားပြီးပါက ကျောင်းသားတစ်ယောက်ကိုဖိတ်ခေါ်ကာ ဘာကြောင့်ထိုစကားလုံးများကို ထိုနေရာတွင်ချထားရသလဲပြောပြနိုင်းပါ။ အဆိုပါကျောင်းသားပြောပြပြီးပါက အခြားကျောင်းသားများကိုလည်း စကားလုံးများနေရာချထားမှုနှင့်ပတ်သတ်၍ သဘောတူ၊မတူပြောဆိုနိုင်ရန် ဖိတ်ခေါ်ပါ။

၈။ အောက်ပါမေးခွန်းများမေးမြန်း၍ ပြန်လည်အကျဉ်းချုပ်ပေးပါ။

- *ဘာကြောင့်စကားလုံးတွေကို အဲ့ဒီနေရာမှာထားရသလဲဆိုတာကို တစ်ယောက်ယောက်ကများ ရှင်းပြချင်ပါသလား။*
- *ဒီစကားလုံးတွေထဲကတစ်ခုခုကများ ကိုယ်ထားတဲ့နေရာနဲ့ မတူတာများ ရှိပါသလား။*
- *အခြေအနေမတူဘူးဆိုရင် နေရာပြောင်းရွှေ့ဖို့လိုအပ်မယ့် စကားလုံးတွေများရှိပါသလား။*
- *အရည်အချင်းစာရင်းထဲသို့ သင်ထပ်ထည့်လိုသည့် ကျန်ရှိနေသေးသောအရည်အချင်းများ ရှိပါသေးသလား။*
- *ဒီဆွေးနွေးမှုအရ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့အတွက် သင်တွေးမိတာတွေကဘာတွေလဲ။*
- *သင့်ဘဝမှာ* ခေါင်းဆောင်မှုကိုသင်မည်သည့်နည်းလမ်းဖြင့် ကျင့်သုံးနေပါသလဲ။

၉ အဓိကသင်ယူမှုအချက်များကို အကျဉ်းချုပ်ပြောပြပြီးသင်ခန်းစာကို အဆုံးသတ်ပါ။

**အဓိကသင်ယူရန် အချက်များ**

- ထိရောက်အောင်မြင်သော ခေါင်းဆောင်တစ်ယောက်အား အရည်အသွေးအနည်းငယ်မျှဖြင့် သတ်မှတ်၍မရပါ။
- မတူညီသောအခြေအနေများသည် မတူညီသောခေါင်းဆောင်မှုများ လိုအပ်ပါသည်။
- ထို့နောက် အောင်မြင်သောခေါင်းဆောင်များသည် လူထု၏အကျိုးစီးပွားများကို ကိုယ်စားပြုကာ (လူထုအကျိုးစီးပွား ဆိုသည်များကိုနားလည်နိုင်ရန် အချိန်ယူတတ်ကြသည်ကိုဆိုလို) လူထုအားလုံးနှင့်သက်ဆိုင်သည့် ပန်းတိုင်သို့ရောက်ရှိနိုင်ရန် ကူညီတွန်းအားပေးနိုင်စွမ်းရှိကြသည်။

## ၄.၂ တိုက်ရိုက်ဒီမိုကရေစီနှင့် သွယ်ဝိုက်ဒီမိုကရေစီ

၁၅-၂၀ မိနစ်

၁။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။ ကျောင်းသားများကိုဖတ်ခိုင်းစေခြင်း၊ အုပ်စုလိုက်အသံထွက် ဖတ်စေခြင်းလည်း ပြုလုပ်နိုင်သည်။

၂။ ကျောင်းသားများအားအုပ်စုငယ်များဖွဲ့စေ၍ မေးခွန်းများကိုဆွေးနွေးစေပါ။ အချိန်အကန့်အသတ်ရှိပါက မေးခွန်းတစ်ခုနှစ်ခုသာ ရွေးချယ်ပါ။ အခြားနည်းလမ်းအားဖြင့် ကျောင်းသားများအားအုပ်စုခွဲစေ၍ မေးခွန်းများကို အုပ်စုလိုက်ခွဲဝေပေးကာ ဆွေးနွေးစေနိုင်သည်။

၃။ ကျောင်းသားများအားဖိတ်ခေါ်၍ ၎င်းတို့၏အဖြေများကို မျှဝေပါစေ။

### ဖြစ်နိုင်ချေရှိသောအဖြေများ

သင့်ရပ်ရွာတွင် ခေါင်းဆောင်ကိုမည်သို့ရွေးချယ်ပါသလဲ။ ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာများသည် မည်သည့်နေရာမှ ဆင်းသက်လာပါသလဲ။

- *အဖြေအမျိုးမျိုး ဖြစ်နိုင်သည်။*
- *၎င်းတို့ရပ်ရွာအတွင်းရှိ ခေါင်းဆောင်များသည် အများပြည်သူအား တာဝန်ခံမှုရှိ၊ မရှိ ကျောင်းသားများအား စဉ်းစားခိုင်းပါ။ ၎င်းတို့ခေါင်းဆောင်များ၏ လုပ်ဆောင်နိုင်စွမ်းများအား မကျေနပ်ပါက ခေါင်းဆောင်များကို အပ်နှင်းထားသည့်အာဏာများ ပြန်လည်ရုပ်သိမ်း၍ရပါသလား။*

### မြန်မာနိုင်ငံတွင်အစိုးရကိုယ်စားလှယ်များကိုမည်သို့ ရွေးချယ်ကြပါသလဲ။

- *ငါးနှစ်တကြိမ် ရွေးကောက်ပွဲများ*

### မြန်မာနိုင်ငံသည် "တိုက်ရိုက်ဒီမိုကရေစီ" လား "သွယ်ဝိုက်ဒီမိုကရေစီ" လား။

- *သွယ်ဝိုက်ဒီမိုကရေစီ - အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည်။*
- *နှစ်ခုစလုံးမဟုတ်ပါ - ကိုယ်စားလှယ်များအား ရွေးချယ်ကြရသည်။ သို့သော် ၎င်းတို့သည် ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ်ကိုယ်စားမပြုကြပါ။ လွှတ်တော်၏ ၂၅ ရာခိုင်နှုန်းအား တပ်မတော်အတွက် သီးသန့်ထားရှိသည်။*


**မှတ်ချက်** ။ တိုက်ရိုက်ဒီမိုကရေစီနှင့် သွယ်ဝိုက်ဒီမိုကရေစီ၏ ကွာခြားချက်ကို ရှင်းလင်းပြရန် သင်ခန်းစာ (၃) မှ ၃.၃ - ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အားနည်းချက်နှင့် အားသာချက်များ ခေါင်းစဉ်ကို ပြန်လည်ချိတ်ဆက်ပြပါ။ ကျောင်းသားများကို မည်သည့်ဇာတ်ညွှန်းသည် တိုက်ရိုက်ဒီမိုကရေစီဖြစ်သနည်းနှင့် မည်သည့်ဇာတ်ညွှန်းသည် သွယ်ဝိုက်ဒီမိုကရေစီဖြစ်သနည်း မေးပါ။

### အဖြေ

ဇာတ်ညွှန်း ၁ - သွယ်ဝိုက်ဒီမိုကရေစီ
ဇာတ်ညွှန်း ၂ - သွယ်ဝိုက်ဒီမိုကရေစီ
ဇာတ်ညွှန်း ၃ - တိုက်ရိုက်ဒီမိုကရေစီ
ဇာတ်ညွှန်း ၄ - တိုက်ရိုက်ဒီမိုကရေစီ

သင်ခန်းစာ (၅)

# ရွေးကောက်ပွဲများ



(၁) ဤကာတွန်းကို သင်မည်သို့ နားလည်ပါသလဲ။

(၂) အနုပညာရှင်မှ မည်သည့်သတင်းစကားကိုပေးရန် ကြိုးစားထားပါသလဲ။

(၃) ဤသတင်းစကားနှင့် ဒီမိုကရေစီ မည်သို့ဆက်စပ်ပါသလဲ။

ရွေးကောက်ပွဲများသည် ပြည်သူလူထုအတွက် ၎င်းတို့၏ခေါင်းဆောင်များကို ရွေးချယ်ရန် အခွင့်အရေးဖြစ်သည်။ ခေါင်းဆောင်များကိုရွေးချယ်ရန် (ဖယ်ရှားရန်) တာဝန်သည် ပြည်သူလူထုအနေဖြင့် မိမိတို့ မည်သို့သောလူမှုအဝန်းအဝိုင်းတွင် နေထိုင်လိုသည်၊ မည်သို့သောခေါင်းဆောင်များသည် မိမိတို့နေထိုင်လိုသည့် လူမှုအဝန်းအဝိုင်းကိုဖော်ဆောင်ရန် အပြောင်းအလဲပြုလုပ်နိုင်မလဲဆိုသည့် အပေါ် သေချာအလေးထားစဉ်းစားကြရမည့် တာဝန်ဖြစ်သည်။ မည်သည့်ကိုယ်စားလှယ်လောင်းသည် မိမိတို့၏အမြင်နှင့် တန်ဖိုးများကိုကိုယ်စားပြုနိုင်မလဲဆိုသည်နှင့်ပတ်သက်၍ ကိုယ်စားလှယ်လောင်းများအကြောင်းကိုလေ့လာရန်မှာ မဲဆန္ဒရှင်ပြည်သူတို့၏ တာဝန်ဖြစ်သည်။ ဤသို့လေ့လာရန် ချက်ကျလက်ကျ မေးခွန်းများမေးနိုင်ရန်နှင့် ကိုယ်စားလှယ်လောင်းများထံမှရရှိသော သတင်းအချက်အလက်များကို ဝေဖန်ဆန်းစစ်အကဲဖြတ်ရန် အချိန်လိုအပ်ပါသည်။

သင်ခန်းစာ (၅)

# ရွေးကောက်ပွဲများ

## ၅.၁ အဖွင့် – မြန်မာနိုင်ငံတွင် အစိုးရကိုမည်သို့ဖွဲ့စည်းသနည်း။

အုပ်စုငယ် ဆွေးနွေးခြင်းတွင် အောက်ပါမေးခွန်းကိုဆွေးနွေးပါ။

**မြန်မာနိုင်ငံတွင် အစိုးရကိုမည်သို့ ဖွဲ့စည်းသနည်း**

## ၅.၂ အဖွင့် – မြန်မာနိုင်ငံတွင် အစိုးရကိုမည်သို့ဖွဲ့စည်းသနည်း။

မြန်မာနိုင်ငံတွင် အစိုးရဖွဲ့စည်းရန်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်သည့် **ရွေးကောက်ပွဲများ** ငါးနှစ်တစ်ကြိမ် ကျင်းပသည်။ အစိုးရအဖွဲ့အတွင်း ရပ်ရွာတစ်ခုကို ကိုယ်စားပြုပါဝင်လိုသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းကို "**ကိုယ်စားလှယ်လောင်း**" ဟုခေါ်သည်။ ရွေးကောက်ပွဲတစ်ခုမတိုင်မီ ကိုယ်စားလှယ်လောင်းများက ဘာကြောင့်သူတို့က ရပ်ရွာလူထုကို ကိုယ်စားပြုလိုသည်၊ သူတို့မည်သို့အလုပ်ကောင်းကောင်း လုပ်နိုင်မည်တို့ကိုရှင်းပြကြသည်။ ကိုယ်စားလှယ်လောင်းအမျိုးမျိုး၏ မတူညီသောအမြင်များ၊ တန်ဖိုးထားမှုများကို ပြည်သူများကလေ့လာရန် အခွင့်အရေးရကြသည်။ မည်သည့်ကိုယ်စားလှယ်လောင်းက ၎င်းတို့၏အမြင်များ ၊တန်ဖိုးထားမှုများကို ကိုယ်စားပြုနိုင်သည်ဟု ပြည်သူများက စဉ်းစားကြသည်။ အဆိုပါကိုယ်စားလှယ်လောင်းကို မဲပေးနိုင်သည်။ မဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းက လွှတ်တော် သို့မဟုတ် အစိုးရအတွင်းတွင် နေရာတစ်နေရာရရှိသည်။ အစိုးရအဖွဲ့ဝင်တစ်ဦးအနေဖြင့်၊ ကိုယ်စားလှယ်လောင်းသည် (ယခုအခါ ကိုယ်စားလှယ်တစ်ဦးအဖြစ်) နိုင်ငံတော်အဆင့်ကိစ္စရပ်များအား ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်သည်။

> မြန်မာနိုင်ငံလွှတ်တော်တွင် လွှတ်တော်နှစ်ရပ် ရှိသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ဖြစ်သည်။ လွှတ်တော်နှစ်ရပ်ကို ပေါင်းစည်း၍ ပြည်ထောင်စုလွှတ်တော်ဟု ခေါ်ဆိုသည်။ မဲပေးသူများက ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကို ရွေးချယ်ကြရသည်။ တပ်မတော်က ကျန် ၂၅ ရာခိုင်နှုန်းကို ခန့်အပ်သည်။

ငါးနှစ်ပြည့်တိုင်း ရွေးကောက်ပွဲအသစ်တစ်ခုကျင်းပပြီး ပြည်သူများအား ကိုယ်စားလှယ်ရွေးချယ်ခွင့်နှင့် ကိုယ်စားလှယ်များဖယ်ရှားခွင့်ပေးအပ်သည်။ ခေါင်းဆောင်များအား ရွေးချယ်ခြင်း (ဖယ်ရှားခြင်း) ၏တာဝန်သည် ပြည်သူများအနေဖြင့် လေးလေးနက်နက် စဉ်းစားကြရန်ကိုဆိုလိုသည်။ ပြည်သူများအနေဖြင့် မိမိတို့နေထိုင်လိုသည့် လူ့ဘောင်

အသိုက်အဝန်း၊ ထိုကဲ့သို လူ့ဘောင်အသိုက်အဝန်းတစ်ခုတည်ဆောက်ရန် လိုအပ်မည့်အပြောင်းအလဲများ၊ ဆုံးဖြတ်ချက်များချမှတ်နိုင်စွမ်းရှိသည့် ခေါင်းဆောင်အမျိုးအစားများကို စဉ်းစားကြရမည်။ နိုင်ငံတိုင်းတွင် ကိုယ်စားလှယ်လောင်းတစ်ယောက်ဖြင့်ခွင့်ရရန် အမျိုးမျိုးသောလိုအပ်ချက်များကို ပြည့်မီရန်လိုအပ်သည်။ ဥပမာ မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်လောင်း တစ်ယောက်ဖြစ်ရန်အတွက် အနည်းဆုံး အသက် ၂၅ နှစ်နှင့် ၃၀ နှစ်အထက်ရှိရမည်။ နိုင်ငံသားဖြစ်သည့်မိဘနှစ်ပါးမှ မွေးဖွားလာသူ ဖြစ်ရမည်။

**လေ့ကျင့်ခန်း** - အောက်ပါကွက်လပ်တွင် မြန်မာနိုင်ငံ၏ အစိုးရဖွဲ့စည်းပုံကိုပုံဖော်သည့် ပုံတစ်ပုံဆွဲပါ။

## ၅.၃ ကျောင်းသားရွေးကောက်ပွဲများ

**လေ့ကျင့်ခန်း** - ကျောင်းသားသမဂ္ဂကို ကိုယ်စားပြုနိုင်သည့် ကျောင်းသားဥက္ကဋ္ဌတစ်ဦးကိုရွေးချယ်ရန် သင့်ကျောင်းတွင် ရွေးကောက်ပွဲများ ယခုလအတွင်းကျင်းပပြုလုပ်နေသည်။ကျောင်းသားသမဂ္ဂဥက္ကဋ္ဌသည် ကျောင်းသားများ၏အကျိုးကို ကိုယ်စားပြုရန်တာဝန်ရှိမည် ဖြစ်သည်။ ၎င်းသည်ကျောင်းအုပ်ချုပ်ရေး၊ ဆရာ၊ ဆရာမများနှင့် ပြုလုပ်သည့်အစည်းအဝေးများကို တက်ရောက်ရမည်ဖြစ်ပြီး ကျောင်းသားများအရေးကိစ္စနှင့်သက်ဆိုင်သည့်ဆုံးဖြတ်ချက်များကို ပါဝင်ပြောဆိုဆောင်ရွက်ရမည်။

အောက်ပါကျောင်းသားများ၏ ကိုယ်ရေးအချက်အလက်များကိုကြည့်ပါ။ သင်မည်သူ့ကိုမဲပေးမလဲ။ ဘာကြောင့်ပေးမှာလဲ။



## ကိုယ်စားလှယ်လောင်း (က) - ပါကု

ကျမနာမည်က ပါကုပါ။ ကျွန်မက ကိုးတန်းတက်နေပါတယ်။ ကျောင်းသားဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ ကျောင်းသန့်ရှင်းရေးကို အဓိကထားပါမယ်။ ကျောင်းစင်္ကြံလမ်းတိုင်းမှာ အမှိုက်ပုံးတွေထားရှိပေးပြီး ပုံမှန်သန့်ရှင်းရေးနေ့တွေကိုလည်း ဦးဆောင်ပြုလုပ်သွားမှာပါ။ ကျမတို့ကျောင်းသားတွေက ကျောင်းနဲ့ကျောင်းဝန်းထဲမှာအချိန်အများစု နေကြရတဲ့သူတွေပါ။ ကိုယ့်ကျောင်းကို တန်ဖိုးထားသင့်ပြီး ဂရုစိုက်ပြုပြင်ရမှာပါ။ ကျမတို့ပတ်ဝန်းကျင်ဆိုတာ ကျမတို့ဘဝရဲ့ နေရာအစိတ်အပိုင်းတစ်ခုပါပဲ။ ပတ်ဝန်းကျင်က ကျမတို့ရဲ့ ကိုယ်၊ စိတ် ကျန်းမာရေးနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။



## ကိုယ်စားလှယ်လောင်း (ခ) - ခိုင်သူရိန်

ကျွန်တော့်နာမည် ခိုင်သူရိန်ပါ။ ကျွန်တော် ကျောင်းသားတွေရဲ့ ဥက္ကဋ္ဌ တစ်ယောက် ဖြစ်ချင်ပါတယ်။ အခုဆယ်တန်းတက်နေပြီး အားကစားနဲ့ ကိုယ်လက်ကြံ့ခိုင်ရေးမှာ ရူးသွပ်စွာဝါသနာပါ ပါတယ်။ ကျွန်တော်တို့ စိတ်တွေကိုလေ့ကျင့်တာအပြင် ခန္ဓာကိုယ်ကိုလည်းဂရုစိုက်ဖို့ လိုပါတယ်။ အားကစားက အပန်းဖြေဖို့၊ မိတ်ဆွေ သစ်တွေရဖို့နဲ့ အသင်းအဖွဲ့တစ်ခုအနေနဲ့ အလုပ်လုပ်တတ်အောင် သင်ယူဖို့ အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်ပါတယ်။ သင်တို့ရဲ့ ကျောင်းသားဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဘောလုံးကွင်းကို ပိုကောင်းအောင်လုပ်ဖို့နဲ့ ကျောင်းသားတွေအတွက် အားကစားပစ္စည်းအသစ်တွေဝယ်ယူဖို့ကို ကျောင်းနဲ့ညှိနှိုင်းသွားမှာပါ။



## ကိုယ်စားလှယ်လောင်း (ဂ) - အောင်အောင်

ကျွန်တော့်နာမည် အောင်အောင်ပါ။ ကိုးတန်းတက်နေပါတယ်။ ကျောင်းသားဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ ကျောင်းစာကြည့်တိုက်ကို တိုးတက်အောင်လုပ်ပါမယ်။ အခုလောလောဆယ်မှာတော့ စာကြည့်တိုက်က စာအုပ်အဟောင်းတွေနဲ့ပဲ ပြည့်နေပါတယ်။ ပြီးတော့ မှောင်မဲပြည့်ကြပ်နေပြီး စိတ်ညစ်စရာ ဖြစ်နေပါတယ်။ ကျောင်းသားတွေ စာတွေလုပ်ဖို့အတွက် သက်သောင့်သက်သာ ဖြစ်စေမယ့် နေရာကျယ်ကျယ်ဝန်းဝန်းဖြစ်အောင်၊ ပစ္စည်းအသစ်တွေနဲ့ အဆင့်မြှင့်ချင်ပါတယ်။ ကျောင်းသားအများစုက ရုပ်ထွေးပြီးလူကြပ်တဲ့အိမ်တွေမှာ နေကြရတာပါ။ ကျွန်တော်တို့ကျောင်းက အေးအေးချမ်းချမ်းစိတ်ကူးယဉ်တွေးတောနိုင်ဖို့ ဆိတ်ငြိမ်နေရာလေးတစ်ခု ရှာတွေ့နိုင်တဲ့ကျောင်းလေး ဖြစ်သင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။



**ကိုယ်စားလှယ်လောင်း (ဃ) - ထုဆမ်**

ကျမနာမည် ထုဆမ်ပါ။ ဆယ်တန်းတက်နေပါတယ်။ ကျောင်းသားဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ ဒီကျောင်းကိုတက်နေတဲ့ ကျောင်းသားအားလုံး လုံခြုံမှုကိုခံစား ရစေချင်ပါတယ်။ မိန်းကလေးတွေ အပါအဝင်ပါ။ ကျောင်းသူ လူငယ်တစ်ယောက် အနေနဲ့ ကျောင်းစကြ်ာလမ်းမှာ၊ ကျောင်းဝန်းထဲမှာ ယောကျ်ားလေးတွေက ကျမနဲ့ ကျမသူငယ်ချင်းတွေကို စနောက်ကြပါတယ်။ ဒါဟာလက်ခံနိုင်စရာ မဟုတ်ပါဘူး။ နှောင့်ယှက်မှုများကင်းဝေးတဲ့ ကျောင်းပတ်ဝန်းကျင်တစ်ခု ဖန်တီးတည်ဆောက် နိုင်ဖို့ ကျမအကောင်းဆုံးကူညီသွားမှာပါ။

## ၅.၄ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲများ

**လေ့ကျင့်ခန်း** - ကျောင်းသားရွေးကောက်ပွဲသည် တရားမျှတမှုရှိစေရန်စည်းကမ်းများချမှတ်ထားကြောင်း သင့်ဆရာက ကြေညာလိုက်သည်။ အောက်ပါစည်းကမ်းချက်များကိုဖတ်ပါ။ စည်းကမ်းချက်များသည်တရားမျှတသည်ဟု သင်ထင်ပါသလား။ မျှတပါကအဘယ်ကြောင့်မျှတသည်၊ မမျှတပါကအဘယ်ကြောင့်မမျှတဟု ထင်ပါသလဲ။

၁။ မိန်းကလေးများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။
၂။ မူလတန်းကတည်းက ဤကျောင်းတွင်ကျောင်းတက်ခဲ့သည့် ကျောင်းသားများသာ ယှဉ်ပြိုင်ခွင့်ရှိသည်။
၃။ ရှစ်တန်းနှင့် အထက်ကျောင်းသားများသာ ယှဉ်ပြိုင်ခွင့်ရှိသည်။
၄။ ယှဉ်ပြိုင်လိုသည့် ကျောင်းသားများအနေဖြင့် စာရင်းသွင်းခ ငွေကျပ် ၁ သိန်းပေးဆောင်ရမည်။
၅။ ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသည့် ကျောင်းသားများဝင်ရောက်ယှဉ်ပြိုင်ခွင့် မရှိ။
၆။ ကိုယ်စားလှယ်လောင်းများအားလုံး ဘာကြောင့်ဝင်ရောက်အရွေးခံသည်ကို ဆယ်မိနစ်စာမိန့်ခွန်းတစ်ခုပြော ကြားရမည်။

ဒီမိုကရေစီစနစ်တွင် ကိုယ်စားလှယ်များသည် ပြည်သူများ၏သဘောတူညီ ခွင့်ပြုချက်ရရှိရန်လိုအပ်သည်။ ထိုသို့ မရရှိပါက နောက်လာမည့်ရွေးကောက်ပွဲတွင် ပြည်သူများကအစားထိုးနိုင်သည်။ ထို့အတူ ကိုယ်စားလှယ်များသည် ပြည်သူလူထုအတွက် ဆုံးဖြတ်ချက်ကောင်းများချမှတ်လုပ်ကိုင်ပါက နောက်တစ်ကြိမ်ရွေးကောက်ပွဲတွင် ဆက်လက် မဲပေးရွေးချယ်ကြမည် ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများအရေးကြီးရခြင်း ဖြစ်သည်။ ရွေးကောက်ပွဲများသည် နိုင်ငံသား များအား မိမိတို့**သဘောတူညီချက်စိတ်ဆန္ဒ**ကိုဖော်ထုတ်ရန် အခွင့်အရေးပေးအပ်သည်။ ပြည်သူများ၏လိုအပ်ချက်များ၊ စိုးရိမ်ပူပန်မှုများကိုလျစ်လျူရှုပါက ကိုယ်စားလှယ်လောင်းကို ပြန်လည်အစားထိုးနိုင်ရန် သေချာစီစဉ်ထားသည်။

သို့သော် ရွေးကောက်ပွဲများအား စနစ်တကျမကျင်းပပါက ညံ့ဖျင်းသည့်ခေါင်းဆောင်များကိုဖယ်ရှားပြီး ထက်မြက် သည့်ခေါင်းဆောင်ကို တင်မြှောက်နိုင်သောပြည်သူများ၏ လုပ်ပိုင်ခွင့်ဆုံးရှုံးသွားလိမ့်မည်။ ထို့ကြောင့်ပင် ဒီမိုကရေစီ ရွေးကောက်ပွဲများသည် လွတ်လပ်၍တရားမျှတရန် အလွန်ပင်အရေးကြီးပေသည်။

## သင်ခန်းစာ ၅ - ဝေါဟာရ

**ကိုယ်စားလှယ်လောင်း** - ရွေးကောက်ခံနေရာ၊ ရာထူးတစ်ခုအတွက် ဝင်ရောက်ယှဉ်ပြိုင်သည့် လူတစ်ဦး။

**သဘောတူညီချက် (Consent)** - တစ်စုံတစ်ခု ဖြစ်ပေါ်လာစေရန် ခွင့်ပြုချက်၊ ခွင့်ပြုပေးခြင်း။

**ရွေးကောက်ပွဲ** - နိုင်ငံရေး သို့မဟုတ် အစိုးရရာထူးနေရာတစ်ခုအတွက် လူတစ်ဦးဦးကိုရွေးချယ်ရန် ပြည်သူများက မဲပေးကြသည့် အချိန်။

သင်ခန်းစာ (၅)

# ရွေးကောက်ပွဲများ

ဆရာအတွက်မှတ်စု

## ၅.၁ အဖွင့် – မြန်မာနိုင်ငံတွင် အစိုးရကိုမည်သို့ဖွဲ့စည်းသနည်း။

၁၅ မိနစ်

၁။ *မြန်မာနိုင်ငံတွင် အစိုးရကိုမည်သို့ဖွဲ့စည်းသနည်း* ဆိုသည့်မေးခွန်းကို သင်ပုန်းပေါ်တွင်ရေးပါ။

၂။ ကျောင်းသားများကို တွဲဘက်ရှာ၍မေးခွန်းအား ဆွေးနွေးပါစေ။

၃။ ၎င်းတို့၏အယူအဆများကို ပြန်လည်ဝေမျှရန် ကျောင်းသားများကို ဖိတ်ခေါ်ပါ။


၄။ စာပိုဒ်ကိုဖတ်ပြပါ သို့မဟုတ် ရှင်းပြပါ။ ကျောင်းသားများကို ဖတ်ခိုင်းစေခြင်း၊ အုပ်စုလိုက် အသံထွက်ဖတ်စေခြင်း လည်း ပြုလုပ်နိုင်သည်။

၅။ စာပိုဒ်အားဖတ်ပြီးပါက ကျောင်းသားများအား မြန်မာနိုင်ငံတွင် အစိုးရဖွဲ့စည်းပုံကိုပုံဖော်သည့် ပုံတစ်ပုံဆွဲစေပါ။ ကျောင်းသားတစ်ဦးချင်းဖြစ်စေ၊ အုပ်စုငယ်အတွင်းပူပေါင်း၍ ဖြစ်စေဆောင်ရွက်နိုင်သည်။ ထို့အတွက် စာရွက်အလွတ်များကို ဖြန့်ဝေပါ။

၆။ ကျောင်းသားများအားတွဲဘက်ရှာ၍ ဆွဲထားသည့်ပုံများကို အချင်းချင်းအပြန်အလှန် ပြသပါ။ သို့မဟုတ် အုပ်စုငယ်များအား တစ်တန်းလုံးကို၎င်းတို့ဆွဲထားသည့်ပုံကို ပြသစေပါ။

၇။ မှတ်ချက်ပေးပြီး လိုအပ်လျှင်ရှင်းလင်းပြောပြပါ။

ဥပမာ -



## ၅.၂ ကျောင်းသားရွေးကောက်ပွဲများ

၁၅ မိနစ်

၁။ ဇာတ်ညွှန်းများကို ကျောင်းသားများအား ဖတ်ပြပါ။

၂။ ကျောင်းသားများအား ကိုယ်စားလှယ်လောင်းများ၏ ကိုယ်ရေးအချက်အလက်များကိုဖတ်ရှုစေပြီး မည်သူကို မဲပေးမလဲ ဆုံးဖြတ်စေပါ။ ဘာကြောင့် မဲပေးမလဲစဉ်းစားခိုင်းပါ။

၃။ ကျောင်းသားများအား တွဲဘက်ရှာစေ၍ ရွေးချယ်ထားသည့်အကြောင်းကို ရှင်းပြပါစေ။

၄။ အောက်ပါမေးခွန်းများမေးမြန်း၍ ပြန်လည်အကျဉ်းချုပ်ပေးပါ။

- *မည်သည့်ကိုယ်စားလှယ်လောင်းအား မဲပေးရမည်ကိုဆုံးဖြတ်ရခြင်းသည် ခက်ခဲပါသလား။*
- *သင်မည်သို့ဆုံးဖြတ်ချက် ချခဲ့ပါသလဲ။ မည်သည့်အချက်အလက်များ ထည့်သွင်းစဉ်းစားခဲ့ပါသလဲ။*
- *မိမိတွဲဘက်ကျောင်းသားအား ပြောပြီးသည့်အခါမှ စိတ်ပြောင်းသွားတဲ့ကျောင်းသားများ ရှိပါသေးသလား။*

၅။ ရွေးကောက်ပွဲမတိုင်မီအချိန်တွင် ကိုယ်စားလှယ်လောင်းအမျိုးမျိုး၏အမြင်များ၊ တန်ဖိုးထားမှုများကို ပြည်သူများအနေဖြင့် လေ့လာရန်အခွင့်အရေးရကြောင်းပြောပြပြီး သင်ခန်းစာကိုအဆုံးသတ်ပါ။ ပြည်သူများက မည်သည့်ကိုယ်စားလှယ်လောင်းက ၎င်းတို့၏အမြင်များ၊ တန်ဖိုးထားမှုများကိုအကောင်းဆုံး ကိုယ်စားပြုနိုင်သလဲစဉ်းစားကာ ထိုကိုယ်စားလှယ်လောင်းကို မဲပေးကြသည်။ ပြည်သူများ၏တန်ဖိုးထားမှုများ၊ လိုအင်ဆန္ဒများ၊ လိုလားသည်များကိုကိုယ်စားပြုသည့် ခေါင်းဆောင်များကိုရွေးကောက်ရန် အလွန်ပင်အရေးကြီးပါသည်။

**ရွေးကောက်ပွဲသဏ္ဍာန်တူလေ့ကျင့်ခြင်း** - မဲလက်မှတ်နှင့် မဲပုံးများကြိုတင်ပြင်ဆင်ထားပါ။ ကျောင်းသားများအား အတန်းရှေ့ထွက်လာစေပါ သို့မဟုတ် အုပ်စုငယ်များ ပြုလုပ်ပါ။ မဲလက်မှတ်များကို ဝေပေးပါ။ ကျောင်းသားများအားငင်းတို့ ရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်း၏ဘေးတွင် အမှန်ခြစ်ခြစ်စေပြီး မည်သူမှမသိစေဘဲ (လျှို့ဝှက်) မဲပေးစေပါ။ မဲလက်မှတ်ကို မဲပုံးထဲထည့်စေပါ။ ကျောင်းသားအားလုံး မဲပေးပြီးသောအခါ မဲပုံးကိုကျောင်းသားများရှေ့မှောက်တွင် သွန်ချ၍ မဲရေတွက်ပါ။ မဲအနိုင်ရသူကိုကြေငြာပါ။

ရွေးချယ်စရာနည်းလမ်းအနေဖြင့် အထက်ဖော်ပြပါ ကျောင်းသားများ၏ ကိုယ်ရေးအချက်အလက်ကို အသုံးမပြုပဲ စာသင်ခန်းထဲမှ ကျောင်းသားများကို ဖိတ်ခေါ်၍ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခိုင်းပါ။ ကိုယ်စားလှယ်လောင်းတစ်ဦးစီကို ၎င်းတို့ဘာကြောင့် အတန်းခေါင်းဆောင်အဖြစ်ဆောင်ရွက်လိုကြောင်း မိန့်ခွန်းပြောခိုင်းပါ။ ထို့နောက် အတန်းသားများအားလုံးကို မဲပေးခိုင်းပါ။

## ၅.၃ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ

၁၅ မိနစ်

**ရွေးချယ်စရာနည်းလမ်း - က (လှုပ်ရှားမှု အကန့်အသတ်)**

၁။ ဇာတ်ညွှန်းများကို ကျောင်းသားများအား ဖတ်ပြပါ။

၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ စည်းကမ်းများကိုဆန်းစစ်စေပါ။ စည်းကမ်းများသည် တရားမျှတမှု ရှိ၊ မရှိ ဆုံးဖြတ်စေပါ။

၃။ ကျောင်းသားများဆွေးနွေးနေစဉ် စည်းကမ်းများကိုသင်ပုန်းပေါ်တွင် ချရေးပါ။

၄။ ၎င်းတို့အမြင်များကိုဝေမျှရန် ကျောင်းသားများကိုဖိတ်ခေါ်ပါ။ ကျောင်းသားများပြောသည်ကို သင်ပုန်းပေါ်ရှိ သက်ဆိုင်ရာစည်းကမ်းချက်ဘေးနားတွင် မှတ်သားပါ။

၅။ အောက်ပါမေးခွန်းများမေး၍ ဆွေးနွေးခြင်းကိုပံ့ပိုးပေးပါ။
- *သူပြောတာကို အားလုံးသဘောတူပါသလား။*
- *သဘောမတူတဲ့အဖြေ ရှိပါသလား။ ဘာဖြစ်လို့ပါလဲ။*
- *ဒီစည်းကမ်းရဲ့ ရည်ရွယ်ချက်က ဘာဖြစ်မယ်လို့ ထင်ပါသလဲ။*
- *ဘာစည်းကမ်းမှမထားရင် ပိုမကောင်းဘူးလား။*

**ရွေးချယ်စရာနည်းလမ်း - ခ (လှုပ်ရှားမှု အခြေပြု)**

၁။ ဇာတ်ညွှန်းများကို ကျောင်းသားများအား ဖတ်ပြပါ။
၂။ ကျောင်းသားများအား နှစ်ယောက်တစ်တွဲဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ စည်းကမ်းများကို ဆန်းစစ်စေပါ။ စည်းကမ်းများသည် တရားမျှတမှု ရှိ၊ မရှိ ဆုံးဖြတ်စေပါ။
၃။ ကျောင်းသားများဆွေးနွေးနေစဉ် စည်းကမ်းများကိုသင်ပုန်းပေါ်တွင် ချရေးပါ။
၄။ ကျောင်းသားများအား ၅-၁၀ မိနစ်ခန့်ဆွေးနွေးရန် အချိန်ပေးပြီးနောက် "လက်သီးလက်ဝါး" နည်းလမ်း အကြောင်းရှင်းပြပါ။
၅။ ကျောင်းသားများအား လက်မြှောက်ထားရန်ပြောပါ။ ပထမစည်းကမ်းကို အသံကျယ်ကျယ် ဖတ်ပြပါ။ "လက်သီးလက်ဝါး" နည်းလမ်းအတိုင်း "တရားမျှတမှု ရှိ၊ မရှိ" ကျောင်းသားများအား အချက်ပြစေပါ။
၆။ ကျောင်းသားအချို့ကို ၎င်းတို့အမြင်အားရှင်းပြရန်မေးမြန်းပါ။ လက်သီး၊ လက်သုံးချောင်း၊ လက်ငါးချောင်း စသည်ဖြင့် အဖြေပေးသည့်ကျောင်းသားစုံအောင် ပါဝင်ပါစေ။ ကျန်သောစည်းကမ်းငါးချက်ကို ဆက်လက် လုပ်ဆောင်ပါ။

**လက်သီးလက်ဝါး**[4] ကျောင်းသားများ၏ တစ်ဦးချင်းနားလည်မှုနှင့် ပူးပေါင်းပါဝင်မှုအကောင်းဆုံးရရှိရန် အားပေးသည့် နည်းလမ်းကောင်းတစ်ရပ်ဖြစ်သည်။ လက်သီးဆုပ်က "လုံးဝသဘောမတူဘူး" (ယခုလေ့ကျင့်ခန်းတွင် "လုံးဝတရား မျှတမှုမရှိ") ဟုဆိုလိုသည်။ လက်ဝါး (လက်ငါးချောင်းပြခြင်း)သည် "လုံးဝသဘောတူတယ်" (ယခုလေ့ကျင့်ခန်းတွင် "လုံးဝတရားမျှတယ်") ဟုဆိုလိုသည်။ လက်တစ်ချောင်းထောင်ခြင်း၊ နှစ်ချောင်း၊ သုံးချောင်းထောင်ခြင်းတို့သည် အထက်ပါနှစ်ခုကြားတွင် သဘောတူညီမှုအနိမ့်အမြင့်ကို ပြသခြင်းဖြစ်သည်။ (လက်နှစ်ချောင်းထက် လက်သုံးချောင်း ထောင်တာက ပိုပြီးသဘောတူသည်)

## ဖြစ်နိုင်ဖွယ်အဖြေများနှင့် နောက်ခံအချက်အလက်[5]

**မိန်းကလေးများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။**

- ၂၀ ရာစုအထိ တိုင်းပြည်အများစုသည် အမျိုးသမီးများအားမဲပေးခွင့်၊ အစိုးရရာထူးများတွင် ပါဝင်အရွေးခံခွင့် မရှိပေ။
- ပါလီမန်ရွေးကောက်ပွဲသည် အမျိုးသမီးကိုယ်စားလှယ်လောင်းများအတွက် စံချိန်တင် ၆၄ ရာခိုင်နှုန်းနေရာ ပေးခြင်းဖြင့် အာဖရိကတိုက်၏ ရဝမ်ဒါနိုင်ငံအား နိုင်ငံရေးလောကမှအမျိုးသမီးများအတွက် ထိပ်တန်းနိုင်ငံ ဖြစ်စေခဲ့သည်။

**မူလတန်းကတည်းက ဤကျောင်းတွင်ကျောင်းတက်ခဲ့သည့် ကျောင်းသားများသာယှဉ်ပြိုင်ခွင့်ရှိသည်။**

- မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်လောင်းတစ်ဦးသည် နိုင်ငံအတွင်းအနည်းဆုံး ဆယ်နှစ်ဆက်တိုက် နေထိုင်သူ ဖြစ်ရန် ဥပဒေအရလိုအပ်သည်။

**ရှစ်တန်းနှင့်အထက်ကျောင်းသားများသာ ယှဉ်ပြိုင်ခွင့်ရှိသည်။**

- မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုတွင် အစိုးရရာထူးယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းသည် အနည်းဆုံး အသက် ၂၅-၃၀ ရှိရန်လိုအပ်သော်လည်း တိုင်းပြည်အချို့တွင်သာ ပညာရေးလိုအပ်ချက်သတ်မှတ်ထားသည်။

**ယှဉ်ပြိုင်လိုသည့် ကျောင်းသားများအနေဖြင့် စာရင်းသွင်းခငွေ ၁ သိန်းပေးဆောင်ရမည်။**

- မြန်မာနိုင်ငံတွင် ကိုယ်စားလှယ်လောင်းတစ်ဦးသည် အထွေထွေရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ဝင်ကြေး ၃ သိန်းကျပ်ပေးသွင်းရသည်။

**ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသည့်ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိ။**

- ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသည့် ကိုယ်စားလှယ်များသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပါဝင်မှုနည်းပါးနေပါသေးသည်။ မြန်မာနိုင်ငံတွင်လည်း "စိတ်ပိုင်းဆိုင်ရာချို့ယွင်းသူ" များသည် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ခွင့် မရှိပေ။

**ကိုယ်စားလှယ်လောင်းများအားလုံး ဘာကြောင့်ဝင်ရောက်အရွေးခံသည်ကို ဆယ်မိနစ်စာမိန့်ခွန်းတစ်ခု ပြောကြားရမည်။**

- ထုံးစံအားဖြင့် ကိုယ်စားလောင်းများသည် ၎င်းတို့ပါဝင်ယှဉ်ပြိုင်ရသည့်အကြောင်းရင်းများကို ရှင်းပြရန် မဲဆွယ်ပွဲများ ပြုလုပ်ရသည်။ မဲဆွယ်ခြင်းတွင် မိန့်ခွန်းပြောခြင်း၊ ထောက်ခံပွဲများကျင်းပခြင်း၊ မီဒီယာများတွင် ပါဝင်ထုတ်လွှင့်ခြင်း စသည်တို့ပါဝင်သည်။

၁။ ရွေးကောက်ပွဲများရှိခြင်းသည် ထိုနိုင်ငံ ဒီမိုကရေစီနိုင်ငံဖြစ်သည်ဟု မဆိုလိုကြောင်းရှင်းပြပြီး သင်ခန်းစာကို အဆုံးသတ်ပါ။ ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတရန် လိုအပ်သေးသည်။ အာဏာရှိနေသူများသည်လည်း ရွေးကောက်ပွဲရှုံးနိမ့်နိုင်သည့် အခြေအနေစစ်စစ်ရှိရမည်။ တိုင်းပြည်အများစုတွင် ရွေးကောက်ပွဲများလွတ်လပ်၍တရားမျှတစေရန် စည်းကမ်းများရှိကြသည်။

၂။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများသင်ခန်းစာ၏ စာပိုဒ်ကိုဖတ်ပြပြီး (သို့မဟုတ်) ကျောင်းသားများအားဖတ်စေပြီး အကျဉ်းချုပ်ပြောပြပါ။

သင်ခန်းစာ (၆)

# ပြန်လည်သုံးသပ်ခြင်း




(၁) အထက်ပါစာသားများသည် လင်းထက်၏ "တရားမျှတ လွတ်လပ်ရာမြေ" သီချင်းမှ စာသားများ ဖြစ်ပါသည်။ ထိုစာသားများကိုဖတ်ပြီး သင်မည်သို့ ခံစားရပါသလဲ။

(၂) လင်းထက်မှ မည်သည့်ခံစားချက် (သို့) သတင်းစကားကိုပေးရန် ကြိုးစားထားပါသလဲ။

(၃) ဂီတသည် လူ့အဖွဲ့အစည်းအပြောင်းအလဲအတွက် အင်အားကြီးသောလက်နက်တစ်ခု ဖြစ်ပါသည်။ ဘာကြောင့်ဟု သင်ထင်ပါသလဲ။ မည်သို့သောနည်းဖြင့် ဂီတသည်လူ့အဖွဲ့အစည်းအပြောင်းအလဲဖြစ်ဖို့အတွက် လှုံ့ဆော်ပေးနိုင်ပါသလဲ။

စိတ်ခံစားချက်များကို ဖေ့ဆော်ပေးရန်နှင့် စိတ်ကူးကွန့်မြူးနိုင်စေရန် ပံ့ပိုးပေးနိုင်သောအစွမ်းရှိသည့်ဂီတသည် တန်ဖိုးထားမှုနှင့် အတွေးအခေါ်တူကြသူများကို စုစည်းပေးနိုင်သည်။

လင်းထက်သည် အသက် ၁၅ နှစ်တွင် သီချင်းများကိုစတင်ရေးသားပြီး စစ်ဘေးသင့်ပြည်သူများ အထူးသဖြင့် မလုံခြုံသောဒေသများတွင်နေထိုင်နေရသော ကလေးသူငယ်များ၏ အခြေအနေများနှင့် ပတ်သက်ပြီး သီချင်းများဖြင့်ခံစားချက်များကို ထုတ်ဖော်ခဲ့သည်။ ထို့နောက် သူသည်ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး သီချင်းရေးရန် စိတ်ဝင်စားသောသူငယ်ချင်းများနှင့်ပူးပေါင်း၍ ဂီတအဖွဲ့တစ်ခု ဖွဲ့စည်းခဲ့သည်။

“ကျတော်တို့အဖွဲ့၏ရည်မှန်းချက်က လူငယ်တွေဟာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းတွေမှာ ပါဝင်နိုင်တယ်ဆိုတာကို ပြသဖို့ဖြစ်တယ်။ ကျတော်တို့ ပဋိပက္ခတွေကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ မျှော်လင့်ကြတယ်။ ကျတော်တို့ရဲ့ခံစားချက်တွေကို ဂီတကလွဲလို့ တခြားနည်းနဲ့ ဘယ်လိုဖော်ပြရမှန်း မသိဘူး။ ဂီတက အင်အားကြီးတယ်ဆိုတာ ကျတော်တို့သိတယ်။ ဒါကြောင့် ဂီတကိုအသုံးပြုပြီး ငြိမ်းချမ်းရေးကို တောင်းဆိုချင်တယ်” ဟု လင်းထက်မှ ရှင်းပြခဲ့သည်။

ဂီတသည် အရေးကြီးသော သတင်းအချက်အလက်များကိုပေးရန်နှင့် စိတ်ခံစားမှုများကိုလှုံ့ဆော်ပေးနိုင်သော အစွမ်းရှိသောကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့တွင် လူထုလှုပ်ရှားမှုများအတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်သည်။ မြန်မာနိုင်ငံတွင် ဂီတပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများနှင့် လူမှုအဖွဲ့အစည်းများသည် ပြည်သူများ၊ အထူးသဖြင့်လူငယ်များကို ၎င်းတို့ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များကို သိရှိနိုင်စေရန်နှင့် ၎င်းတို့၏ရပ်ရွာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြဖို့တိုက်တွန်းရန် ဂီတကိုများစွာအသုံးပြုလာကြသည်။

Nyein Ei EiHtwe, 'Young Musicians Sing Songs of Peace,' Myanmar Times, October 2012. <https://www.mmtimes.com/lifestyle/2279-young-musicians-sing-songs-of-peace.html> accessed on 01 July 2019.

သင်ခန်းစာ (၆)

# ပြန်လည်သုံးသပ်ခြင်း

## ၆.၁ သဘောတူ၊ မတူ

အောက်ပါအဆိုပြုချက်များကို တစ်ယောက်တည်းဖတ်၍ ဖြေဆိုပါ။ အပြည့်အဝသဘောတူ (၅)၊ သဘောတူ (၄)၊ မသေချာ (၃)၊ သဘောမတူ (၂)၊ အပြည့်အဝသဘောမတူ (၁) စသည်ဖြင့် သက်ဆိုင်ရာနေရာတွင် အမှန်ခြစ် ခြစ်ပါ။ အခြားသူများနှင့် သင့်အဖြေကိုဝေမျှရန် ပြင်ဆင်ထားပါ။

| စဉ် | အဆိုပြုချက် | ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|---|---|
| (က) | ဒီမိုကရေစီစနစ်တွင် ပြည်သူများက ဦးစီးဦးဆောင်ဖြစ်သည်။ | | | | | |
| (ခ) | လူတိုင်းကသဘောတူမှသာ ဆုံးဖြတ်ချက်များသည် အကောင်းဆုံးဖြစ်သည်။ | | | | | |
| (ဂ) | တိုင်းပြည်တိုင်းသည် ဒီမိုကရေစီကို အစိုးရစနစ်တစ်ရပ်အဖြစ် လက်ခံကျင့်သုံးသင့်သည်။ | | | | | |
| (ဃ) | လူငယ်များအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်ခွင့်ရရန် အရေးကြီးသည်။ | | | | | |
| (င) | တချို့ဆုံးဖြတ်ချက်များသည် ဒီမိုကရေစီနည်းမကျဘဲ ဆုံးဖြတ်လျှင် ပိုကောင်းသည်။ | | | | | |
| (စ) | အများပြည်သူ ရွေးကောက်ပွဲများတွင်မဲပေးခြင်းသည် မဖြစ်မနေ ပြုလုပ်ရမည့်တာဝန် ဖြစ်သင့်သည်။ | | | | | |

**ဆွေးနွေးခြင်း**

- နှစ်ယောက်တစ်တွဲ ဖြစ်စေ၊ အုပ်စုငယ်အတွင်းဖြစ်စေ အဖြေများကိုနှိုင်းယှဉ်ကြည့်ပါ။
- အဖြေတစ်ခုချင်းစီအတွက် သင့်အကြောင်းပြချက်ကိုရှင်းပြပါ။
- သင့်တွဲဖက်၏အဖြေကိုနားမလည်ပါက မေးခွန်းများမေးပါ။

## ၆.၂ အဆိုအမိန့်များ

အောက်ပါတို့သည် မြန်မာနိုင်ငံနှင့်ကမ္ဘာတဝှမ်းမှ "ဒီမိုကရေစီ" အကြောင်းအရာနှင့်ပတ်သတ်သော အဆိုအမိန့်များ ဖြစ်ပါသည်။ အုပ်စုအတွင်းတွင် အဆိုအမိန့်များကို ဆွေးနွေးပါ။

၁။ မည်သည့်အဆိုအမိန့်ကို သင်အကြိုက်ဆုံးဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

၂။ အဆိုအမိန့်ကို ရေးသားခဲ့သူသည် ဒီမိုကရေစီနှင့် ပါတ်သက်ပြီး မည်သို့ပြောခဲ့သည်ဟု သင်ထင်ပါသလဲ။

၃။ သင်ရွေးချယ်ထားသော အဆိုအမိန့်သည် သင်ခန်းစာ (၁) မှ (၅) အထိလေ့လာခဲ့သော အတွေးအခေါ် အယူအဆများနှင့် မည်သို့ဆက်စပ်ပါသလဲ။



ဒီမိုကရေစီဆိုတာလူအချင်းချင်းခွဲခြားဆက်ဆံညှင်းပန်းနှိပ်စက်တာကိုလုံးဝမလိုလားဘူး။

**• သခင်ဘသောင်း**

အကျင့်သီလမကောင်းတဲ့ အရာရှိများကို ဆန္ဒမဲမပေးတဲ့ လူကောင်းတွေက ရွေးချယ်တင်မြှောက်ကြတယ်။

**• ဂျော့ဂျန်းနေသန်**





ကျုပ်နားလည်တဲ့ ဒီမိုကရေစီဆိုတာ ဉစ္စာ၊ အာဏာ၊ အင်အားနည်းသူတွေကို အင်အားကြီးသူတွေလိုပဲ အခွင့်အရေးတန်းတူပေးတဲ့ စနစ်ဖြစ်တယ်။

**• မဟတ္တမ ဂန္ဒီ**

လူအများ သဘောတူခွင့်ပြုချက်မပါပဲ မည်သူမျှ တခြားလူတစ်ယောက်ကို အုပ်ချုပ်ဖို့ အရည်အချင်းမရှိဘူး။

**• အေဗရာဟင် လင်ကွန်း**





ကျွန်တော်တို့ အပြုအမူတိုင်းဟာ ကျွန်တော်တို့ နေထိုင်လိုတဲ့ လူ့အသိုင်းအဝိုင်းပုံစံဖြစ်ဖို့အတွက် မဲတစ်မဲ ဖြစ်တယ်။

**• ဒက်စမွန်တူးတူး**

ဒီမိုကရေစီက ပြည့်စုံတဲ့စနစ်တစ်ခုမဟုတ်ပါဘူးလို့ ကျမအမြဲပဲရှင်းပြဖို့ကြိုးစားပါတယ်။ ဒါပေမယ့် ဒီမိုကရေစီကပဲ ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်ဖန်တီးနိုင်တဲ့ အခွင့်အရေးတစ်ခု ပေးပါတယ်။

**• ဒေါ်အောင်ဆန်းစုကြည်**



## သင်ခန်းစာ (၆)

# ပြန်လည်သုံးသပ်ခြင်း

ဆရာအတွက်မှတ်စု

## ၆.၁ သဘောတူ၊ မတူ

၁၅ မိနစ်

**ရွေးချယ်စရာနည်းလမ်း - က (လှုပ်ရှားမှု အကန့်အသတ်)**

အဆိုပြုချက်များကိုကျောင်းသားများအားဖတ်စေ၍ အပြည့်အဝသဘောတူ(၅)၊ သဘောတူ(၄)၊ မသေချာ(၃)၊ သဘောမတူ(၂)၊ အပြည့်အဝသဘောမတူ (၁) စသည်ဖြင့် သက်ဆိုင်ရာနေရာတွင် အမှန်ခြစ် ခြစ်၍ ဖြေဆိုစေပါ။

၁။ နှစ်ယောက်တစ်တွဲ ဖြစ်စေ၊ အုပ်စုငယ်အတွင်း ဖြစ်စေအဖြေများကို နှိုင်းယှဉ်ကြည့်စေပါ။ တွဲဖက်ကျောင်းသား၏အဖြေကိုနားမလည်ပါက မေးခွန်းများမေးရန် တိုက်တွန်းပါ။

၂။ ကျောင်းသားတစ်ယောက်အား အဖြေများအတွက် အကြောင်းပြချက်များနှင့် အဖြေများကိုဝေမျှရန်ဖိတ်ခေါ်ပါ။

၃။ အောက်ပါမေးခွန်းများမေးပြီး သင်ခန်းစာကို ပြန်လည်အကျဉ်းချုပ်ပေးပါ။

- *ကျောင်းသားအားလုံး သဘောတူသည့်အဆိုပြုချက် ရှိပါသလား။*
- *မည်သည့်အဆိုပြုချက်က ဆွေးနွေးမှု (အပြန်အလှန်ငြင်းခုံ၊ စိတ်ဝင်စားကြ၊ အငြင်းပွားစရာ) အများဆုံး ဖြစ်စေသလဲ။*
- *ဘယ်အချက်တွေက အငြင်းပွားစရာအများဆုံး ဖြစ်စေသလဲ။ ကွဲပြားနေတဲ့ အမြင်အမျိုးမျိုးတွေက ဘာတွေလဲ။*

**ရွေးချယ်စရာနည်းလမ်း - ခ (လှုပ်ရှားမှု အခြေပြု)**

၁။ စာသင်ခန်းထဲတွင် နေရာလွတ်ကွက်လပ်တစ်ခု ဖန်တီးပါ။

၂။ ကွက်လပ်အလယ်မှဖြတ်၍ စိတ်ကူးမျဉ်းတစ်ကြောင်းဆွဲပါ။ ဤမျဉ်းသည် သဘောတူညီမှု အနိမ့်အမြင့်ကို ပြဆိုမည့်မျဉ်းဖြစ်ကြောင်း ရှင်းပြပါ။ လက်ဝဲဘက်အစွန်သည် သဘောမတူဆုံးဖြစ်ပြီး ယာဘက်အစွန်သည် သဘောအတူဆုံးဖြစ်သည်။ ဆရာကအဆိုပြုချက်တစ်ခုဖတ်လိုက်တိုင်း ကျောင်းသားများက သဘောတူညီမှု အတိုင်းအတာအလိုက် မျဉ်းပေါ်တွင်မတ်တပ်နေရာယူရန် ဖြစ်သည်။ ကျောင်းသားများက အဆိုပြုချက်ကို ၁၀၀ ရာခိုင်နှုန်းသဘောမတူပါက လက်ဝဲဘက်အစွန်ဆုံးတွင် မတ်တပ်ရပ်ရမည်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသာ သဘောမတူပါက အလယ်ဗဟိုနား လက်ဝဲဘက်ခြမ်းတွင် ရပ်ရမည်။ စသည်ဖြင့်ရှင်းပြပါ။

၃။ နမူနာမေးခွန်းများမေးကြည့်၍ ကျောင်းသားများ နားလည်၊ မလည်ကိုစမ်းကြည့်ပါ။ ဥပမာ - မြန်မာနိုင်ငံသည် အာရှတိုက်တွင်ပါဝင်သည်ဆိုလျှင် ကျောင်းသားအားလုံးသည် ယာဘက်အစွန်းတွင် နေရာယူသင့်သည်။ တရုတ်စာသည် အသုံးဝင်ဆုံးသော ဘာသာစကားဖြစ်သည်ဆိုလျှင်တော့ အမြင်အမျိုးမျိုးဖြစ်နိုင်ပြီး နေရာစုံတွင် မတ်တပ်ရပ်လိမ့်မည်။

၄။ လေ့ကျင့်ခန်း ၆.၁ တွင်ဖော်ပြထားခဲ့သည့်ထဲမှ ပထမအဆိုပြုချက်ကိုဖတ်ပြပါ။

၅။ ကျောင်းသားများမျဉ်းပေါ်တွင်နေရာယူပြီးပါက ကျောင်းသားတချို့ကို ဘာဖြစ်လို့သူတို့ဒီနေရာကို ရွေးသလဲ မေးကြည့်ပါ။ မတူညီသောနေရာတွင်ရပ်နေသော အခြားကျောင်းသားများကိုလည်း မေးကြည့်ပါ။

၆။ အခြားအဆိုပြုချက်များကို ဆက်လက်ပြုလုပ်ပါ။

**မှတ်ချက်** ။ "သဘောတူ၊ မတူ" လေ့ကျင့်ခန်းသည် ပထမသင်ခန်းစာ ၅ ခုတွင်မိတ်ဆက်ခဲ့သော အယူအဆများကို ကျောင်းသားများ ကိုယ်ပိုင်အတွေးအမြင်ဖြင့် ပြန်လည်စဉ်းစားသုံးသပ်ရန်၊ အပြန်အလှန်ဆွေးနွေး နိုင်စေရန်အတွက်ရည်ရွယ်သည်။ မှားသောအဖြေမရှိပါ။ သို့သော်အဓိကသဘောတရားများကို သင့်တော်သလို ရှင်းလင်းပြောပြပါ။

## ဖြစ်နိုင်ချေရှိသောအဖြေများနှင့် နောက်ခံအချက်အလက်

**ဒီမိုကရေစီစနစ်တွင် ပြည်သူများက ဦးစီးဦးဆောင်ဖြစ်သည်။**

- *ဒီမိုကရေစီသည် "ပြည်သူများကအုပ်ချုပ်ခြင်း" ဟု တိုက်ရိုက်ဆိုလိုသည်။ သို့သော် ခေတ်သစ်ဒီမိုကရေစီ နိုင်ငံများတွင် ပြည်သူများက ၎င်းတို့ကိုယ်စားဆုံးဖြတ်ချက်များချမှတ်ရန် ကိုယ်စားလှယ်များကို ရွေးချယ်ကြ သည်။*

**လူတိုင်းကသဘောတူမှသာ ဆုံးဖြတ်ချက်များသည် အကောင်းဆုံး ဖြစ်သည်။**

- *အုပ်စုအတွင်းအဖွဲ့ဝင်များအားလုံးက ဆုံးဖြတ်ချက်အားသဘောတူကြသောအခါ "အများသဘောဆန္ဒနှင့် အညီဆောင်ရွက်မှု (Consensus)" ဖြစ်သည်။ "အများသဘောဆန္ဒနှင့်အညီ ဆောင်ရွက်မှု" သည် အားလုံး အထူးပါဝင်ဆောင်ရွက်ရပြီး စိတ်ကျေနပ်မှုအမြင့်ဆုံးပေးစွမ်းနိုင်သည်။ သို့သော် ထိုသို့ဖြစ်ရန်အချိန်ကြာ နိုင်သည်။*

**တိုင်းပြည်တိုင်းသည် ဒီမိုကရေစီကိုအစိုးရစနစ်တစ်ရပ်အဖြစ် လက်ခံကျင့်သုံးသင့်သည်။**

- *ကမ္ဘာပေါ်ရှိတိုင်းပြည်အများစုသည် ဒီမိုကရေစီအစိုးရများ ဖြစ်ကြသည်။ ဒီမိုကရေစီသိသိသာသာ ပြန့်ပွား လာမှုသည် ကိုလိုနီအင်ပါယာများအဆုံးသတ်သွားသည့် ၂၀ ရာစုအကုန်ပိုင်းနှင့် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲ သည့် ၁၉၈၉ ခုနှစ်နောက်ပိုင်းတွင်ဖြစ်သည်။ လတ်တလောတွင်တော့ ကမ္ဘာတွင်ဒီမိုကရေစီနိုင်ငံ အရေ အတွက် ကျဆင်းလာခြင်းကို ကြုံတွေ့နေရသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များ ဆုတ်ယုတ်လာခြင်း ကဲ့သို့ ဒီမိုကရေစီ၏အစိတ်အပိုင်းအချို့ ကျဆင်းလာနေသည်။*

**လူငယ်များအတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ပါဝင်ခွင့်ရရန်အရေးကြီးသည်။**

- *အဓိပ္ပါယ်ပြည့်ဝသော ဒီမိုကရေစီ ဖြစ်ရန်လူငယ်များ ပြည့်ပြည့်ဝဝပါဝင်ခွင့်ရရန်လိုအပ်သည်ဟု ကမ္ဘာကြီးက ယခုအချိန်တွင် အသိအမှတ်ပြုထားပြီး ဖြစ်သည်။ အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်းလူငယ်များသည် မြန်မာနိုင်ငံ လူဦးရေ၏လေးပုံတစ်ပုံကို ကိုယ်စားပြုပြီး တိုင်းပြည်အနာဂတ်အတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင် ပါသည်။*[6]

**တချို့ ဆုံးဖြတ်ချက်များသည် ဒီမိုကရေစီနည်းမကျဘဲဆုံးဖြတ်လျှင် ပိုကောင်းသည်။**

- *ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် အခြေအနေတိုင်းနှင့်သင့်တော်သည် မဟုတ်ပေ။ အချို့*

*အခြေအနေများတွင် အထူးကျွမ်းကျင်သည့် အသိပညာလိုအပ်သည်။ ဥပမာ - သင့်ရောဂါအားမည်သို့ ကုသသင့်သလဲဆိုတာကို လူနာစောင့်ခန်းထဲရှိအခြားလူနာများက မဲပေးရွေးချယ်တာကို သင်လက်ခံနိုင်မည်မဟုတ်ပေ။ အချို့အခြေအနေများသည် အလွန့်အလွန်အလျင်လိုနေတတ်သဖြင့် လူတစ်ယောက်တည်း သို့မဟုတ် လူအနည်းစုကသာ ဆုံးဖြတ်ခြင်းကပိုကောင်းသည်။*

**အများပြည်သူ ရွေးကောက်ပွဲများတွင်မဲပေးခြင်းသည် မဖြစ်မနေပြုလုပ်ရမည့် တာဝန်ဖြစ်သင့်သည်။**

- *မဲပေးခြင်းအား တာဝန်တစ်ရပ်အဖြစ်စဉ်းစားသည့် အချို့နိုင်ငံများတွင် ရွေးကောက်ပွဲများတွင် မဲပေးခြင်းအား မဖြစ်မနေပြုလုပ်ရမည့်တာဝန်အဖြစ် သတ်မှတ်ထားသည်။ မဲပေးရန်ပျက်ကွက်သူများသည် အပြစ်ပေးခံရနိုင်သည်။ မဖြစ်မနေမဲပေးရသည့်နိုင်ငံများတွင် ဘယ်လ်ဂျီယံ၊ အာဂျင်တီးနားနှင့် ဩစတေးလျတို့ပါဝင်ကြသည်။ မဖြစ်မနေမဲပေးခြင်းကို ထောက်ခံသူများက ပြည်သူများပိုပြီးမဲပေးကြလေလေ အစိုးရသည်ပိုပြီးတရားဝင်ခိုင်မာမှုရှိလေလေဟု ဆိုကြသည်။ ထို့ကြောင့် မဲပေးခြင်းသည်ပင်လျှင် အများပြည်သူအတွက် ပညာရစေသည့်အကျိုးရှိသည်ဟုဆိုကြသည်။ ထို့အပြင်ဒီမိုကရေစီသည် "ပြည်သူများကအုပ်ချုပ်မှု"ဟု ဆိုပါကလူတိုင်းတွင်မဲပေးရန်တာဝန်ရှိပေသည်။ မဖြစ်မနေမဲပေးခြင်းကိုဆန့်ကျင်သည့်အဓိကအဆိုမှာထိုသို့ပြုလုပ်ခြင်းသည် ဒီမိုကရေစီနှင့်ယှဉ်တွဲနေသော လွတ်လပ်ခွင့်နှင့်မကိုက်ညီဟု ဆိုကြခြင်းဖြစ်သည်။ လူတိုင်းတွင်မဲပေးမလား မဲမပေးဘူးလားဆိုသည်ကို လွတ်လပ်စွာရွေးချယ်ခွင့် ရှိသင့်သည်။*[7]

## ၆.၂ အဆိုအမိန့်များ

မိနစ် ၃၀

၁။ ကျောင်းသားများအား အုပ်စုငယ်များဖွဲ့စေပါ။

၂။ အုပ်စုအတွင်းတွင် အဆိုအမိန့်များကိုဆွေးနွေးစေပြီး မေးခွန်း (၃) ခုကိုဖြေခိုင်းပါ။

၃။ အဆိုအမိန့် တစ်ခုချင်းစီနှင့်ပတ်သက်၍ ထင်မြင်သည်များကိုမျှဝေရန် ကျောင်းသားများကိုဖိတ်ခေါ်ပါ။ လိုအပ်သလို အချက်အလက်များကို ရှင်းလင်းပြောပြပါ။

၄။ အုပ်စုတစ်ခုချင်းစီအား ၎င်းတို့အနှစ်သက်ဆုံးအဆိုအမိန့်ကို ရွေးချယ်ရန်ပြောပါ။ ဘာကြောင့် ထိုအဆိုအမိန့်ကို ရွေးချယ်ရကြောင်း ရှင်းပြရန်ကြိုတင်ပြင်ဆင်ထားဖို့ပြောပါ။

၅။ အဖွဲ့တစ်ဖွဲ့စီမှ ကျောင်းသားတစ်ဦးကို ၎င်းတို့အဖွဲ့အနေဖြင့် ရွေးချယ်ထားသောအဆိုအမိန့်နှင့်ပတ်သက်၍ ဘာကြောင့်ရွေးချယ်ရခဲ့ခြင်းဖြစ်ကြောင်းကို ရှင်းပြခိုင်းပါ။

၆။ အဖြေမှားဟူ၍ မရှိပေ။ သို့သော် အဓိကသဘောတရားများ၊ အကြောင်းအရာများကို လိုအပ်သလိုရှင်းလင်းပြောပြပါ။

၇။ အခြားကျောင်းသားများကိုလည်း ၎င်းတို့အား စိတ်အားတက်ကြွစေသော အခြားအဆိုအမိန့်များကို မျှဝေရန် ဖိတ်ခေါ်ပါ။

**မှတ်ချက်** ။ အကယ်၍ သင့်အတွက်အချိန်နည်းနေပါက အဖွဲ့တစ်ဖွဲ့ချင်းစီအတွက် ဆွေးနွေးရန် အဆိုအမိန့် အရေအတွက်ကို လျှော့လိုက်ပါ။ အဖွဲ့တစ်ဖွဲ့စီကို မတူညီသော အဆိုအမိန့်တစ်ခုစီပေး၍ ဆွေးနွေးခိုင်းပါ။ ဆွေးနွေးချိန်ပေးပြီးပါက အဖွဲ့တစ်ဖွဲ့ချင်းစီကို ၎င်းတို့တွင်ရှိသော အဆိုအမိန့်နှင့် ပါတ်သက်၍ ရှင်းပြခိုင်းပါ။ မေးခွန်း (၃) ခုနှင့် ပတ်သက်၍ ၎င်းတို့၏ ဆွေးနွေးချက်များကိုလည်း တင်ပြခိုင်းပါ။ အဖွဲ့များ အဆိုအမိန့်အားလုံးနှင့် ပတ်သက်သော ရှင်းပြချက်များကို ကြားပြီးနောက် အဖွဲ့တစ်ဖွဲ့ချင်းစီကို ၎င်းတို့အကြိုက်ဆုံး အဆိုအမိန့်တစ်ခုကို ရွေးချယ်ခိုင်းပါ။ ဘာကြောင့် ထိုအဆိုအမိန့်ကို ရွေးချယ်ရကြောင်းရှင်းပြရန် ကြိုတင်ပြင်ဆင်ထားဖို့ ပြောပါ။

## အဆိုအမိန့်များ၏ ဖြစ်နိုင်ချေရှိသော ကောက်ယူမှုအဖြေများ

**"ဒီမိုကရေစီဆိုတာ လူအချင်းချင်းခွဲခြား ဆက်ဆံညှင်းပန်းနှိပ်စက်တာကို လုံးဝမလိုလားဘူး။" – သခင်ဘသောင်း**

- *ဒီမိုကရေစီစနစ်တွင် အသက်၊ လိင်ကွဲပြားမှု၊ လူမျိုး၊ ဘာသာ၊ ပညာရေးအခြေအနေ စသည်တို့မည်သို့ပင်ရှိစေ ပြည်သူအားလုံးကို တန်းတူညီမျှဟု သဘောထားသည်။ ဒီမိုကရေစီစနစ်တွင် မတူကွဲပြားမှုများ စုံလင်စွာရှိနေမှုအား ခြိမ်းခြောက်မှုတစ်ရပ်အဖြစ်မရှုမြင်ဘဲ တီထွင်ဖန်တီးမှုများ၏ အရင်းအမြစ်တစ်ခုအဖြစ် ရှုမြင်သည်။*

**ဆိုးရွားတဲ့ အစိုးရကိုမဲဆန္ဒမပေးတဲ့ လူကောင်းတွေက ရွေးချယ်တင်မြှောက်တယ်" - ဂျော့ ယန်းနေသန်**

- *သင်မဲမပေးသောအခါ သင်နှင့်သင့်မိသားစု၊ သင့်ရပ်ရွာ လူထုကိုအကျိုးပြုနိုင်မည့် ဆုံးဖြတ်ချက်များချမှတ်မည့် လူတစ်ယောက်ယောက်ကို အာဏာရအောင်လုပ်ပေးလိုက်နိုင်ပေသည်။ သင်မဲမပေးဘဲနေသည့်အခါ သင့်အနေဖြင့်မကျေနပ်ကြောင်း အထွန့်မတက်နိုင်ပေ။ ဆုံးဖြတ်ချက်ကိုလွှမ်းမိုးနိုင်ရန် သင့်တွင်ရှိသည့် အာဏာကို အသုံးမပြုခြင်းဖြစ်သည်။*

***ဆက်စပ်အကြောင်းအရာများ*** *- တိုက်ရိုက်ဒီမိုကရေစီနှင့် သွယ်ဝိုက်ဒီမိုကရေစီ၊ ရွေးကောက်ပွဲများ*

**"အားနည်းတဲ့သူတွေကို အားကြီးတဲ့သူတွေလိုပဲ အခွင့်အရေးတန်းတူပေးတဲ့စနစ်လို့ ဒီမိုကရေစီကို ကျုပ်နားလည်ထားတယ်" - မဟတ္တမ ဂန္ဒီ**

- *ဒီမိုကရေစီစနစ်တွင် အခြားသူများထက် အခွင့်အရေးပိုမိုရရှိသော ဘုရင်များ၊ ဘာသာရေးခေါင်းဆောင်များ မရှိပေ။ လူတိုင်းသည်၎င်းတို့အပေါ်သက်ရောက်သော ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် တန်းတူညီမျှပါဝင်ခွင့်ရှိသည်။*
- *ဒီမိုကရေစီစစ်စစ်တွင် အာဏာရှိသောအာဏာပိုင်များကို အင်အားနည်းသူများက ဖြုတ်ချနိုင်ရန်စနစ်များ ထားရှိသည်။ လူနည်းစုအုပ်စုများကို အကာအကွယ်ပေးသော အထူးစနစ်များကိုလည်း ထားရှိသည်။*

***ဆက်စပ်အကြောင်းအရာများ*** *- တိုက်ရိုက်ဒီမိုကရေစီနှင့် သွယ်ဝိုက်ဒီမိုကရေစီ၊ဒီမိုကရေစီနှင့် ခေါင်းဆောင်မှု၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ*

**"မည်သူမျှ အခြားသူရဲ့ သဘောတူခွင့်ပြုချက်မပါဘဲ အခြားလူတွေကိုအုပ်ချုပ်ဖို့ရာ အရည်အချင်းမပြည့်ဝဘူး" - အေဗရာဟင် လင်ကွန်း**

- *ရပ်ရွာလူထုကို "ပြည်သူများက အုပ်စိုး"သင့်သည်ဟု ယုံကြည်ခြင်းသည် ဒီမိုကရေစီ၏အခြေခံယုံကြည်ချက်ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် အခြားသူများထက်အခွင့်အရေးပိုမိုရရှိသော ဘုရင်များ၊ ဘာသာရေးခေါင်းဆောင်များမရှိပေ။ အုပ်ချုပ်သူများသည် ၎င်းတို့အားအာဏာအပ်နှင်းခံရမှသာ အုပ်ချုပ်ရန်လုပ်ပိုင်ခွင့် ရရှိသည်။ အများပြည်သူအကျိုးကိုမဆောင်ရွက်သည်နှင့်တပြိုင်နက်တည်း ပြည်သူများသည်အပ်နှင်းထားသည့် အာဏာကို ပြန်လည်ရုပ်သိမ်းရန် လုပ်ပိုင်ခွင့်ရှိသည်။*

***ဆက်စပ်အကြောင်းအရာများ*** *- တိုက်ရိုက်ဒီမိုကရေစီနှင့် သွယ်ဝိုက်ဒီမိုကရေစီ၊ ရွေးကောက်ပွဲများ*

**"လုပ်ရပ်တိုင်းကသင်နေထိုင်လိုတဲ့ လူ့အသိုက်အဝန်းတစ်ခုအတွက် မဲတစ်မဲ ဖြစ်ပါတယ်" ဒက်စမွန်တူးတူး**

- *အခြားသူများအား ပြုမူစေချင်သလိုမိမိတို့ကိုယ်တိုင် ပြုမူလုပ်ဆောင်သင့်သည်။ မိမိကိုအခြားသူများလေးလေးစားစားဆက်ဆံစေလိုပါက မိမိကိုယ်တိုင်ကအခြားသူများကို လေးလေးစားစားဆက်ဆံသင့်သည်။ အကြမ်းဖက်မှုများကင်းစင်သော လူ့အသိုက်အဝန်းဖြစ်စေလိုပါက သင်ကိုယ်တိုင်နှုတ်အား၊ ကိုယ်အားဖြင့် အကြမ်းဖက်မှုများကို မြှင့်တင်အားပေးသည့်လုပ်ရပ် ရပ်တန့်ရန်လိုအပ်သည်။ ကျွန်ုပ်တို့၏အပြုအမူများသည် မိမိတို့မျှော်မှန်းသည့် လူ့အသိုက်အဝန်းတွင် မြင်တွေ့လိုသည့်အပြုအမူများ၏ရောင်ပြန်ပုံရိပ် ဖြစ်သင့်သည်။*

***ဆက်စပ်အကြောင်းအရာများ*** *- ဒီမိုကရေစီနှင့်ခေါင်းဆောင်မှု၊ ကျွန်ုပ်တို့၏တန်ဖိုးထားမှုများကို ရောင်ပြန်ဟပ်သော ခေါင်းဆောင်များအားရွေးချယ်ခြင်း၊ ရွေးကောက်ပွဲများ (ပုံမှန်မဲပေးခြင်း)*


**"ဒီမိုကရေစီက ပြည့်စုံတဲ့စနစ်တစ်ခုမဟုတ်ပါဘူးလို့ ကျမအမြဲပဲရှင်းပြဖို့ကြိုးစားပါတယ်။ ဒါပေမယ့် ဒီမိုကရေစီကပဲ ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်ဖန်တီးနိုင်တဲ့အခွင့်အရေး တစ်ခုပေးပါတယ်" - ဒေါ်အောင်ဆန်းစုကြည်**

- *ဒီမိုကရေစီတွင် အားနည်းချက်များရှိသည်။ သို့သော်အားသာချက်မှာ ပြည်သူများအား၎င်းတို့ဘဝကို သက်ရောက်သောဆုံးဖြတ်ချက်များကို လွှမ်းမိုးရန်အခွင့်အရေးများပေးအပ်သည်။ ပြည်သူများအား မိမိအနာဂတ်ကိုလွှမ်းမိုးနိုင်စေသည်။*

***ဆက်စပ်အကြောင်းအရာများ*** *- ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်ချမှတ်ခြင်း၏ အားနည်းချက်၊ အားသာချက်များ*

သင်ခန်းစာ (၇)

# ဒီမိုကရေစီနှင့် တန်းတူညီမျှမှု




(၁) ဤပုံသည် မည်သည့်ဇာတ်လမ်းကို ပြောပြနေပါသလဲ။

(၂) ပုံထဲတွင်ပါသောသူများသည် ဘယ်သူတွေကို ကိုယ်စားပြုနေပါသလဲ။

(၃) သေတ္တာများသည် ဘာကိုကိုယ်စားပြုပါသလဲ။

(၄) ဤပုံသည် ဒီမိုကရေစီနှင့် မည်သို့ဆက်စပ်ပါသလဲ။



အရှေ့စာမျက်နှာတွင် ဖော်ပြခဲ့သောပုံနှစ်ပုံသည် ကရေ့ချ်ဖိုးဟဲလ် (Craig Forehle) ၏ ဂရပ်ဖစ်ပုံကို မှီငြမ်း၍ပြန်လည်ရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းပုံသည် ညီမျှမှုနှင့် တရားမျှတမှုအကြား ကွဲပြားခြင်းကိုဖော်ညွှန်းထားခြင်းဖြစ်သည်။

တန်းတူညီမျှမှုဆိုသည်မှာ လူတိုင်းကိုတစ်ပုံစံတည်းထောက်ပံ့၍ ညီတူမျှတူ မြှင့်တင်ပေးခြင်းဖြစ်သည်။ သို့သော် ဤနည်းလမ်းသည် လူတိုင်းတူညီသောအခြေအနေမှ စတင်ကြမှသာအလုပ်ဖြစ်နိုင်သည်။ ပထမပုံကို ကြည့်လျှင် လူတိုင်းအရပ်အမြင့်တူညီကြမှသာ သာတူညီမျှမှုနှင့် တရားမျှတမှုတို့ ရရှိကြမည်ဖြစ်သည်။

ဒုတိယပုံသည် တရားမျှတမှုနှင့် ပတ်သက်သောပုံဖြစ်သည်။ သာတူညီမျှမှုနှင့် တရားမျှတမှုသည် လူတိုင်း တူညီသောအခွင့်အရေးကို လက်လှမ်းမီကြမှသာ ရရှိနိုင်မည်ဖြစ်သည်။ တခါတရံတွင် ကျွန်ုပ်တို့၏ မတူညီသောသမိုင်းကြောင်း၊ အတွေ့အကြုံနှင့် အခြေအနေများသည် ပူးပေါင်းပါဝင်နိုင်ရန်အတွက် အခက်အခဲများ ရှိနေတတ်သည်။ တရားမျှတမှုကိုရရှိရန် ကျွန်ုပ်တို့သည် လူတိုင်း၏မတူညီသော လိုအပ်ချက်ကိုထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

အောက်တွင်မြင်ရသော တတိယပုံသည် မူရင်းပုံကိုချဲ့ထွင်၍ စဉ်းစားထားခြင်းဖြစ်သည်။ တခါတရံတွင် ကျွန်ုပ်တို့သည် ပြဿနာကိုဖြေရှင်းရန် (သို့မဟုတ်) ကျော်လွှားရန်သာ အာရုံစိုက်ကြပြီး ပြဿနာကိုဖန်တီးသောအရာကို ထည့်သွင်းစဉ်းစားရန် မေ့နေတတ်ကြသည်။ ဤပုံတွင် အနုပညာရှင်သည် ကျွန်ုပ်တို့၏ ယူဆချက်များကို ပြန်လည်ထင်ဟပ်စေရန် တွန်းအားပေးထားသည်။ ဘာကြောင့် သေတ္တာတွေဖြန့်ဝေပေးခြင်းနဲ့ပဲ ရပ်တန့်နေကြမလဲ။ ခြံစည်းရိုးကိုဖြုတ်ချဖို့နည်းလမ်းများ ကျွန်ုပ်တို့ စဉ်းစားခဲ့ကြဖူးရဲ့လား။

ဒီမိုကရေစီတွင် တန်းတူညီမျှမှုနှင့် တရားမျှတမှုရှိစေရန် လူတိုင်းတန်းတူ ပူးပေါင်းပါဝင်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ဒီမိုကရေစီသည် လူတိုင်း၏ပူးပေါင်းပါဝင်မှုကို လက်ခံသည်။ ဒီမိုကရေစီ၏အခြေခံယူဆချက်တစ်ခုမှာ အမြင်အမျိုးမျိုးနှင့် တီထွင်ကြံဆမှုများအတွက် မတူညီသောပံ့ပိုးပေးမှုများသည် လူတိုင်းအတွက် အကျိုးဖြစ်ထွန်းစေသည်။

Source:

Center for Creative Storytelling, <https://www.storybasedstrategy.org/tools-and-resources#the-4th-box-instructions-download> accessed on 17 June 2019.

သင်ခန်းစာ (၇)

# ဒီမိုကရေစီနှင့် တန်းတူညီမျှမှု

## ၇.၁ အဖွင့် – တန်ဖိုးများ

စာရင်းပြုစုထားသော တန်ဖိုးများကိုဖတ်ပါ။ မည်သည့်တန်ဖိုးများက သင့်အတွက်အရေးအကြီးဆုံးဖြစ်ပါသနည်း။ တန်ဖိုးတစ်ခုချင်းစီကို သင့်အတွက် အလွန်အရေးကြီး၊ အရေးကြီး သို့မဟုတ် အရေးမကြီးအဖြစ် ဆုံးဖြတ်ပါ။ သင်၏ အဖြေကို သင့်သူငယ်ချင်းနှင့်နှိုင်းယှဉ်ပြီး သင်ဘာကြောင့် ဤကဲ့သို့ဆုံးဖြတ်ထားသည်ကို ရှင်းပြပါ။ သင်နှင့် အမြင်တူပါသလား။

| တန်ဖိုးများ | အလွန်အရေးကြီး | အရေးကြီး | အရေးမကြီး |
|---|---|---|---|
| **ပူးပေါင်းပါဝင်မှု** - မိမိ၏ ရပ်ရွာလူထုကိစ္စရပ်များဆုံးဖြတ်ခြင်းနှင့် ဆောင်ရွက်ခြင်း ကိစ္စရပ် များတွင် ပါဝင်နိုင်ခြင်း | | | |
| **မတူကွဲပြားမှုများစုံလင်စွာရှိနေမှုကိုလေးစားခြင်း** - လူတိုင်းခြားနားမှုကိုယ်စီရှိကြသည်ကို နားလည်ခြင်းနှင့် လေးစားခြင်း | | | |
| **တရားမျှတမှု** - လူတိုင်းကိုတန်းတူညီမျှစွာဆက်ဆံခြင်း | | | |
| **လွတ်လပ်မှု** - လွတ်လပ်စွာပြောဆို၊ ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ မိမိဆောင်ရွက်လိုသည်ကို ဆောင်ရွက် နိုင်ခြင်း | | | |
| **ရက်ရောမှု** - လိုအပ်နေသူများကိုအထောက်အပံ့ပေးခြင်း | | | |
| **တန်းတူညီမျှမှု** - လူသားတိုင်းသည် တန်းတူအခွင့်အရေး၊ အခွင့်အလမ်းနှင့် အဆင့်အတန်း ရှိခြင်းကို ယုံကြည်မှု | | | |
| **ဓလေ့ထုံးတမ်းအစဉ်အလာ** - ရှေးယခင်ကစာရိတ္တဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ လက်ခံ ယုံကြည်မှုများကို လေးစားခြင်း | | | |
| **တရားဥပဒေစိုးမိုးရေး** - လူထုအသိုက်အဝန်းရှိ လူတစ်ဦးချင်းစီတိုင်းနှင့် ခေါင်းဆောင်များ ကိုယ်တိုင် ဥပဒေကိုလိုက်နာရမည်။ | | | |

**ဆွေးနွေးခြင်း**

၁။ လူတိုင်းတူညီသောတန်ဖိုးများရှိပါသလား။
၂။ ဤစာသင်ခန်းအတွက် မည်သည့် တန်ဖိုးများသည် အရေးအကြီးဆုံးဖြစ်ပါသနည်း။
၃။ သင့်ရပ်ရွာပတ်ဝန်းကျင်တွင် မည်သည့်တန်ဖိုးများသည် အရေးအကြီးဆုံးဖြစ်ပါသနည်း။
၄။ သင်၏ မိဘများသည် သင်နှင့်တူညီသောတန်ဖိုးများရှိပါသလား။

## ၇.၂ ဒီမိုကရေစီနှင့် တန်းတူညီမျှမှု

**တန်းတူညီမျှမှု**ဆိုသည်မှာ ကိုယ်စားပြုဒီမိုကရေစီအတွက် အလိုအပ်ဆုံးဖြစ်ပါသည်။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အတွေးအခေါ် ကောင်းရှိသူများနှင့် ကတိကဝတ် ခိုင်မာသူများကိုချန်လှပ်ထားပြီး အတွေးအခေါ် ဆိုးများနှင့် ကတိကဝတ်အခိုင်အမာမရှိသူများကို နေရာပိုမိုပေးထားပါက ဒီမိုကရေစီသည် အလုပ်ဖြစ်တော့မည် မဟုတ်ပါ။

ဒီမိုကရေစီတွင် ရပ်ရွာလူထုမှ တစ်ဦးချင်းစီတွင် တူညီသောတန်ဖိုးများရှိကြသည်။ ကိုယ်စားပြု ဒီမိုကရေစီတွင် အရွယ်ရောက်ပြီးသူတိုင်းသည် မဲတစ်မဲစီပေးနိုင်ကြပြီး ၎င်းတစ်မဲချင်းစီတိုင်းသည်လည်း တူညီသောတန်ဖိုးရှိကြသည်။ ဤအခွင့်အရေးသည် အလွန်ခိုင်မာသောအကြောင်းပြချက်ရှိမှသာလျှင် ကန့်သတ်နိုင်သည်။ ဥပမာအားဖြင့် စိတ်ရောဂါပြင်းပြင်းထန်ထန် ခံစားနေရသောသူများကို ဆုံးဖြတ်ချက်ချမှတ်ခြင်းများမှ ကန့်သတ်ကြသည်။

အကယ်၍ တချို့သော နိုင်ငံသားများကို ၎င်းတို့၏ ကိုယ်စားလှယ်များကိုရွေးချယ်ရန် အခွင့်အလမ်းအနည်းငယ်သာပေးထားမည်ဆိုလျှင် အစိုးရသည် လူထုတစ်ရပ်လုံးကိုကိုယ်စားပြုတော့မည် မဟုတ်ပါ။ ဥပမာ -

- ၂၀၁၅ ခုနှစ်အထိ ဆော်ဒီအာရေးဗျနိုင်ငံတွင် အမျိုးသမီးများ မဲပေးခွင့်မရခဲ့ကြပါ။
- ၁၉၉၄ ခုနှစ်အထိ တောင်အာဖရိကလူမဲများ မဲပေးခွင့်မရခဲ့ကြပါ။
- ၁၉၆၀ နှစ်များအထိ အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်အများစုတွင် စာမတတ်သူများကို မဲပေးခွင့်ကန့်သတ်ရန် စစ်ဆေးစမ်းသပ်မှုများရှိခဲ့သည်။ ဤသို့ကန့်သတ်ခြင်းသည် ဆင်းရဲသူများနှင့် လူမဲအသိုင်းအဝိုင်းများကို ပူပေါင်းပါဝင်ရန် ပိတ်ပင်မှုဖြစ်စေခဲ့သည်။


ဤဖြစ်ရပ်များသည် 'ပြည်သူမှ အုပ်ချုပ်ခြင်း' ဆိုသည့်အယူအဆအတွက် နမူနာများမဟုတ်ကြပါ။ အဘယ်ကြောင့်ဆိုသော် လူအများအပြားဆုံးဖြတ်ချက်ချမှတ်ခြင်းမှ ဖယ်ထုတ်ခံနေရသောကြောင့်ဖြစ်သည်။

လူတိုင်းသာတူညီမျှစွာ ပူပေါင်းပါဝင်ခွင့်ရရှိစေရန် မတူညီသောလိုအပ်ချက်ရှိနေသည့် အုပ်စုများကို လိုအပ်ချက်အလိုက် ထောက်ပံ့ပေးရမည်ဖြစ်သည်။ ဥပမာအားဖြင့် ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းဖြစ်နေသူများသည် မဲပေးနိုင်ရန် အထူးအထောက်အပံ့ ပစ္စည်းများလိုအပ်မည်ဖြစ်သည်။ ဝေးလံခေါင်ဖျားသောဒေသများတွင် နေထိုင်၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောသူများသည် မဲရုံများသို့ သွားနိုင်ရန် ပို့ဆောင်ရေးအကူအညီများလိုအပ်ဖြစ်သည်။ လူသားအသီးသီးတွင် မတူညီသော အခွင့်အလမ်းများရှိကြသည်။ ကိုယ်စားပြုဒီမိုကရေစီတွင် လူတိုင်းတူညီသော အခွင့်အလမ်းရှိစေရန် ကူညီဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်။

## ၇.၃ မဲပေးပိုင်ခွင့်

ပုံများကိုကြည့်၍ အောက်ပါမေးခွန်းများကို ပြန်လည်သုံးသပ်ပါ။


- ပုံတစ်ပုံချင်းစီသည် မည်သည့်အကြောင်းအရာဖြစ်သနည်း။
- ပုံထဲတွင် မည်သူများပါဝင်သနည်း။ ၎င်းတို့ မည်သည့် အရာများပြုလုပ်နေကြပါသနည်း။
- ပုံများသည် ဒီမိုကရေစီ၊ တန်းတူညီမျှမှုတို့နှင့် မည်သို့ ဆက်စပ်ပါသနည်း။










**ဆွေးနွေးခြင်း**

၁။ ဒီမိုကရေစီသည် လူတိုင်းတန်းတူညီမျှမှုရှိမှသာ အလုပ်ဖြစ်နိုင်ပါသလား။
၂။ တစ်စုံတစ်ယောက်၏ မဲပေးပိုင်ခွင့်ကိုကန့်သတ်ရန် သင့်လျော်ပါသလား။
၃။ လူအုပ်စုတစ်စုကို ကျွန်ုပ်တို့ကမဲပေးပိုင်ခွင့် ကန့်သတ်လျှင် ဘာတွေဖြစ်လာနိုင်ပါသလဲ။

## သင်ခန်းစာ ၇ - ဝေါဟာရ

**အရည်အချင်း ပြည့်မီသော** - ပူးပေါင်းပါဝင်ရန် သတ်မှတ်အရည်အချင်းပြည့်ဝသောသူ

**တန်းတူညီမျှမှု** - အခွင့်အရေး၊ အခွင့်အလမ်းနှင့် အဆင့်အတန်း သာတူညီမျှမှုရှိသော

**အသိပေးဆုံးဖြတ်ချက်ချမှု** - သက်ဆိုင်သော အချက်အလက်များနှင့် သတင်းအချက်အလက်များအပေါ်တွင် အခြေခံ၍ ဆုံးဖြတ်ချက်ချခြင်း

**အထူးအခွင့်အရေး** - လူတစ်ဦးထဲ သို့မဟုတ် လူအုပ်စုတစ်စုထဲခံစားခွင့်ရှိသော အခွင့်အရေး

**တန်ဖိုးများ** - အမှန်အမှားဆုံးဖြတ်နိုင်ရန်နှင့် အခြေအနေအမျိုးမျိုးတွင် မည်သို့တုံ့ပြန်ဆောင်ရွက်သင့်သည်အား သင့်ကိုကူညီပေးသော အခြေခံမှု

### သင်ခန်းစာ (၇)

# ဒီမိုကရေစီနှင့် တန်းတူညီမျှမှု

**ဆရာအတွက်မှတ်စု**

## ၇.၁ အဖွင့် – တန်ဖိုးများ

၂၀ မိနစ်

**ရွေးချယ်စရာနည်းလမ်း - က (လှုပ်ရှားမှု အကန့်အသတ်)**

၁။ ကျောင်းသားများသည် စာရင်းပြုထားသောတန်ဖိုးများကိုဖတ်ရှုပြီး တစ်ဦးချင်းစီ ၎င်းတန်ဖိုးများမည်မျှ အရေးကြီးကြောင်း ဆုံးဖြတ်ရမည်။

၂။ ကျောင်းသားများကို အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များဖွဲ့ပေးပါ။ ထို့နောက် ၎င်းတို့၏ အဖြေများကို နှိုင်းယှဉ်၍ အကြောင်းပြချက်များကို ရှင်းပြစေပါ။

၃။ ကျောင်းသားများကို နေရာပြန်ယူခိုင်းပါ။ ဆွေးနွေးရန်မေးခွန်းများဖြင့် လှုပ်ရှားဆောင်ရွက်မှုကို အကျဉ်းချုပ်ပေးပါ။

**ရွေးချယ်စရာနည်းလမ်း - ခ (လှုပ်ရှားမှု အခြေပြု)**

၁။ တန်ဖိုးတစ်ခုချင်းစီကို စာရွက်ပိုင်းလေးများပေါ်တွင် ချရေး၍ စာသင်ခန်းအနှံ့တွင်ထားပါ။

၂။ ကျောင်းသားများကို ၎င်းတို့အတွက် အရေးအကြီးဆုံးတန်ဖိုး၏ ဘေးတွင် သွား၍ မတ်တပ်ရပ်ခိုင်းပါ။ တန်ဖိုးများကိုရွေးချယ်ရာတွင် တူညီစွာစုမိနေသောသူများကို အဖွဲ့ငယ်များဖွဲ့ပေးပါ။

၃။ အဖွဲ့ငယ်များကို ၎င်းတို့ရွေးချယ်ထားသောတန်ဖိုးများသည် ၎င်းတို့၏ နေ့စဉ်ဘဝတွင် မည်သို့ သက်ဆိုင်နေသည်ကို ဆွေးနွေးခိုင်းပါ။ ကျစ်လစ်တိကျသော ဥပမာများပေးခိုင်းပါ။

၄။ အဖွဲ့တစ်ဖွဲ့ချင်းစီကို ၎င်းတို့ရွေးချယ်ထားသောတန်ဖိုးများက ၎င်းတို့အတွက် မည်သို့အဓိပ္ပါယ်သက်ရောက်သည်ကို ရှင်းလင်းတင်ပြခိုင်းပါ။ အခြားအဖွဲ့များကို မှတ်ချက်ပေးရန်နှင့် မေးခွန်းများမေးရန် အချိန်ပေးပါ။

၅။ တန်ဖိုးတစ်ခုချင်းစီ၏ အဓိပ္ပါယ်ကိုရှင်းပြပြီးနောက် ကျောင်းသားများကို သဘောတူ/မတူမေးပါ။

၆။ ကျောင်းသားများကို ပြန်လည်နေရာယူစေ၍ ဆွေးနွေးရန်မေးခွန်းများကိုအသုံးပြုပြီး ဤလှုပ်ရှားဆောင်ရွက်မှုကို အကျဉ်းချုပ်ပါ။

## ဆွေးနွေးခြင်း - ဖြစ်နိုင်ချေရှိသောအဖြေများ

**လူတိုင်းတန်ဖိုးထားမှုများတူညီကြပါသလား။**

- *လူတိုင်းတွင် မတူညီသောတန်ဖိုးများ ရှိကြသည်။ ကျွန်ုပ်တို့၏တန်ဖိုးများမှာ အမြဲတစေတည်မြဲမှုရှိနေသည် မဟုတ်ပါ။ ၎င်းတန်ဖိုးများမှာ ပြောင်းလဲလာနိုင်ပါသည်။*

**ယခုသင်ခန်းစာအတွက် မည်သည့်တန်ဖိုးများကအရေးအကြီးဆုံးဖြစ်ပါသနည်း။**

- *အဖြေအမျိုးမျိုး ဖြစ်နိုင်ပါသည်။*

**သင့်ရပ်ရွာအသိုင်းအဝိုင်းအတွက် မည်သည့်တန်ဖိုးများက အရေးကြီးဆုံးဖြစ်သနည်း။**

- *အဖြေအမျိုးမျိုး ဖြစ်နိုင်ပါသည်။*

**သင်၏ မိဘများသည်သင်နှင့်တူညီသောတန်ဖိုးများရှိပါသလား။**

- *မျိုးဆက်များအကြား ယုံကြည်မှု၊ နိုင်ငံရေးနှင့် တန်ဖိုးထားမှုတို့နှင့်ပါတ်သက်ပြီး မတူညီသောအမြင်များ ရှိတတ်ကြသည်။*

## ၇.၂ ဒီမိုကရေစီနှင့် တန်းတူညီမျှမှု

၁၀ မိနစ်

၁။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။ အခြားနည်းလမ်းတစ်ခုအဖြစ် ကျောင်းသားများကို တစ်ဦးချင်းစီ ဖတ်ခိုင်းပါ သို့မဟုတ် အဖွဲ့လိုက် အသံထွက် ဖတ်ခိုင်းပါ။

## ၇.၃ မဲပေးပိုင်ခွင့်

၁၅ မိနစ်

၁။ စာပိုဒ်ကိုဖတ်ပြပါ သို့မဟုတ် ရှင်းပြပါ။ အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များဖြင့်ပုံများနှင့် မေးခွန်းသုံးခုကို ဆွေးနွေးခိုင်းပါ။

၂။ ၅ မိနစ်ကြာ ဆွေးနွေးပြီးနောက် ပုံအသီးသီးကို ၎င်းတို့မည်သို့နားလည်ကြောင်း ဆန္ဒရှိသောကျောင်းသား များကို အကျဉ်းချုပ်ရှင်းပြခိုင်းပါ။ လိုအပ်ပါက ဝင်ရောက်ရှင်းပြပေးပါ။

၃။ အထက်ပါ အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များအတိုင်းဆွေးနွေးရန် မေးခွန်းများကိုဆွေးနွေးခိုင်းပါ။ အချိန် အကန့်အသတ်ဖြစ်ပါက မေးခွန်း ၁ ခု သို့မဟုတ် ၂ ခုကိုသာ ဆွေးနွေးခိုင်းပါ။ အခြားနည်းလမ်းတစ်ခုမှာ ကျောင်းသားများကို အုပ်စုဖွဲ့စေ၍အဖွဲ့အလိုက် မေးခွန်းများခွဲပေးကာဆွေးနွေးခိုင်းပါ သို့မဟုတ် အတန်းတစ်ခု လုံးအနေဖြင့် ဆွေးနွေးခိုင်းပါ။

၄။ ဆန္ဒရှိသောကျောင်းသားများအား ၎င်းတို့၏ ဆွေးနွေးမှုများကို ပြန်လည်ဝေမျှခိုင်းပါ။

**ပုံ(က)** ကမ္ဘာပေါ်ရှိ အစောပိုင်းဒီမိုကရေစီနိုင်ငံအများစုတွင် အမျိုးသမီးများမဲပေးခွင့် မရခဲ့ကြပေ။ ဤအခြေအနေ များသည် အမျိုးသမီးများမဲပေးပိုင်ခွင့်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးငြင်းခုံမှုဖြစ်လာသည့် ၁၉ ရာစုတိုင်အောင် ရှိနေခဲ့သည်။ မြန်မာနိုင်ငံသည် အမျိုးသမီးများမဲပေးခွင့်ကို အသိအမှတ်ပြုသောအာရှ၏ ပထမဦးဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည် (၁၉၃၅)။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့မှ အမျိုးသမီးများသည် နိုင်ငံရေးနှင့် အများပြည်သူအတွက် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ရန်နှင့် အခွင့်အရေး တန်းတူရရှိရန် အတားအဆီးများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

**ပုံ(ခ)** ဒီမိုကရေစီတွင် အရည်အချင်းမီသောမဲဆန္ဒရှင်တိုင်း ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရှိသည်။ ၎င်းတို့တွင် တူညီ သောအခွင့်အလမ်းများရှိစေရန် ဆောင်ရွက်ရမည်မှာအစိုးရ၏ တာဝန်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရာတွင် ဝေးလံခေါင်ဖျားသောဒေသများမှ ပြည်သူများအားမဲရုံသို့ လာရောက်နိုင်စေရန် ပံ့ပိုးပေးမှုများ၊ မသန်စွမ်း

ပြည်သူများအတွက် မဲပေးနိုင်ရန် အကူအညီများပံ့ပိုးဆောင်ရွက်ပေးခြင်းတို့ ပါဝင်ပါသည်။

**ပုံ(ဂ)** မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုသည် အကျဉ်းကျခံနေရသူများအားမဲပေးရန် တားမြစ်ထားကြသည်။ ၎င်းတို့၏ လွတ်လပ်မှုဆုံးရှုံးခြင်းတို့အပြင် ပြစ်မှုကျူးလွန်ထားသူများသည် ၎င်းတို့၏ ပူးပေါင်းပါဝင်ခွင့် အခွင့်အရေးလည်းဆုံးရှုံးကြသည်။ သို့သော်လည်း အကျဉ်းထောင်များသည် ပြန်လည်ထူထောင်ရေးပြုလုပ်ပေးသောနေရာများဖြစ်ပြီး အကျဉ်းသားများသည် ၎င်းတို့၏ ရပ်ရွာလူထု သာယာဖွံ့ဖြိုးရေးအတွက် တက်ကြွစွာ ပြန်လည်ပါဝင်ကြရန် တိုက်တွန်းပေးသင့်သည်ဟု ယူဆချက်များလည်းရှိသည်။ ဤသို့တိုက်တွန်းပေးရန် နည်းလမ်းတစ်ခုမှာမဲပေးရန် တိုက်တွန်းခြင်းလည်းပါဝင်သည်။

**ပုံ(ဃ)** ပုံ(ခ) သို့ပြန်ကြည့်ပါ။

## ဆွေးနွေးခြင်း - ဖြစ်နိုင်ချေရှိသောအဖြေများ

**ဒီမိုကရေစီသည် လူတိုင်းတန်းတူညီမျှမှုရှိမှသာအလုပ်ဖြစ်နိုင်ပါသလား။**

- *အဖြေအမျိုးမျိုး ဖြစ်နိုင်သည်။*

**မည်သို့သောအခြေအနေတွင် တစ်စုံတစ်ယောက်၏ မဲပေးပိုင်ခွင့်ကိုကန့်သတ်ရန် သင့်လျော်သည်ဟုသင်ထင်ပါသလဲ။**


- မဲပေးပိုင်ခွင့်အတွက် အကန့်အသတ်များရှိသည်ဟု အများကဘုံလက်ခံထားမှုများရှိသည်။ ဥပမာ - အသက် ၁၈ နှစ်အောက်၊ အကျဉ်းထောင်တွင် ပစ်ဒဏ်ကျခံနေရသူများ၊ စိတ်ကျန်းမာရေးခံစားနေရသူများ။ တစ်ကမ္ဘာလုံးအတိုင်းအတာ မဲပေးခွင့်သည် အသက် ၁၈ နှစ်ပြည့်ပြီး အရွယ်ရောက်သူတိုင်း မဲပေးခွင့်ရှိသင့်သည်ဟု လက်ခံကြခြင်း ဖြစ်သည်။

**လူအုပ်စုတစ်စုကိုမဲပေးပိုင်ခွင့်ကန့်သတ်လျှင် ဘာတွေဖြစ်လာနိုင်ပါသလဲ။**

- လူအုပ်စုတစ်ခုကိုမဲပေးပိုင်ခွင့် ငြင်းဆန်ခံရပါက ၎င်းတို့သည် အခွင့်အာဏာဘာမှမရှိသလို ခံစားရနိုင်သလို ၎င်းတို့ကိုသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်မရကြ၍ ဒေါသထွက်စေနိုင်သည်။ အကျိုးဆက်အနေဖြင့် စည်းလုံးညီညွတ်မှုကို အားနည်းစေနိုင်သလို ပဋိပက္ခများလည်း ဖြစ်လာနိုင်သည်။
- ဥပမာ - ၁၉၁၂ ခုနှစ်မှ ၁၉၁၄ ခုနှစ်အထိ ယူနိုက်တက်ကင်းဒန်းတွင် အမျိုးသမီးများသည် မဲပေးခွင့်ရရေးအတွက် စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့ကြသည်။ ဆောင်ရွက်မှုအများစုမှာ ငြိမ်းချမ်းစွာဆောင်ရွက်ခဲ့ကြသော်လည်း အကြမ်းဖက်မှုအချို့လည်းရှိခဲ့သည်။ အကြမ်းဖက်မှု အဖြစ်ခဲ့ဆုံးတစ်ခုမှာ ၁၉၁၂ ခုနှစ် အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့တွင် ဖြစ်ပွားခဲ့သည်။ တက်ကြွလှုပ်ရှားသူ အမျိုးသမီးသုံးဦးသည် ဝန်ကြီးချုပ်လာရောက်ကြည့်ရှုသော ပွဲတစ်ခုတွင် ဇာတ်စင်ကိုမီးရှို့ရန် ကြိုးပမ်းခဲ့ကြသည်။[8]
- ဥပမာ - ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနှံ့ ကျောင်းသားများသည် ကျောင်းသားသမဂ္ဂများဖွဲ့စည်းမှုကို အဟန့်အတားဖြစ်စေသော၊ ပညာရေးလွတ်လပ်မှုကိုအတားအဆီးဖြစ်သော၊ လူနည်းစုတိုင်းရင်းသားဘာသာစကား သင်ကြားနိုင်ခြင်းတို့ကိုခွင့်မပြုသော အမျိုးသားပညာရေးဥပဒေကို လမ်းပေါ်ထွက်ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့များထိပ်တိုက်တွေ့မှုတွင် လူဦးရေ ၁၀၀ ကျော်ခန့် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရပြီး၊ အတော်များများလည်း ဒဏ်ရာရရှိခဲ့ကြသည်။[9]

သင်ခန်းစာ (၈)

# အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရား



သစ်သီး၏ အကျိုးပြုမှုသည်
အဖိုးတန်ပါ၏။
ပန်းပွင့်၏ အကျိုးပြုမှုသည်
မွှေးပျံ့ပါ၏။
သို့ရာတွင်
ငါ၏အကျိုးပြုမှုကား
နှိမ့်ချရိုကျိုးသော
အရိပ်ကိုပေးသည့်
သစ်ရွက်၏အကျိုးပြုမှု
ဖြစ်စေသတည်း။

ချိုး
*တိမ်နဲ့ချည်တဲ့ကြိုး*

(၁) အထက်ပါစာသားများကိုဖတ်ပြီးနောက် သင်မည်သို့ခံစားရပါသလဲ။

(၂) စာရေးသူမှ မည်သည့်ခံစားမှုမျိုး (သို့မဟုတ်) သတင်းစကားကိုပေးရန် ကြိုးစားနေသည်ဟု သင်ထင်ပါသလဲ။

(၃) ဤစာသားများသည် ဒီမိုကရေစီနှင့် မည်သို့ဆက်စပ်နေသည်ဟု သင်ထင်ပါသလဲ။

ဤစာသားများသည် ဆရာမဂျူး (သို့မဟုတ်) ဒေါက်တာတင်တင်ဝင်း၏ တိမ်နဲ့ချည်တဲ့ကြိုးဝတ္ထုမှ ယူထားခြင်းဖြစ်ပါသည်။ ဆရာမဂျူးသည် ဆယ်စုနှစ် သုံးစုနီးပါးတိုင်အောင် ရောင်းအားအကောင်းဆုံး စာရေးဆရာမတစ်ဦး ဖြစ်ပါသည်။ ဆရာမသည် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ဝတ္ထုများနှင့် ဆောင်းပါးများလည်း ရေးသားသည်။

ဆရာမဂျူးသည် အမြဲတမ်း စာရေးဆရာမတစ်ဦး ဖြစ်ချင်ခဲ့သည်။ သို့သော် မိဘများ၏ တိုက်တွန်းမှုကြောင့် ဆေးတက္ကသိုလ်တက်ခဲ့သည်။ သို့သော်လည်း စာရေးဆရာမဖြစ်ချင်သော သူမ၏အိပ်မက်ကို ဘယ်တော့မှ မမေ့ခဲ့ပါ။ ဆေးကျောင်းသူဘဝတွင် သူမသည် ဝတ္ထုတိုတစ်ပုဒ်ရေး၍ မဂ္ဂဇင်းတစ်စောင်သို့ ပို့ခဲ့သည်။ ထိုဝတ္ထုသည် ရွေးချယ်ခံခဲ့ရုံမျှမက ပထမဆုပါရခဲ့သည်။ ထိုအချိန်မှစ၍ ဆရာမသည် သူမ၏ ကလောင်နာမည်ကို 'ဂျူး' ဟုပေးခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ခေါ်ရလွယ်ကူပြီး ကျား၊ မ ခွဲမထားသော အမည်မဟုတ်သောကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဘွဲ့ရပြီးနောက် ဆရာမဂျူးသည် မိဘများစိတ်ချမ်းသာစေရန်နှင့် ပုံမှန်ဝင်ငွေရရှိရန် ဆေးခန်းဖွင့်ခဲ့သည်။ သူမသည် စာဆက်၍ရေးသားခဲ့ပြီးသူမ၏ ဝတ္ထုများသည် ကျော်ကြားလာခဲ့သည်။ သူမ၏ ပထမဦးဆုံးဝတ္ထုကို ၁၉၈၇ ခုနှစ်တွင်ထုတ်ဝေခဲ့ပြီး ရောင်းအားအကောင်းဆုံးဖြစ်ခဲ့သည်။ ထိုအချိန်တွင် ဆရာမဂျူးသည် ၂၉ နှစ်သာရှိသေးသည်။

ဆရာမဂျူးသည် ယခုအခါ မြန်မာနိုင်ငံတွင် အောင်မြင်ကျော်ကြားသော စာရေးဆရာများထဲမှ တစ်ဦးဖြစ်သည်။ သူမသည် စာရေးခြင်းအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုခြင်း၊ မိသားစုကိုစောင့်ရှောက်ခြင်းအပြင် မျိုးဆက်သစ်စာရေးဆရာများကိုလည်း ရှေ့ဆောင်လမ်းပြပေးသည်။ ယခုအခါ သူမ၏ စာအများစုသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကို အာရုံစိုက်သည်။ အမျိုးသမီး ဇာတ်ကောင်များကိုဗဟိုပြု၍ အသိဉာဏ်၊ ချစ်ခြင်းမေတ္တာ၊ ဂုဏ်သိက္ခာ၊ ရိုးသားမှုနှင့် အကျင့်သီလတို့ကို ပုံဖော်ပြသသည်။ သူမသည် သူမ၏ စာဖတ်ပရိသတ်ကို ရပ်ရွာလူထု၏ အဖွဲ့ဝင်တစ်ယောက်အနေဖြင့် မိမိတာဝန်ကိုယူရန်နှင့် ကမ္ဘာမြေကြီးပေါ်တွင် နေထိုင်သူတစ်ဦးအနေဖြင့် ကမ္ဘာမြေအတွက် တာဝန်မျှယူကြရန် နှိုးဆော်တိုက်တွန်းပေးသည်။

Source:

British Council, <https://www.britishcouncil.org.mm/life-stories/interviews/ju> accessed 17 June 2019.

သင်ခန်းစာ (၈)

# အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရား

## ၈.၁ အဖွင့်

အခွင့်အရေးဆိုသည်မှာအဘယ်နည်း။

ဝတ္တရားဆိုသည်မှာအဘယ်နည်း။

တာဝန်ဆိုသည်မှာအဘယ်နည်း။

## ၈.၂ အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရားများ

အခွင့်အရေးဆိုသည်မှာ စည်းမျဉ်းစည်းကမ်းများနှင့် အလားသဏ္ဍာန်တူပါသည်။ ၎င်းတို့မှာ ပြည်သူများကို -

- တစ်စုံတစ်ခု ပြုလုပ်ပိုင်ခွင့်/ရရှိပိုင်ခွင့်ကို ခွင့်ပြုပေးခြင်း။ (သို့)
- တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်မှ အကာအကွယ်ပေးခြင်း။ (သို့)
- တစ်စုံတစ်ခုကို ပြုလုပ်ရန်/ရရှိရန် အခွင့်အရေးပေးထားခြင်း။

ဥပဒေပါ အခွင့်အရေးနှင့် ကျင့်ဝတ်ဆိုင်ရာအခွင့်အရေးဟူ၍ ပုံစံနှစ်မျိုးရှိသည်ကိုနားလည်ရန် အလွန်အရေးကြီးပါသည်။ ဥပဒေပါ အခွင့်အရေးများသည် ဥပဒေများဖြင့်အကာအကွယ်ပေးသည်။ ကျင့်ဝတ်ဆိုင်ရာ အခွင့်အရေးများသည် အမှန်၊ အမှားတို့နှင့် ပတ်သက်၍ အခြေခံအတွေးအခေါ်ပေါ်မူတည်ပြီး လုပ်သင့်သည် (သို့) မလုပ်သင့်သည်ကို ဆုံးဖြတ်သော စည်းမျဉ်းများဖြစ်သည်။

**လူ့အခွင့်အရေး**ဆိုသည်မှာ ကျင့်ဝတ်ဆိုင်ရာအခွင့်အရေးများဖြစ်ပြီး လူသားတိုင်းမွေးရာပါ အခွင့်အရေးလည်းဖြစ်သည်။ ကမ္ဘာပေါ်တွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ငြိမ်းချမ်းခြင်းတို့အတွက် လူ့အခွင့်အရေးသည် အခြေခံကျသည်ဟု လူအများအပြားမှ ယုံကြည်ကြသည်။[10] လူ့အခွင့်အရေးသည် ဒီမိုကရေစီနှင့် နီးကပ်စွာဆက်စပ်လျက်ရှိသည်။ လူ့အခွင့်အရေးသည် လူသားများကိုအပြည့်အဝပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြစေရန် လိုအပ်သောကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် အခွင့်အရေးများကိုလည်းလက်လှမ်းမီအောင် ဖြည့်ဆည်းပေးသည်။ ထို့ပြင် ၎င်းသည် စိုးရိမ်ထိတ်လန့်မှု

မရှိဘဲ ပူးပေါင်းပါဝင်နိုင်ရန် လုံခြုံမှုနှင့် ယုံကြည်ချက်တို့ကိုလည်း ဖြည့်စွမ်းပေးသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်၏ ဥပဒေတွင် မြန်မာနိုင်ငံသည် 'လူ့အခွင့်အရေးကိုလေးစား၊ တန်ဖိုးထားသော လူ့အဖွဲ့အစည်းတစ်ရပ်' ကိုဖော်ဆောင်မည်ဟု ဖော်ပြထားသည်။

**ဝတ္တရား**ဆိုသည်မှာ ကျင့်ဝတ်ဆိုင်ရာ တာဝန်သိစိတ်ဖြစ်သည်။ ၎င်းသည် နေရာဒေသကိုလိုက်၍ လူ့အဖွဲ့အစည်း၏ တန်ဖိုးများ သို့မဟုတ် ယုံကြည်မှုများအပေါ် မူတည်ပြီး ကွဲပြားတတ်ကြသည်။ တချို့ကလည်း နိုင်ငံသားများသည် ၎င်းတို့၏ လူထုအသိုက်အဝန်းအတွက် တက်ကြွစွာပါဝင်ဆောင်ရွက်ရန် ဝတ္တရားရှိကြသည်ဟုယူဆကြသည်။ ရပ်ရွာအသိုက်အဝန်း၏ အရည်အသွေးသည် ၎င်းအသိုက်အဝန်းတွင် နေထိုင်သူအားလုံးအပေါ်တွင် သက်ရောက်မှုရှိသည်။ နိုင်ငံသားများသည် မိမိနေထိုင်ရာအသိုက်အဝန်းမှ အကျိုးခံစားလိုလျှင် ၎င်းအသိုက်အဝန်းကို ဖွံ့ဖြိုးရန် ကူညီဖို့လိုအပ်သည်။ ထို့ကြောင့် နိုင်ငံသားများသည် မိမိတို့၏ပညာနှင့် ကျွမ်းကျင်မှုများကိုပိုမိုသန်မာပြီး မျှတမှုရှိသောအသိုက်အဝန်း တစ်ခုတည်ဆောက်ရာတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးရန် ကျင့်ဝတ်ဆိုင်ရာဝတ္တရားရှိသည်။ ထိုဝတ္တရားများကို မထမ်းဆောင်လျှင်အပြစ်ပေးရန်ဥပဒေမျိုးပုံမှန်အားဖြင့် မရှိကြပါ။ သို့သော် နိုင်ငံသားများ၏ကိုယ်ပိုင်တန်ဖိုးများသည်ပင် မိမိတို့ကိုယ်တိုင် စိတ်ဓါတ်မြှင့်တင်အားပေးရန် လုံလောက်ပါသည်။

**တာဝန်**ဆိုသည်မှာလည်း မိမိလုပ်ကိုင်ဆောင်ရွက်ရမည့် (သို့) ကတိကဝတ်ပြုထားသည့်ကိစ္စရပ် တစ်ခုဖြစ်သည်။ သို့သော် တာဝန်သည် ပုံမှန်အားဖြင့် ဥပဒေဖြင့် ပြဋ္ဌာန်းထားတတ်သည်။ အကယ်၍ သင်သည် မိမိလုပ်ဆောင်ရမည့် တာဝန်တစ်ခုကို ဆောင်ရွက်ရန်ပျက်ကွက်ပါက အပြစ်ပေးခံရလိမ့်မည်ဖြစ်သည်။ ဥပမာကျောင်းသား တစ်ယောက်အနေဖြင့် သင်သည် ကျောင်းသို့အချိန်မီရောက်ရန် တာဝန်ရှိသည်။ အကယ်၍ သင်နောက်ကျခဲ့ပါက ပြဿနာတက်လိမ့်မည်ဖြစ်သည်။ ဤအတိုင်းပင် နိုင်ငံသားများသည် ၎င်းတို့နိုင်ငံ၏ ဥပဒေများကိုလိုက်နာရန်တာဝန်ရှိသည်။ အကယ်၍ မလိုက်နာပါက ၎င်းတို့သည် ဒဏ်ငွေဆောင်ခြင်း သို့မဟုတ် ထောင်ဒဏ်ကျခြင်းတို့ကို ခံရလိမ့်မည်ဖြစ်သည်။ ဥပဒေပြစ်ဒဏ်များသည် နိုင်ငံသားများကို ၎င်းတို့၏တာဝန်ကိုဆောင်ရွက်ရန် လှုံ့ဆော်ပေးသည်။

တာဝန်နှင့် ဝတ္တရားသည် အလွန် ဆင်တူလေ့ရှိကြသည်။ ဥပမာတချို့နိုင်ငံများတွင် နိုင်ငံသားများသည် စစ်မှုထမ်းဆောင်ရန် ဥပဒေအရတာဝန်ရှိသည်။ ဤသို့သော နိုင်ငံများမှ တချို့နိုင်ငံသားများသည် ၎င်းတို့တိုင်းပြည်ကိုကာကွယ်ရန် ကျင့်ဝတ်ဆိုင်ရာတာဝန်ရှိသူဟု ယုံကြည်ကြသည်။ ထို့ကြောင့် စစ်မှုထမ်းဆောင်ခြင်းကိုတာဝန်နှင့် ဝတ္တရား နှစ်ခုစလုံး အဖြစ် ယူဆကြသည်။ ဤသို့သောဥပမာများသည် တချို့လုပ်ငန်းကိစ္စများကတချို့နိုင်ငံသားများအတွက် တာဝန်နှင့် ဝတ္တရား နှစ်ခုစလုံးဖြစ်နေနိုင်သည်ကို ပြသခြင်းဖြစ်သည်။

**လေ့ကျင့်ခန်း** - အောက်ပါလုပ်ငန်းဆောင်ရွက်မှုများသည် အခွင့်အရေး၊ တာဝန် (သို့) ဝတ္တရားဖြစ်ကြသလားဆိုသည်ကိုဆုံးဖြတ်ပါ။

| စဉ် | လုပ်ငန်းဆောင်ရွက်မှု | အခွင့်အရေး | ဝတ္တရား | တာဝန် |
|---|---|---|---|---|
| ၁။ | မိမိတို့၏အမြင်များကို မျှဝေခြင်း | | | |
| ၂။ | သင်၏ အိမ်စာကိုအချိန်မီ ပြုလုပ်ခြင်း | | | |
| ၃။ | သင်၏ မိတ်ဆွေ ခေါင်းဆောင်ခြင်း | | | |
| ၄။ | ပေးကမ်းစွန့်ကြဲခြင်း/ချို့တဲ့သူများကိုထောက်ပံ့ပေးခြင်း | | | |

| | | | | |
|---|---|---|---|---|
| ၅။ | ရွေးကောက်ပွဲတွင် မဲပေးခြင်း | | | |
| ၆။ | မိမိဒေသရှိပန်းခြံများနှင့် မြစ်ချောင်းများကိုသန့်ရှင်းအောင် ဆောင်ရွက်ခြင်း | | | |
| ၇။ | ယာဉ်မောင်းနေစဉ် မီးနီတွင်ရပ်ခြင်း | | | |
| ၈။ | စာသင်ခန်းသို့ အချိန်မီရောက်ခြင်း | | | |
| ၉။ | မိသားစုဝင် သက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်း | | | |

**ဆွေးနွေးခြင်း** - ကျောင်းတက်ခြင်းနှင့် ပညာသင်ယူခြင်းသည် အခွင့်အရေး၊ တာဝန် (သို့မဟုတ်) ဝတ္တရားထဲမှ မည်သည့်အရာ ဖြစ်ပါသနည်း။

## သင်ခန်းစာ ဂ - ဝေါဟာရ

**ဝတ္တရား** - မှန်ကန်သောလုပ်ရပ်ဖြစ်သည့်အတွက် ကျွန်ုပ်တို့ဆောင်ရွက်သင့်သည့်အရာ။

**ဥပဒေပါအခွင့်အရေး** - ဥပဒေဖြင့် ကာကွယ်ပေးထားသော အခွင့်အရေးများ။

**ကျင့်ဝတ်ဆိုင်ရာအခွင့်အရေး** - အမှန်၊ အမှား အခြေခံအတွေးအခေါ် အယူအဆပေါ်မူတည်၍ လုပ်သင့် မလုပ်သင့် ဆုံးဖြတ်သောစည်းမျဉ်းများ။

**လူ့အခွင့်အရေး** - လူသားအားလုံးရရှိသင့်သောအခြေခံအခွင့်အရေးနှင့် လွတ်လပ်ခွင့်များ။

**တာဝန်** - ကျွန်ုပ်တို့ မဖြစ်မနေဆောင်ရွက်ရမည့် အရာများ။ သို့မဟုတ်ပါက အပြစ်ပေးခြင်းကို ခံရလိမ့်မည်ဖြစ်သည်။

**အခွင့်အရေး** - ကျွန်ုပ်တို့ ရရှိပိုင်ဆိုင်ထားသောအခွင့်အရေး။

သင်ခန်းစာ (၈)

# အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရား

ဆရာအတွက်မှတ်စု

## ၈.၁ အဖွင့်

၂၀ မိနစ်

**ရွေးချယ်စရာနည်းလမ်း - က (လှုပ်ရှားမှု အကန့်အသတ်)**

၁။ 'တာဝန်' နှင့် 'အခွင့်အရေး' ဆိုသည့်စကားလုံးများကို သင်ပုန်းပေါ်တွင် ချရေးပါ။
၂။ အတန်းလိုက်အနေဖြင့် ကျောင်းသားများကို ဒီမိုကရေစီတွင် ပြည်သူများ၌ရှိရမည့် အခွင့်အရေးများကိုစာရင်းပြုခိုင်းပါ။
၃။ ကျောင်းသားများ၏ အတွေးအခေါ်များကို သင်ပုန်းပေါ်တွင် ချရေးပါ။
၄။ အတန်းလိုက်အနေဖြင့် ကျောင်းသားများကို ဒီမိုကရေစီတွင် ပြည်သူများ၌ရှိရမည့် တာဝန်များကိုစာရင်းပြုခိုင်းပါ။
၅။ ကျောင်းသားများ၏ အတွေးအခေါ်များကို သင်ပုန်းပေါ်တွင် ချရေးပါ။
၆။ 'ဝတ္တရား' ဆိုသည့် စကားလုံးကိုလည်း သင်ပုန်းပေါ်တွင် ထပ်ထည့်ပါ။
၇။ အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များခွဲ၍ ၎င်းစကားလုံးသုံးခုအကြား ကွာခြားချက်များကို အဓိပ္ပါယ်ဖွင့်ဆွေးနွေးခိုင်းပါ။
၈။ မိမိသဘောအလျောက်ဆွေးနွေးလိုသောသူများကိုမျှဝေခိုင်းပါ။ ကျောင်းသားများ၏အတွေးအခေါ်ကိုသင်ပုန်းတွင် ချရေးပါ။

**ရွေးချယ်စရာနည်းလမ်း - ခ (လှုပ်ရှားမှု အခြေပြု)**

၁။ သင်ပုန်းပေါ်တွင် ကော်လံ ၂ ခုမှ ၄ ခုထိဆွဲပါ။
၂။ ကျောင်းသားများကို ကော်လံအရေအတွက်နှင့်အညီ အဖွဲ့ခွဲပါ။ တစ်ဖွဲ့စီကို ကော်လံတစ်ခုစီ၏ အရှေ့မီတာအနည်းငယ်အကွာတွင် အတန်းလိုက်နေရာယူပါစေ။ တစ်ဖွဲ့စီကို marker သို့မဟုတ် မြေဖြူတစ်ချောင်းပေးပါ။
၃။ ဂိမ်းတစ်ခု ကစားကြရမည်ဟု ရှင်းပြပါ။ သင်က '၅၀' ဟုပြောသောအခါ အဖွဲ့အားလုံးသည် ဒီမိုကရေစီတွင်ရှိသော အခွင့်အရေးအမျိုးမျိုးကို စဉ်းစားကြရန် အချိန် ၂ မိနစ်ရကြမှာ ဖြစ်ပါသည်။
၄။ တန်းစီထားသော အဖွဲ့တစ်ဖွဲ့ချင်းစီမှ အရှေ့ဆုံးတွင်ရပ်နေသော ကျောင်းသားမှ သင်ပုန်းဆီသို့ပြေး၍ အခွင့်အရေးနှင့် ပတ်သက်ပြီး စဉ်းစားထားသည်ကို ချရေးပါ။ ထို့နောက် မိမိအဖွဲ့စီပြန်ပြေး၍ ဒုတိယမြောက်ကျောင်းသား ကို marker လွှဲပေးပါ။ marker ပေးပြီးပါက အတန်းလိုက်ရပ်နေသောမိမိအဖွဲ့၏နောက်ဆုံးတွင်သွားရောက်နေရာယူရမည်ဖြစ်သည်။
၅။ ယခုဂိမ်းသည် ပြိုင်ပွဲဖြစ်ကြောင်း ကျောင်းသားများကို သတိပေးပါ။ အဖွဲ့အချင်းချင်း ပြိုင်နေကြရခြင်းဖြစ်သည်။

၆။ မေးခွန်းများရှိလျှင်ဖြေပေးပါ။ လိုအပ်ပါက အခွင့်အရေးနှင့်ပတ်သက်၍ ဥပမာတစ်ခုပေးပါ။ ကျောင်းသားများ အဆင်သင့်ဖြစ်ပါက ဂိမ်းကို စတင်ပါ။

၇။ ၂ မိနစ်ခန့်ကြာပြီးနောက် ဂိမ်းကိုရပ်ပါ။ အဖွဲ့တစ်ဖွဲ့ချင်းစီကို ၎င်းတို့၏ အိုင်ဒီယာ ဘယ်လောက်များများ ထွက်လာကြသလဲ ရေတွက်ပါ။ ထို့နောက် အနိုင်ရရှိသည့်အဖွဲ့ကို ကြေညာပါ။

၈။ ဂိမ်းကို အနှစ်ချုပ်ပါ။ ကျောင်းသားများကို အခြားအဖွဲ့များ၏ အဖြေများကိုလည်း ကြည့်ရှုခိုင်းပြီး မရှင်းလင်းတာ ရှိပါက မေးခွန်းမေးဖို့ တိုက်တွန်းပါ။ စိတ်ဝင်စားစရာကောင်းသော ဆွေးနွေးချက်တချို့ကို ရွေးချယ်၍ အဖွဲ့များကို အကျယ်ချဲ့ ရှင်းလင်းခိုင်းပါ။

၉။ ကျောင်းသားများကို နေရာပြန်လည် ယူခိုင်းပါ။ သင်ပုန်းပေါ်တွင် 'အခွင့်အရေး'၊ 'တာဝန်'၊ နှင့် 'ဝတ္တရား' တို့ကို ချရေးပါ။

၁၀။ အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များဖြင့် ၎င်းစကားရပ် သုံးခု၏ ကွဲပြားခြားနားချက်ကို ဆွေးနွေးခိုင်းပါ။

## ဖြစ်နိုင်ချေရှိသောအဖြေများ

အခွင့်အရေးများ

- မဲပေးပိုင်ခွင့်
- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်
- အဖွဲ့အစည်းများတည်ထောင်ခွင့်၊ ဝင်ရောက်ပါဝင်ခွင့်
- လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်

တာဝန်များ

- မဲပေးခြင်း
- ဥပဒေကိုလိုက်နာခြင်း
- အခြားသူများကိုလေးစားခြင်း
- အစိုးရ၏ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်ကိုသိရှိအောင်ပြုလုပ်ခြင်း

အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရားတို့အကြား ကွာခြားချက်များမှာ အဘယ်နည်း။

- အခွင့်အရေးသည် ကျွန်ုပ်တို့ ရပိုင်ခွင့်ရှိသည့် အရာများဖြစ်သည်။
- တာဝန်သည် ကျွန်ုပ်တို့ မဖြစ်မနေဆောင်ရွက်ရမည့် အရာများဖြစ်သည်။ သို့မဟုတ် ကျွန်ုပ်တို့အပြစ်ပေးခံရ လိမ့်မည်ဖြစ်သည်။
- ဝတ္တရားသည် မှန်ကန်သောအရာဖြစ်၍ ကျွန်ုပ်တို့ ဆောင်ရွက်သင့်သည့်အရာများဖြစ်သည်။

## ၈.၂ အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရားများ

၂၅ မိနစ်

၁။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။ ရွေးချယ်စရာနည်းလမ်းအဖြစ် ကျောင်းသားများကို တစ်ဦးချင်းစီ ဖတ်ခိုင်းပါ သို့မဟုတ် အဖွဲ့လိုက် အသံထွက်ဖတ်ခိုင်းပါ။

၂။ အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များကို လုပ်ဆောင်ချက်ဇယားအားဖတ်ခိုင်း၍ မည်သည်ကအခွင့်အရေး၊ တာဝန် (သို့) ဝတ္တရားဖြစ်သည်ကိုဆုံးဖြတ်ခိုင်းပါ။

၃။ မိမိသဘောဆန္ဒအလျောက် ပြောဆိုလိုသူများကို ၎င်းတို့၏ရွေးချယ်မှုနှင့် ပတ်သက်၍ရှင်းပြခိုင်းပါ။ လိုအပ်ပါက ဝင်ရောက်ရှင်းလင်းပေးပါ။ ကျောင်းသား/သူများသည် အမြင်အမျိုးအမျိုးရှိနေကြနိုင်သည်ကိုသတိပြုပါ။ အရေးကြီးသည်မှာ အခွင့်အရေးများသည် တရားဝင်ရပိုင်ခွင့်ရှိသည့်အရာများဖြစ်သည်ကို ၎င်းတို့ သတိပြုမိစေရန်ဖြစ်သည်။ တာဝန်များသည် ဥပဒေဖြင့် တင်းကျပ်လေ့ရှိကြပြီး ဝတ္တရားများသည် ကျင့်ဝတ်အရတာဝန်ရှိသောအရာများဖြစ်သည်။ ဇယားတွင်ပါသော လုပ်ဆောင်ချက်များသည် ခေါင်းစဉ်တစ်ခုထက်ပို၍လည်း အကျုံးဝင်နေနိုင်သည်။

၄။ နောက်ဆုံးဆွေးနွေးရန် မေးခွန်းများကိုမေးပါ။ ကျောင်းသားများအား ၎င်းတို့ အမြင်များကို မျှဝေခိုင်းပါ။

## ဖြစ်နိုင်ချေရှိသောအဖြေများ

၁။ မိမိတို့၏အမြင်များကို မျှဝေခြင်း

- *တာဝန် သို့မဟုတ် ဝတ္တရား - နိုင်ငံသားများအနေဖြင့် ကိုယ်နေထိုင်သည့် အသိုက်အဝန်းကို မိမိနေထိုင်လိုသည့်ပုံစံဖြစ်စေရန် တည်ဆောက်ရေးတွင် ကူညီပံ့ပိုးရန် တာဝန်/ဝတ္တရားရှိသည်။ ဤသို့ဆောင်ရွက်ရန် မိမိတို့၏ အမြင်များ၊ သဘောထားများ၊ အတွေးအခေါ်များကိုဖော်ထုတ်နိုင်ရန် လိုအပ်သည်။*

၂။ သင်၏ အိမ်စာကိုအချိန်မီ ပြုလုပ်ခြင်း

- *တာဝန် သို့မဟုတ် ဝတ္တရား - အကယ်၍ ကျွန်တော်/ကျွန်မအိမ်စာမလုပ်လျှင် ကျွန်တော်/ကျွန်မ ပြဿနာတက်လိမ့်မည်ဖြစ်သည်။ ပညာတတ်တစ်ယောက်ဖြစ်လိုလျှင်၊ ပညာသင်ယူလိုချင်လျှင် အိမ်စာလုပ်ရန်တာဝန်မှာ ကျွန်တော်/ကျွန်မ၏ တာဝန်ဖြစ်သည်။*

၃။ သင်၏ မီတာခဆောင်ခြင်း

- *တာဝန် သို့မဟုတ် ဝတ္တရား - အကယ်၍ ကျွန်တော်/ကျွန်မတို့၏ မီတာခကိုမဆောင်လျှင် မီးအဖြတ်ခံရမည်ဖြစ်သည်။ ကျွန်တော်/ကျွန်မတွင် ဥပဒေကိုလိုက်နာရန် တာဝန်ရှိသည်။*

၄။ ပေးကမ်းစွန့်ကြဲခြင်း/ချို့တဲ့သူများကိုထောက်ပံ့ပေးခြင်း

- *ဝတ္တရား - ပေးကမ်းစွန့်ကြဲမှုမပြုလုပ်လျှင် ကျွန်တော်/မ အပြစ်ပေးခံရမည်မဟုတ်ပါ။ သို့သော် အကယ်၍ ကျွန်တော်/မသည် တစ်ဦးနှင့် တစ်ဦးကူညီရိုင်းပင်းကြသည့် အသိုက်အဝန်းတွင် နေထိုင်လိုလျှင် လိုအပ်နေသောသူများကိုကူညီရန် ကျွန်တော်/မ တွင် တာဝန်ရှိသည်။*

၅။ ရွေးကောက်ပွဲတွင် မဲပေးခြင်း

- *အခွင့်အရေး၊ တာဝန် သို့မဟုတ် ဝတ္တရား - ဒီမိုကရေစီတွင် ပြည်သူများသည် သတ်မှတ်ထားသောအချက်အလက်များနှင့် ညီညွတ်လျှင် ၎င်းတို့၏ ကိုယ်စားလှယ်များကို ရွေးချယ်ပိုင်ခွင့်ရှိသည်။ တချို့နိုင်ငံများတွင် မဲပေးခြင်းသည် မဖြစ်မနေဆောင်ရွက်ရသည့် တာဝန်ဖြစ်သည်။ မဲပေးခြင်းသည် ဝတ္တရားအဖြစ်လည်းမှတ်ယူနိုင်သည်။ မဲမပေးပါကခေါင်းဆောင်ဆိုးများ ရွေးချယ်ခံရစေရန် ခွင့်ပြုလိုက်သကဲ့သို့ဖြစ်နိုင်သည်။*

၆။ မိမိဒေသရှိပန်းခြံများနှင့် မြစ်ချောင်းများကိုသန့်ရှင်းအောင် ဆောင်ရွက်ခြင်း

- *တာဝန် သို့မဟုတ် ဝတ္တရား - တချို့နိုင်ငံများတွင် ညစ်ညမ်းမှုများ (ကုမ္ပဏီများကြောင့်ဖြစ်စေ (သို့) တစ်ဦးတစ်ယောက်ချင်းကြောင့်ဖြစ်စေ) သည် ပြစ်မှုမြောက်သလိုအရေးယူခြင်းလည်း ခံရသည်။ အကယ်၍ ကျွန်ုပ်*

*တို့သည် သန့်ရှင်းသောပတ်ဝန်းကျင်တွင်နေထိုင်လိုပါက ပတ်ဝန်းကျင်ကိုကာကွယ်ရန်နှင့် လေးစားတန်ဖိုးထားရန် တာဝန်ရှိပါသည်။*

၇။ ယာဉ်မောင်းနေစဉ် မီးနီတွင် ရပ်ခြင်း

- *တာဝန် သို့မဟုတ် ဝတ္တရား - ယာဉ်မောင်းများသည် ဥပဒေကိုချိုးဖောက်ခြင်းအတွက် အပြစ်ပေးခံရမည်။ ကျွန်ုပ်တို့သည် အခြားသူများအတွက် လုံခြုံမှုရှိစေရန် သေချာစေဖို့ ဝတ္တရားရှိသည်။*

၈။ စာသင်ခန်းသို့ အချိန်မီရောက်ခြင်း

- *တာဝန် သို့မဟုတ် ဝတ္တရား - ကျွန်တော်/မ စာသင်ခန်းသို့ အချိန်မီမရောက်လျှင် ပြဿနာတက်မည်ဖြစ်သည်။ ထို့ပြင် အခြားကျောင်းသားများ၏ အချိန်ကိုမဖြုန်းရန် အတန်းထဲသို့အချိန်မီရောက်ရန် ဝတ္တရားရှိသည်။*

၉။ မိသားစုဝင် သက်ကြီးရွယ်အိုများကိုစောင့်ရှောက်ခြင်း

- *ဝတ္တရား - မိသားစုဝင် သက်ကြီးရွယ်အိုများကိုစောင့်ရှောက်ရန် ဥပဒေအရလိုအပ်ချက် မဟုတ်ပါ။ သို့သော် မှန်ကန်သောလုပ်ရပ်ဖြစ်သောကြောင့် ကျွန်ုပ်တို့ဆောင်ရွက်ကြပါသည်။ ထို့အတူပင် ကျွန်ုပ်တို့ အိုမင်းချိန်တွင် ကျွန်ုပ်တို့၏ သားသမီးများက ပြန်လည်စောင့်ရှောက်ပေးခြင်းကိုအလိုရှိကြသည်။*

## ဆွေးနွေးခြင်း - ဖြစ်နိုင်ချေရှိသောအဖြေများ

ကျောင်းတက်ခြင်းနှင့် ပညာသင်ယူခြင်းသည် အခွင့်အရေး၊ တာဝန် (သို့မဟုတ်) ဝတ္တရားထဲမှ မည်သည့်အရာ ဖြစ်ပါသနည်း။

- *အခွင့်အရေး၊ တာဝန်၊ ဝတ္တရား - မြန်မာနိုင်ငံတွင်ရှိသော ပြည်သူအားလုံးသည် ပညာသင်ကြားရန် အခွင့်အရေး ရှိသည်။ ကလေးများကိုကျောင်းသို့လွှတ်ရန် မိဘများတွင် တာဝန်ရှိသည်။ ကျွန်ုပ်တို့နေထိုင်ရာ အသိုက်အဝန်း အတွက် ကောင်းကျိုးပြုနိုင်ရန် စာကြိုးစားသင်ယူကြဖို့ ကျွန်ုပ်တို့တွင် ဝတ္တရားရှိပါသည်။*

သင်ခန်းစာ (၉)

# နိုင်ငံသားဖြစ်မှု




*Photo: Doh Eain, 2019*

(၁) ဤပုံသည် မည်သည့်အကြောင်းအရာဖြစ်သနည်း။

(၂) ဤပုံသည် မည်သည့်နေရာတွင် ရိုက်ခဲ့ခြင်းဖြစ်သနည်း။

(၃) ဤပုံကိုကြည့်ပြီး သင်မည်သို့ခံစားရပါသလဲ။



*Photo: Doh Eain, 2019*

ဒို့အိမ်သည် ရန်ကုန်တွင် အခြေစိုက်သော လူမှုစွန့်ဦးတီထွင် အဖွဲ့တစ်ခုဖြစ်သည်။ ဒို့အိမ်သည် မြို့၏ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အများပြည်သူနှင့်ဆိုင်သော နေရာများဖန်တီးရန် မြို့နေလူထုနှင့် အတူတကွပူးပေါင်းလုပ်ဆောင်ကြသည်။

ရန်ကုန်တွင် ကီလိုမီတာများစွာရှည်သောနောက်ဘေးလမ်းကြားများရှိသည်။ သို့သော် ယခုတွင်တော့ အမှိုက်များပစ်ခြင်းနှင့် ပိုးမွှားတိရိစ္ဆာန်များ ကျင်လည်ရာနေရာဖြစ်နေ၏။ ဒို့အိမ်သည် ရပ်ရွာလူထုမှ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ အမှိုက်များကိုဖယ်ရှားပြီး အများပြည်သူအပန်းဖြေစရာ နေရာအဖြစ်ပြောင်းလဲပစ်ရန် ကြိုးပမ်းကြသည်။ အမျိုးမျိုးသော စီမံကိန်းများတွင် ထိုင်စရာခုံများ၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ရန် ပစ္စည်းများ၊ ပန်းခြံများ၊ ကလေးကစားစရာများနှင့် လမ်းပေါ်အနုပညာများ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချနိုင်သော နည်းပညာများအသုံးပြု၍ ဖန်တီးကြသည်။ လူထုအတွက် သန့်ရှင်းသော အများပြည်သူဆိုင်ရာနေရာများကို ဖန်တီးခြင်းအပြင် ဒို့အိမ်သည် ဒေသန္တရအစိုးရကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့နေ ပြည်သူများနှင့်ပူးပေါင်း၍ မိမိတို့၏ပတ်ဝန်းကျင်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိုလည်း ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

Source:

DohEain, <http://www.doheain.com/alley-gardens/> accessed 17 June 2019.

သင်ခန်းစာ (၉)

# နိုင်ငံသားဖြစ်မှု

## ၉.၁ အဖွင့် – နိုင်ငံသားဆိုသည်မှာ အဘယ်နည်း။

၁။ ‘နိုင်ငံသားဖြစ်မှု’ ဆိုသည့် စကားလုံးသည် သင့်အတွက် မည်သို့အဓိပ္ပါယ်ရပါသနည်း။

၂။ အောက်ပါပုံများကို ကြည့်ပါ။ မည်သည့်ပုံသည် သင့်အတွက် ‘နိုင်ငံသားဖြစ်မှု’ ဆိုသည့်အယူအဆအတွက် ကိုယ်စားအပြုနိုင်ဆုံးပုံ ဖြစ်ပါသနည်း။

၃။ သင်၏ တွဲဘက်အားသင့်ရဲ့ ရွေးချယ်မှုကိုရှင်းပြပါ။



















## ၉.၂ နိုင်ငံသားဖြစ်မှု – အဓိပ္ပါယ်ဖွင့်ဆိုချက်

နိုင်ငံသားဖြစ်မှုကို နည်းလမ်းအမျိုးမျိုးဖြင့် အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပါသည်။ ဥပဒေအသုံးအနှုန်းအရ နိုင်ငံသားဖြစ်မှုသည် တစ်ဦးတစ်ယောက်ချင်းနှင့် ၎င်းတို့၏နိုင်ငံအကြားဥပဒေအရ ဆက်စပ်ပတ်သက်နေမှုဖြစ်သည်။ ဥပမာ ကျွန်ုပ်တို့သည် လူတစ်ဦးကို မြန်မာနိုင်ငံသား သို့မဟုတ် ထိုင်းနိုင်ငံသားဖြစ်သည်ဟု ပြောဆိုနိုင်သည်။ နိုင်ငံသားများသည် နိုင်ငံကူးလက်မှတ်၊ မွေးစာရင်းနှင့် နိုင်ငံသားဖြစ်ကြောင်းသက်သေပြနိုင်သည့်အခြားသောဥပဒေအထောက်အထားများ ရှိကြသည်။ နိုင်ငံသားများသည် ၎င်းတို့နိုင်ငံတွင် အခွင့်အရေးများရှိကြသည်။ တစ်ဖက်တွင်လည်း ၎င်းတို့တွင် ဥပဒေကို လိုက်နာခြင်း၊ အခွန်ပေးဆောင်ခြင်း၊ အချို့သောအခြေအနေများတွင် စစ်မှုထမ်းခြင်းအစရှိသောတာဝန်များရှိကြသည်။

နိုင်ငံသားဖြစ်မှုကို လူမှုဗေဒစကားရပ်များဖြင့်လည်း အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ နိုင်ငံသားဖြစ်မှုသည် ဥပဒေအရ ဆက်နွယ်နေရုံမျှမကဘဲ ပြည်သူများနှင့် ၎င်းတို့နေထိုင်ရာအသိုက်အဝန်းအကြား လူမှုရေးအရဆက်နွယ်နေမှုလည်း ဖြစ်သည်။ နိုင်ငံသားဆိုသည်မှာ အသိုက်အဝန်း (သို့) ရပ်ရွာလူထုတွင် အဓိပ္ပါယ်ရှိစွာပူးပေါင်းပါဝင်၊ အကျိုးပြုသော ပြည်သူများလည်း ဖြစ်ကြသည်။ တစ်ဖက်တွင်လည်း ၎င်းတို့၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအတွက် လေးစားမှု၊ အဆင့်အတန်း၊ လွှမ်းမိုးနိုင်မှု နှင့် ကာကွယ်မှုတို့ ပြန်လည်ရရှိကြသည်။

## ၉.၃ နိုင်ငံသားအခွင့်အရေးနှင့် လူ့အခွင့်အရေး

နိုင်ငံသားအခွင့်အရေးနှင့် လူ့အခွင့်အရေးအကြားကွာခြားချက်မှာ အဘယ်နည်း။

အရိုးရှင်းဆုံးပုံစံမှာ လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးအကြား ကွာခြားချက်မှာသင်ဘာကြောင့် ၎င်းအခွင့်အရေးတို့ကို ရရှိသလဲပင်ဖြစ်သည်။ နိုင်ငံသားအခွင့်အရေးသည် ဥပဒေအရအခွင့်အရေးဖြစ်ပြီး သင်၏ ဥပဒေအရ နိုင်ငံတစ်နိုင်ငံနှင့် ဆက်နွယ်နေမှုမှတဆင့် နိုင်ငံသားဖြစ်ခြင်းကြောင့် ရရှိသည့်အခွင့်အရေးဖြစ်သည်။ လူ့အခွင့်အရေးသည် ကျင့်ဝတ်ပိုင်းဆိုင်ရာ အခွင့်အရေးမျိုးဖြစ်ပြီးသင်သည် လူသားတစ်ယောက်ဖြစ်နေခြင်းကြောင့် ရရှိသည့် အခွင့်အရေးဖြစ်သည်။

လူ့အခွင့်အရေးသည် ယေဘုယျအားဖြင့် အခြေခံအကျဆုံးအခွင့်အရေးများအဖြစ် မှတ်ယူကြသည်။ ၎င်းတို့တွင် အသက်ရှင်သန်ခွင့်၊ ပညာသင်ကြားခွင့်၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်းမှ ကာကွယ်ပေးမှု၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်တို့ ပါဝင်ကြသည်။ ဤအခွင့်အရေးများသည် နိုင်ငံသားအခွင့်အရေးများဖြင့်လည်း ဆက်စပ်နေတတ်ကြသည်။ သို့သော် ဤအခွင့်အရေးများက လူသားတို့ အသက်ရှင်ရပ်တည်နိုင်ရန်နှင့် ၎င်းတို့၏အစွမ်းအစများ အပြည့်အဝရနိုင်ရန် လိုအပ်သောအခွင့်အရေးများ ဖြစ်သည်ဟုထင်မြင်ယူဆကြသည်။

နိုင်ငံသားအခွင့်အရေးသည် တစ်နည်းအားဖြင့် သင်သည်ဥပဒေအရနိုင်ငံတစ်ခု၏အဖွဲ့ဝင်တစ်ယောက်ဖြစ်နေခြင်းကြောင့် ရရှိသောအခွင့်အရေးများဖြစ်သည်။ နိုင်ငံသားအခွင့်အရေးသည် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကွာခြားမှုရှိနိုင်သည်။ သို့သော်လည်း လူ့အခွင့်အရေးသည် လူသားအားလုံးအတွက် ကမ္ဘာလုံးဆိုင်ရာဖြစ်သည်ဟု ယူဆကြသည်။ မည်သည့်နိုင်ငံမှ လူသားတစ်ယောက်၏ လူ့အခွင့်အရေးကို ငြင်းဆန်ပိုင်ခွင့်မရှိပါ။ သို့သော် နိုင်ငံအလိုက် နိုင်ငံသားအခွင့်အရေးအမျိုးမျိုးကို အာမခံခြင်းသို့မဟုတ် ငြင်းဆန်ခြင်းရှိကြသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံပြင်ပ နိုင်ငံရပ်ခြားသို့ သင်သွားရောက်လည်ပတ်ပါက ၎င်းနိုင်ငံသည် သင်၏လူ့အခွင့်အရေးကို လေးစားရမည်ဖြစ်သည်။ အလားတူစွာ မြန်မာအစိုးရသည်လည်း နိုင်ငံတွင်းသို့ လာရောက်လည်ပတ်သူများ၏ လူ့အခွင့်အရေးကို လေးစားရမည်ဖြစ်သလို နယ်စပ်များရှိ နိုင်ငံသားမဟုတ်သူများ၏ လူ့အခွင့်အရေးများကိုလည်းလေးစားရမည်ဖြစ်သည်။

## ၉.၄ နမူနာဖြစ်ရပ်များကို လေ့လာခြင်း

အောက်ပါ ဖြစ်ရပ်သုံးခုသည် နိုင်ငံသားများနှင့် နိုင်ငံသားမဟုတ်သူများအား ၎င်းတို့၏အခွင့်အရေးများကိုရရှိစေရန် ကူညီထောက်ပံ့ပေးရန်အလို့ငှာ ဆောင်ရွက်ခဲ့သောအစီအစဉ်များဖြစ်သည်။ နမူနာများကိုဖတ်၍ မိမိ၏တွဲဖက်နှင့် မေးခွန်းများကို ဆွေးနွေးပါ။

**နမူနာဖြစ်ရပ် (၁)**

### ဩစတြေးလျနိုင်ငံတွင် အဆင့်မြင့်ပညာရေးကို လက်လှမ်းမီရန်ထောက်ပံ့ပေးခြင်း[11]



Fee-Help သည် ဩစတြေးလျနိုင်ငံတွင် တက္ကသိုလ်ဝင်ခွင့်ရသော ကျောင်းသားများကို ငွေကြေးအထောက်အပံ့ပေးသော အစီအစဉ်ဖြစ်သည်။ ကျောင်းသားများသည် ကျောင်းစရိတ်လုံလောက်စွာပေးနိုင်ရန် ချေးငွေလျှောက်ထားနိုင်ကြသည်။ ၎င်းတို့သည် လစာကောင်းကောင်းဖြင့် အလုပ်မရသေးသည့်တိုင် ချေးငွေကို ပြန်ဆပ်ရန်မလိုပေ။ သတ်မှတ်လိုအပ်ချက်များနှင့် ပြည့်စုံသော ဩစတြေးလျ နိုင်ငံသားများသာလျှင် Fee-Help အစီအစဉ်ကို လျှောက်ထားနိုင်သည်။ နိုင်ငံတကာ ကျောင်းသားများသည် Fee-Help ကိုလျှောက်ထားခွင့် မရှိသည့်အပြင် နိုင်ငံသား များထက် ကျောင်းစရိတ် ပိုမိုမြင့်မားစွာပေးသွင်းကြရသည်။ အဘယ်ကြောင့်ဆိုသော် ဩစတြေးလျ နိုင်ငံသားများသည် အခွန်ဆောင်ကြရသောကြောင့် ၎င်းအခွန်ငွေများကို နိုင်ငံ၏ပညာရေးစနစ်တွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ နိုင်ငံသားမဟုတ်သူများမှာ အခွန်မပေးကြရပေ။

ဩစတြေးလျ အစိုးရသည် 'ဩစတြေးလျ အထောက်အပံ့' (Australia Awards) စကော်လာရှစ်အစီအစဉ်ဖြင့် မြန်မာနိုင်ငံအပါအဝင် အခြားသောနိုင်ငံများမှ ထူးချွန်သောကျောင်းသားများကို ဩစတြေးလျနိုင်ငံတွင် အဆင့်မြင့်ပညာ ရေးလက်လှမ်းမီရန် ကူညီထောက်ပံ့ပေးလျက်ရှိသည်။

**ဆွေးနွေးခြင်း**

၁။ Fee-Help ကိုမည်သူတွေ လျှောက်ထားနိုင်သနည်း။
၂။ နိုင်ငံတကာကျောင်းသားများသည် အဘယ်ကြောင့် Fee-Help ကို လျှောက်ခွင့်မရှိကြသနည်း။
၃။ Fee-Help သည် မျှတမှုရှိပါသလား။ နိုင်ငံသားမဟုတ်သူများအပေါ်တွင် ခွဲခြားဆက်ဆံမှုရှိပါသလား။
၄။ နိုင်ငံသားများ အဆင့်မြင့်ပညာရေးကိုတက်နိုင်ရန် ငွေကြေးပံ့ပိုးပေးမှုသည် အစိုးရအတွက် အတွေးအခေါ်ကောင်းဖြစ်ပါသလား။ ဘာကြောင့်ဖြစ်ပါသနည်း သို့မဟုတ် ဘာကြောင့် မဖြစ်ပါသနည်း။

**နမူနာဖြစ်ရပ် (၂)**

### ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး[12]

ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးကွန်ယက် (MWRN) သည် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများအတွက် ဆောင်ရွက်နေသော အကျိုးအမြတ်




အတွက် မဟုတ်သည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ကချင်ပြည်နယ်မှ ရွှေ့ပြောင်းအလုပ်သမား ဦးအောင်ကျော်နှင့် လုပ်ဖော်ကိုင်ဖက် ရှစ်ယောက်တို့က ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ရွှေ့ပြောင်းအလုပ်သမားများအပေါ် မမှန်မကန် ပြုမူခြင်းနှင့် မတရားပြုမူခြင်းတို့အတွက် ကူညီဆောင်ရွက်ပေးသောအဖွဲ့အစည်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် MWRN သည် ရန်ကုန်တွင် ရုံးခန်းဖွင့်လှစ်ခဲ့သည်။ ထို့နောက် ဝန်ထမ်းများမှ ရွှေ့ပြောင်းအလုပ်သမား ဖြစ်နိုင်ချေရှိသူများကို ထိုင်းနိုင်ငံတွင် အကာအကွယ်ပေးထားသည့် အလုပ်သမားဥပဒေများနှင့် ၎င်းတို့ရရှိမည့်အခွင့်အရေးများနှင့် ပါတ်သက်၍ သင်တန်းပေးလျက်ရှိသည်။ MWRN သည် ရွှေ့ပြောင်းအလုပ်သမားများကိုထိုင်းနိုင်ငံရှိ မြန်မာသံရုံးအဆက်အသွယ်များနှင့် အခြားသောအရေးပါသည့် အဆက်အသွယ် အချက်အလက်များကိုလည်းပံ့ပိုးပေးသည်။ ရွှေ့ပြောင်း အလုပ်သမားများအကြား အခွင့်အရေးများကိုအသိပညာ မြှင့်တင်ပေးခြင်းဖြင့် MWRN သည် လုပ်ငန်းခွင်မတရားပြုမူများကိုကာကွယ်ရန် အကူအညီပေးသည်။ "ပထမဆုံးခြေလှမ်းကတော့ ရွှေ့ပြောင်းအလုပ်သမားတွေကို လုပ်ငန်းခွင် ထဲမှာသူတို့ ဘယ်လိုအခွင့်အရေးတွေရှိတယ် ဆိုတာကို သိအောင် ဆောင်ရွက်ပေးပါတယ်။ အလုပ်သမားတွေက ဘာဥပဒေတွေရှိတယ်၊ မတရားမှုများကိုသူတို့ဘယ်လို ပြန်တိုက်နိုင်တယ်ဆိုတာကိုမသိကြဘူး" ဟု ဦးအောင်ကျော် ကပြောသည်။

ဆွေးနွေးခြင်း

၁။ MWRN ကိုယ်စားပြုသောသူများသည် ထိုင်းနိုင်ငံ၏ နိုင်ငံသားများဖြစ်ကြပါသလား။

၂။ MWRN ပြုလုပ်သည့် လုပ်ဆောင်ချက် နမူနာများမှာအဘယ်နည်း။

၃။ ဦးအောင်ကျော်၏ ပြောစကားအရ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်ရန်နှင့် လုပ်ငန်းခွင် မတရားမှုများကိုလျှော့ချရန် မည်သည့်အရာများ ဖြစ်ပေါ်ရန်လိုအပ်သနည်း။

၄။ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် သူတစ်ယောက်ယောက်ကို သင်သိပါသလား။ မည်သို့သောအခက်အခဲများသူတို့ ရင်ဆိုင်ကြရပါသလဲ။

**နမူနာ ဖြစ်ရပ် (၃)**

## မြန်မာနိုင်ငံရှိ နိုင်ငံသားသက်သေခံကဒ် (ID Card)[13]



မြန်မာနိုင်ငံတွင် လူဦးရေ (၁၁) သန်းကျော်ခန့်သည် နိုင်ငံသားသက်သေခံကဒ်များ မရှိကြပေ။ သက်သေခံကဒ် မရှိသူများသည် ဝေးလံခေါင်ဖျားသောဒေသတွင် နေထိုင်ကြသူများ သို့မဟုတ် လျှောက်ထားရန် မလွယ်ကူသည့် ပဋိပက္ခဖြစ်နေသောဒေသများတွင် နေထိုင်သူများဖြစ်ကြသည်။ တရားဝင်နိုင်ငံသားကဒ် မရှိကြသောအခါ အခြေခံနိုင်ငံသား အခွင့်အရေးများကို မရရှိကြပေ။ ၎င်းတို့သည် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်၊ ဘဏ်စာရင်းဖွင့်ရန်၊ ကျောင်းတက်ရန်၊ လွတ်လပ်စွာခရီးသွားရန်နှင့် ရွေးကောက်ပွဲတွင် မဲပေးရန်အတွက် အခွင့်အရေးမရကြပေ။ ၂၀၁၂ ခုနှစ်မှစတင်၍ Norwegian Refugee Council (နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း) သည်

မြန်မာအစိုးရနှင့်အတူ ဝေးလံခေါင်ဖျား၍ သွားလာရေးခက်ခဲသောဒေသများတွင် နေထိုင်သူများကို နိုင်ငံသား သက်သေခံကဒ်ရရှိရန် ဆောင်ရွက်ပေးလျှက်ရှိသည်။ အသက် ၁၄ နှစ်အရွယ် ကျောင်းသူမဇင်နှင်းဖြူသည် မြို့ပေါ်မှ ၄၅ မိနစ်ခန့် မော်တော်ဖြင့်သွားရသော မြိတ်ကျွန်းစုတစ်ခုဖြစ်သော မစမ်းပါးကျွန်းတွင် နေထိုင်သည်။ ၂၀၁၇ ခုနှစ်တွင် NRCနှင့်ဒေသအာဏာပိုင်များ၏အကူအညီဖြင့်နိုင်ငံသားသက်သေခံကဒ်ကိုရရှိခဲ့သည်။ 'သက်သေခံကဒ်ရှိတဲ့အတွက် သမီးဘယ်သူဆိုတာ ပြောပြလို့ရသွားပြီ' ဟု သူမက ပြောဆိုသည်။ 'သမီးကဆရာဝန် တစ်ယောက်ဖြစ်ချင်တယ်' ဟုလည်း ဆက်၍ပြောသည်။ တက္ကသိုလ်တက်ရန် နိုင်ငံသားသက်သေခံကဒ် လိုအပ်သည်ကို သူမကောင်းကောင်း သိထားပုံရပါသည်။ 'ဒီကဒ်ရတဲ့အတွက် သမီးအရမ်းပျော်ပါတယ်။ သမီးအမေကို ပေးထားမယ်။ အမေက ဒီကဒ်ကိုသမီး အတွက်လုံခြုံအောင် သိမ်းထားပေးလိမ့်မယ်'။

**ဆွေးနွေးခြင်း**

၁။ မြန်မာနိုင်ငံတွင် နေထိုင်သူများ နိုင်ငံသားသက်သေခံကဒ်ရရှိရန် အခက်အခဲတွေ့ရခြင်း၏ အကြောင်းအရင်း အချို့မှာအဘယ်နည်း။
၂။ နိုင်ငံသားသက်သေခံကဒ်ရရှိရန် ဘာကြောင့် အလွန်အရေးကြီးပါသနည်း။
၃။ ဇင်နှင်းဖြူအတွက် သက်သေခံကဒ်ရရှိရန် မည်သူကူညီခဲ့ပါသလဲ။
၄။ နိုင်ငံသားသက်သေခံကဒ်မရှိသည့် သူတစ်ယောက်ယောက်ကို သင်သိပါသလား။ ၎င်းတို့မည်သို့သောအခက် အခဲများ ရင်ဆိုင်ကြရပါသလဲ။

## သင်ခန်းစာ ၉ - ဝေါဟာရ

**နိုင်ငံသားဖြစ်မှု** - ဥပဒေအရ နိုင်ငံတစ်နိုင်ငံ၏ အဖွဲ့ဝင်တစ်ယောက်ဖြစ်ခြင်း၊ ထိုသို့ဖြစ်ခြင်းကြောင့် အခွင့်အရေး များရရှိခြင်း။ အသိုက်အဝန်းအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခြင်း။

**နိုင်ငံသားအခွင့်အရေး** - နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ်ဥပဒေအရ ဖြစ်တည်နေသောကြောင့်ရရှိသည့် အခွင့် အရေး။

**ချေးငွေ** - ချေးငှား၍ ယူသုံးပြီးနောင်မှ ပြန်ပေးရသောငွေပမာဏတစ်ခု။

**ရွှေ့ပြောင်းလုပ်သား** - အခြားနိုင်ငံတစ်ခု သို့မဟုတ် ဒေသတစ်ခုသို့ပြောင်းရွှေ့၍ အလုပ်အကိုင်ရှာဖွေလုပ်ကိုင် ရသောသူ။

**အခွန်** - ပြည်သူ့ရေးရာ ဝန်ဆောင်မှုများဆောင်ရွက်နိုင်ရန် အစိုးရသို့ ပေးဆောင်ရသောငွေ။

သင်ခန်းစာ (၉)

# နိုင်ငံသားဖြစ်မှု

ဆ ရာ အ တွ က် မှ တ် စု

## ၉.၁ အဖွင့် – နိုင်ငံသားဆိုသည်မှာ အဘယ်နည်း။

၁၀ မိနစ်

၁။ ကျောင်းသားများသည် ပုံများကိုကြည့်၍ ၎င်းတို့၏ နိုင်ငံသားဖြစ်မှုအပေါ် နားလည်မှုကိုအကောင်းဆုံး ကိုယ်စားပြုနိုင်သောပုံကို ရွေးချယ်ကြမည်။

၂။ အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များဖြင့် ၎င်းတို့၏ ရွေးချယ်မှုများကို နှိုင်းယှဉ်ဆွေးနွေးကြမည်ဖြစ်သည်။

၃။ မိမိသဘောအလျောက် ဆွေးနွေးလိုသူများကို ၎င်းတို့၏ ရွေးချယ်မှုနှင့် အမြင်များကို မျှဝေခိုင်းပါ။

## ၉.၂ နိုင်ငံသားဖြစ်မှု – အဓိပ္ပါယ်ဖွင့်ဆိုချက်

၅ မိနစ်

၁။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။ ရွေးချယ်စရာနည်းလမ်းအနေဖြင့် ကျောင်းသားများကိုတစ်ဦးချင်း ဖတ်ခိုင်းပါ သို့မဟုတ် အဖွဲ့လိုက် အသံထွက်ဖတ်ခိုင်းပါ။

၂။ မှန်ကန်စွာနားလည်မှုမရှိမရှိ ဆန်းစစ်ပါ။ ကျောင်းသားများကို သင်ခန်းစာ၏ အဖွင့်တွင်ပါရှိသော ဓါတ်ပုံများကို ပြန်လည်ကြည့်ရှုခိုင်း၍ မည်သည့်ပုံသည် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ဥပဒေအရ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကိုယ်စားပြုပြီး မည်သည့်ပုံသည် လူမှုဗေဒအရအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကိုယ်စားပြုသနည်းဟု စဉ်းစားခိုင်းပါ။

## ၉.၃ နိုင်ငံသားအခွင့်အရေးနှင့် လူ့အခွင့်အရေး

၁၀ မိနစ်

၁။ ကျောင်းသားများကို နိုင်ငံသားအခွင့်အရေးနှင့် လူ့အခွင့်အရေးကြား ကွာခြားချက်ကိုမေးပါ။

၂။ ကျောင်းသားများ၏ အယူအဆကိုသင်ပုန်းပေါ်တွင် ချရေးပါ။

၃။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။ ရွေးချယ်စရာနည်းလမ်းအနေဖြင့် ကျောင်းသားများကို တစ်ဦးချင်း ဖတ်ခိုင်းပါ သို့မဟုတ် အဖွဲ့လိုက် အသံထွက်ဖတ်ခိုင်းပါ။

## ၉.၄ နမူနာဖြစ်ရပ်များကိုလေ့လာခြင်း

မိနစ် ၂၀

၁။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။ ကျောင်းသားများကိုအတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များဖြင့် နမူနာဖြစ်ရပ်များကိုဖတ်၍ မေးခွန်းများကိုဆွေးနွေးခိုင်းပါ။

၂။ မိမိသဘောအလျောက် ဆွေးနွေးလိုသူများကို ၎င်းတို့၏ ဆွေးနွေးချက်များကို မျှဝေခိုင်းပါ။ လိုအပ်ပါက ဝင်ရောက်ရှင်းလင်းပေးပါ။

**မှတ်ချက်** ။ အကယ်၍ အချိန်အကန့်အသတ်ရှိပါက အတန်းကိုအဖွဲ့သုံးဖွဲ့ခွဲပါ။ တစ်ဖွဲ့ကိုနမူနာဖြစ်ရပ် တစ်ခုစီ ခွဲပေး၍ ဆွေးနွေးစေပါ။ တစ်ဖွဲ့ချင်းစီမှ ကိုယ်စားလှယ်တစ်ယောက်စီရွေးချယ်၍ ၎င်းတို့၏နမူနာဖြစ်ရပ်ကို အကျဉ်းချုပ်တင်ပြခိုင်းပြီး မေးခွန်းများနှင့်ပတ်သက်၍ ဆွေးနွေးချက်ကိုအတန်းတစ်ခုလုံးကို ရှင်းပြခိုင်းပါ။ အခြားနည်းလမ်းအနေဖြင့် နမူနာဖြစ်ရပ်တစ်ခုစီတွင် မေးခွန်း ၁ - ၃ ကို ချန်လှပ်၍ ဆွေးနွေးခိုင်းနိုင်သည်။

## ဖြစ်နိုင်ချေရှိသောအဖြေများ

### နမူနာဖြစ်ရပ် ၁ - သြစတြေးလျ၏ အဆင့်မြင့်ပညာရေးအားလက်လှမ်းမီရန် ထောက်ပံ့ပေးခြင်း။

**Fee-Help ကိုမည်သူတွေလျှောက်ထားနိုင်သနည်း။**

- *သြစတြေးလျ နိုင်ငံသားများ*

**နိုင်ငံတကာကျောင်းသားများသည် အဘယ်ကြောင့် Fee-Help ကိုလျှောက်ခွင့်မရှိကြသနည်း။**

- *သူတို့သည် အခွန်မဆောင်ထားကြသောကြောင့်ဖြစ်သည်။*

**Fee-Help သည်မျှတမှုရှိပါသလား။ နိုင်ငံသားမဟုတ်သူများအပေါ်တွင် ခွဲခြားဆက်ဆံမှုရှိပါသလား။**

- *မဟုတ်ပါ - နိုင်ငံသားနှင့် နိုင်ငံသားမဟုတ်သူများမှာ မတူညီတဲ့အခွင့်အရေးများရှိကြပါသည်။ နိုင်ငံတကာကျောင်းသားများကို ပို၍ကျောင်းစရိတ်ပေးကြရသည်မှာ မျှတမှုရှိပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အခွန်မဆောင်ထားကြသူများဖြစ်သည်။ နိုင်ငံတကာကျောင်းသားများသည် ပို၍ပေးကြရသည်မှာမှန်ပါသည်။ သို့သော် လက်ရှိပေးနေရသော ကုန်ကျစရိတ်ထက် ပိုမိုများပြားသောပမာဏတော့ မဖြစ်သင့်ပါ။*

**နိုင်ငံသားများ အဆင့်မြင့်ပညာရေးကိုတက်နိုင်ရန် ငွေကြေးပံ့ပိုးပေးမှုသည် အစိုးရအတွက် အတွေးအခေါ်ကောင်းဖြစ်ပါသလား။ ဘာကြောင့်ဖြစ်ပါသနည်း သို့မဟုတ် ဘာကြောင့်မဖြစ်ပါသနည်း။**

- *ဖြစ်ပါသည် - အဆင့်မြင့် ပညာရေးတွင် ရင်းနှီး မြှုပ်နှံခြင်းသည် နိုင်ငံတော်ကိုအကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းခွင်အတွင်း စွမ်းဆောင်ရည်မြင့်တက်လာအောင် ကူညီခြင်းပင်ဖြစ်သည်။ မဖြစ်ပါဘူး - အစိုးရများသည် အထက်တန်းကျောင်းပညာရေးကို ရင်းနှီးမြှုပ်နှံသင့်ပါသည်။ သို့သော် အဆင့်မြင့်ပညာရေးကိုတော့ ရွေးချယ်စရာအဖြစ်ထားသင့်ပြီး နိုင်ငံသားများမိမိတို့အစီအစဉ်ဖြင့် အကုန်အကျခံသင့်ပါသည်။*

### နမူနာဖြစ်ရပ် ၂ - ထိုင်းနိုင်ငံရှိရွှေ့ပြောင်းအလုပ်သမားများအခွင့်အရေး

**MWRN ကိုယ်စားပြုသောသူများသည်ထိုင်းနိုင်ငံ၏ နိုင်ငံသားများဖြစ်ကြပါသလား။**

- *မဟုတ်ပါ။ သူတို့သည် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ ဖြစ်ကြပါသည်။*

**MWRN ပြုလုပ်သည့် လုပ်ဆောင်ချက် နမူနာများမှာအဘယ်နည်း။**

- *၎င်းတို့သည် ရွှေ့ပြောင်းအလုပ်သမားများအတွက် သူတို့၏ အခွင့်အရေးနှင့် အလုပ်သမားဥပဒေများကို အသိပေး၊ ရှင်းပြသောလုပ်ဆောင်ချက်များ ဆောင်ရွက်ကြသည်။*

**ဦးအောင်ကျော်၏ ပြောစကားအရရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်ရန်နှင့် လုပ်ငန်းခွင်မတရားမှုများကိုလျှော့ချရန် မည်သည့်အရာများ ဖြစ်ပေါ်ရန်လိုအပ်သနည်း။**

- *အလုပ်သမားများသည် ၎င်းတို့၏ အခွင့်အရေးကို သိဖို့လိုအပ်ပါသည်။*

**နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် သူတစ်ယောက်ယောက်ကို သင်သိပါသလား။ မည်သို့သောအခက်အခဲများ သူတို့ရင်ဆိုင်ကြရပါသလဲ။**

- *အမျိုးမျိုးသောအဖြေများ ဖြစ်နိုင်ပါသည်။*

## နမူနာ ဖြစ်ရပ် ၃ - မြန်မာနိုင်ငံရှိ နိုင်ငံသားသက်သေခံကဒ်

**မြန်မာနိုင်ငံတွင် နေထိုင်သူများ နိုင်ငံသားသက်သေခံကဒ်ရရှိရန် အခက်အခဲတွေ့ရခြင်း၏ အကြောင်းအရင်းအချို့မှာ အဘယ်နည်း။**

- *သူတို့သည် မြန်မာနိုင်ငံရှိ ဝေးလံခေါင်ဖျားသောဒေသများတွင် နေထိုင်သောကြောင့် စာရွက်စာတမ်းများ လျှောက်ထားရန် ခက်ခဲသည်။ သူတို့သည် ပဋိပက္ခများဖြစ်နေသော နေရာဒေသများတွင် နေထိုင်ကြသောကြောင့်မိမိတို့ရပ်ရွာကိုမပြန်နိုင်ကြပေ။သို့မဟုတ်လျှောက်လွှာနှင့်တွဲတင်ရမည့်အထောက်အထားစာရွက်များ ပျောက်ဆုံးသွားကြသည်။ (ဥပမာ - အိမ်ထောင်စုစာရင်း၊ နေထိုင်ကြောင်းရပ်ကွက်ထောက်ခံစာ)*

**နိုင်ငံသားသက်သေခံကဒ်ရရှိရန် ဘာကြောင့် အလွန်အရေးကြီးပါသနည်း။**

- *နိုင်ငံသားသက်သေခံကဒ်သည် ကိုင်ဆောင်ထားသူအတွက် လွတ်လပ်စွာလှုပ်ရှားသွားလာခြင်း၊ နိုင်ငံရေးတွင် ပူးပေါင်းပါဝင်ခြင်းနှင့် ပညာရေးအပါအဝင် အခြေခံအခွင့်အရေးများကို ရရှိခံစားနိုင်သည်။ လူများစွာအတွက်နိုင်ငံသားသက်သေခံကဒ်သည်၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်းနှင့်၎င်းတို့နေထိုင်ရာအသိုက်အဝန်းနှင့် မည်သို့ဆက်နွယ်မှုရှိကြောင်း ပြသနိုင်သောသင်္ကေတလည်း ဖြစ်သည်။*

**ဖင်နင်းဖြူအတွက် သက်သေခံကဒ်ရရှိရန် မည်သူကူညီခဲ့ပါသလဲ။**

- *Norwegian Refugee Council (နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်း) နှင့် မြန်မာအစိုးရ၊ အထူးသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (Ministry of Labour, Immigration and Population) တို့က ကူညီဆောင်ရွက်ပေးခဲ့သည်။ ဤအစီအစဉ်သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။*

**နိုင်ငံသားသက်သေခံကဒ် မရှိသည့်သူတစ်ယောက်ယောက်ကို သင်သိပါသလား။ ၎င်းတို့မည်သို့သော အခက်အခဲများ ရင်ဆိုင်ကြရပါသလဲ။**

- *အမျိုးမျိုးသော အဖြေဖြစ်နိုင်ပါသည်။*

သင်ခန်းစာ (၁၀)

# သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာမှု




*Photo: Myanmar ICT for Development Organization and Panzagar Campaign, 2014*

(၁) ဤပုံကိုကြည့်ပြီး သင်မည်သို့ခံစားရပါသလဲ။

(၂) အနုပညာရှင်မှ မည်သည့်သတင်းစကားကိုပေးရန် ကြိုးစားသည်ဟု သင်ထင်ပါသလဲ။

(၃) ကျွန်ုပ်တို့ ဤပုံမှမည်သည့်အရာကို လေ့လာနိုင်ပါသလဲ။

(၄) ဤပုံသည် ဒီမိုကရေစီနှင့် မည်သို့ဆက်စပ်ပါသလဲ။

ဤဒစ်ဂျစ်တယ် စတစ်ကာသည် ပန်းစကားလှုပ်ရှားမှုတွင် လူငယ်အနုပညာရှင်များ ဖန်တီးခဲ့သော စတစ်ကာများစွာထဲမှ တစ်ခုဖြစ်ပါသည်။

ပန်းစကားလှုပ်ရှားမှုသည် မြန်မာအိုင်စီတီဖွံ့ဖြိုးရေးအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ နေဘုန်းလတ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သူသည် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးနှင့်ပတ်သက်ပြီး ဘလော့တည်ထောင်ရေးသားခဲ့ခြင်းအတွက် ၂၀၀၈ ခုနှစ်တွင် ထောင်ဒဏ် အနှစ် (၂၀) ချမှတ်ခံခဲ့ရသည်။ သို့သော် ၂၀၁၂ ခုနှစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ ၎င်းလှုပ်ရှားမှုသည် ဆိုရှယ်မီဒီယာအသုံးပြုရာတွင် တာဝန်ယူမှုရှိစေရန်နှင့် အွန်လိုင်းပေါ်ရှိအပြုအမူများ၏ အကျိုးသက်ရောက်မှုများနှင့် ပတ်သက်ပြီး အသိပညာ မြှင့်တင်ပေးရန် ဖြစ်သည်။ ကမ်ပိန်း၏ သင်္ကေတမှာ အမျိုးသမီးတစ်ဦး၏နှုတ်မှ ပိတောက်ပန်းများ ထွက်လာနေခြင်းဖြစ်သည်။ ၎င်းသည် အပေါင်းလက္ခဏာဆောင်သော စကားများမှတစ်ဆင့် ငြိမ်းချမ်းရေး ပျံ့နှံ့စေခြင်းကိုကိုယ်စားပြုသည်။

လွတ်လပ်စွာဆန္ဒထုတ်ဖော်ခြင်းနှင့် လွတ်လပ်စွာပြောဆိုမှုကို လေးစားခြင်းသည် ဒီမိုကရေစီ၏ အခြေခံတန်ဖိုးများဖြစ်သည်။ သို့သော်လည်း အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံသောစကားလုံး အသုံးအနှုန်းကတော့ ချွင်းချက်ဖြစ်သည်။ ဒီမိုကရေစီတွင်ပင် ဤသို့သော အစွန်းရောက်သည့် ပြောဆိုဆက်ဆံမှုများကိုတော့ ကန့်သတ်နိုင်သည်။ သို့သော် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို ဖြစ်ပေါ်စေနိုင်သော ပြောဆိုမှုများကိုဆင်ဆာဖြတ်တောက်ခြင်းထက်ငြိမ်းချမ်းသော၊တိကျမှန်ကန်သောသတင်းစကားများကို တန်ပြန်ထုတ်ဖော်ပေးခြင်းက ပိုအရေးကြီးပါသည်။

Source:

Frontier Myanmar, 'The Flower Speech Project' <https://frontiermyanmar.net/en/news/profile-the-flower-speech-movement> accessed 17 June 2019.

သင်ခန်းစာ (၁၀)

# သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာမှု

## ၁၀.၁ အဖွင့် – ဖုန်းတစ်လုံးဝယ်ခြင်း

သင်သည် အချိန်ပိုင်းအလုပ်လုပ်ပြီး နှစ်အနည်းငယ်ကြာငွေစုလာခဲ့သည်။ ယခုဆိုလျှင် သင်ကိုယ်ပိုင် မိုဘိုင်းလ် ဖုန်းတစ်လုံးဝယ်ဖို့ လုံလောက်သည့် ပိုက်ဆံရှိနေပြီဖြစ်သည်။ သင်သည် သင့်ရဲ့ငွေကိုအသေအချာအသုံးချပြီးပေးရသည့်ဈေးနှင့် အကောင်းဆုံးဖုန်းမော်ဒယ်တစ်ခုကို ဝယ်ယူချင်နေသည်။

အတွဲလိုက်အောက်ပါမေးခွန်းများကိုဆွေးနွေးပါ။

- ဘယ်လိုအချက်တွေက သင့်အတွက် အရေးကြီးပါသလဲ။ ကင်မရာ၊ ဖုန်းအရွယ်အစား၊ မန်မိုရီပါဝင်မှု၊ အရောင်။
- ဘယ်လိုအချက်အလက်တွေက သင်သိဖို့အရေးကြီးသည်ဟု ထင်ပါသလဲ။
- ဘယ်နေရာတွင် ၎င်းသတင်းအချက်များကို ရှာဖွေနိုင်မည်ဟု ထင်ပါသလဲ။
- ဒီသတင်းအချက်အလက်များကို ယုံကြည်စိတ်ချရမှု ရှိမရှိသင်မည်သို့ သိနိုင်မလဲ။



## ၁၀.၂ သတင်းအချက်အလက်များသိရှိအောင် ဆောင်ရွက်ခြင်း

မိမိနေထိုင်ရာအသိုက်အဝန်းတွင် မည်သို့ ပူးပေါင်းပါဝင်လိုသည်ဖြစ်စေ ထိရောက်စွာပူးပေါင်းပါဝင်နိုင်ရန် သတင်းအချက်အလက်များကိုသိရှိနေရန် အလွန်အရေးကြီးပါသည်။ သတင်းအချက်အလက်များကို သိရှိနေခြင်းက ကောင်းမွန်သော ဆုံးဖြတ်ချက်များချမှတ်နိုင်ခြင်း၊ ယုံကြည်စိတ်ချရသော သတင်းအချက်များအပေါ်တွင် အခြေခံ၍ ဆုံးဖြတ်သော ဆုံးဖြတ်ချက်များဖြစ်ပေါ်စေရန် အကူအညီပေးပါသည်။ ဖုန်းတစ်လုံးမဝယ်ယူခင် မည်သို့သောလက္ခဏာရပ်များကအရေးကြီးသည်ကို သင်အချိန်ယူစဉ်းစားပါသည်။ အလားတူစွာ ပြည်သူများအနေဖြင့် ၎င်းတို့ကိုကိုယ်စားပြုမည့် ခေါင်းဆောင်များကို ရွေးချယ်ရာတွင် မည်သည့်အရေးကိစ္စများက သူတို့အတွက်အရေးကြီးသည်၊ မိမိတို့၏ အကျိုးစီးပွားကို မည်သူကအကောင်းဆုံးကိုယ်စားပြုသည်ကို အချိန်ယူစဉ်းစားရန် လိုအပ်ပါသည်။ သတင်းအချက်အလက်များကိုသိနေခြင်းက **အခွင့်အာဏာပုံစံ**တစ်မျိုးလည်းဖြစ်သည်။ မိမိတို့၏အခွင့်အရေးကို သိရှိထားသောသူများသည် ၎င်းအခွင့်အရေးများချိုးဖောက်ခံရပါက ချိုးဖောက်ခံရကြောင်းသိရှိနိုင်မည် ဖြစ်သည်။ မိမိတို့၏ သက်ဆိုင်ရာကိစ္စရပ်များကိုဖြေရှင်းရန် မည်သည့်နေရာကိုသွားရမည်၊ မည်သူကတာဝန်ရှိသည်ဆိုသည်ကိုလည်း သိရှိနိုင်မည်ဖြစ်သည်။ သတင်းအချက်အလက်များကို သိနေခြင်းက ပြည်သူများ မိမိကိုယ်ကိုယ်ကာကွယ်တတ်ရန်၊ မိမိနှင့် မိမိ၏မိသားစု၊ အသိုက်အဝန်းတို့အတွက် အကျိုးဖြစ်စေမည့် ရွေးချယ်မှုများကိုလည်း ပြုလုပ်နိုင်ရန်အထောက်အကူ ပြုပါသည်။

ပြည်သူများသည် အောက်ပါများအချက်လက်များကို ဆောင်ရွက်ခြင်းဖြင့် သတင်းအချက်အလက်များကို သိရှိနေနိုင်မည်ဖြစ်သည်။

- ဆရာ/မများ၊ ရပ်ရွာခေါင်းဆောင်များ၊ ပညာရှင်များကဲ့သို့သောဗဟုသုတနှင့် ပြည့်စုံသောသူများနှင့် စကားပြောခြင်း။
- အရေးကိစ္စရပ်တစ်ခုတွင် ပါဝင်ပတ်သက်နေသော အစိုးရဌာနများ၊ ရပ်ရွာအဖွဲ့အစည်းများမှ သတင်းအချက်အလက်များကိုရယူခြင်း။
- ယုံကြည်စိတ်ချရသော သတင်းအရင်းအမြစ်များမှ သတင်းအချက်အလက်ကို ရယူခြင်း (သတင်းစာများ၊ မဂ္ဂဇင်း၊ ရေဒီယို၊ အင်တာနက်၊ ရုပ်မြင်သံကြား)
- စာကြည့်တိုက်များနှင့်ဒေသတွင်းအရင်းအမြစ်များရှိရာစင်တာများကိုအသုံးချခြင်းဖြင့်သတင်းအချက်အလက်များရရှိခြင်းနှင့် အခြားသောသတင်းအရင်းအမြစ်များနှင့်ပတ်သက်သော အချက်အလက်များလည်းရရှိနိုင်သည်။
- မိမိ၏ သူငယ်ချင်းများနှင့် အခြားသောရပ်ရွာလူထုများ၏ ဆွေးနွေးမှုများတွင် ပါဝင်ခြင်း။
- စိတ်ဝင်တစားရှိခြင်း၊ သိလိုစိတ်ရှိခြင်းနှင့် မေးခွန်းများမေးမြန်းခြင်း။

ပြည်သူများမှ သတင်းအချက်အလက်များသိရှိအောင် ကြိုးစားလာကြပါက သတင်းအချက်အလက်များကို အများပြည်သူအလွယ်တကူသိရှိနိုင်ရန်နှင့် သတင်းအချက်အလက်များထုတ်ပြန်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်သည်။ အစိုးရမှ နိုင်ငံသားများကို သတင်းအချက်အလက်များပေးခြင်းသည် အစိုးရအရာရှိများနှင့် ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်များကို သိရှိလာနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံသားများအပေါ် တာဝန်ခံမှုလည်းဖြစ်လာမည်။ တစ်နည်းအားဖြင့် ၎င်းဖြစ်စဉ်ကို ပွင့်လင်းမြင်သာမှုဟုလည်းခေါ်နိုင်သည်။ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုသည် ဒီမိုကရေစီစနစ် ပုံမှန်လည်ပတ်နိုင်ရန်အတွက် လိုအပ်ချက်များဖြစ်သည်။

**ဆွေးနွေးခြင်း**

၁။ အထက်တွင်ဖော်ပြခဲ့သည် သတင်းအချက်အလက် အရင်းအမြစ်များသည် သင့်ရပ်ရွာလူထုတွင် ရရှိနိုင်ပါသလား။ အဘယ်ကြောင့် ရရှိကြသနည်း။ အဘယ်ကြောင့် မရရှိကြသနည်း။

၂။ သင့်ရပ်ရွာလူထုတွင် အခြားသောယုံကြည်စိတ်ချရသည့် သတင်းအရင်းအမြစ်များစဉ်းစားလို့ ရနိုင်ပါသလား။

## ၁၀.၃ သတင်းအချက်အလက်များကို သုံးသပ်ခြင်း

**လေ့ကျင့်ခန်း** - ဆရာ၏လမ်းညွှန်မှုကို လိုက်နာဆောင်ရွက်ပါ။ ဆရာကသတင်းအချက်အလက်ကို ဆန်းစစ်သုံးသပ်ခြင်း၏အရေးကြီးပုံနှင့် သတင်းမှား၊ ကောလာဟလတို့၏ အန္တရာယ်ရှိပုံကိုထောက်ပြနိုင်ရန် လေ့ကျင့်ခန်းတစ်ခု ပြုလုပ်သွားမည် ဖြစ်သည်။

သတင်းအချက်အလက်များကိုသိရှိနေခြင်းကထိရောက်သောဆုံးဖြတ်ချက်များချမှတ်နိုင်ရန်အရေးကြီးသော်လည်း သတင်းအချက်အလက်များကို သိရှိနေရန်ကတော့ လွယ်ကူသည့်အရာတစ်ခုမဟုတ်ပါ။ အင်တာနက်နှင့် လူမှုကွန်ယက်တွင် အလွန်များပြားသော သတင်းအချက်များကို တွေ့ရှိနေကြရသည်။ မည်သည့်သတင်းအချက်အလက်ကို အာရုံစိုက်သင့်သလဲ၊ မည်သည်ကိုယုံကြည်သင့်ပါသလဲ။

ယုံကြည်စိတ်ချရသော၊ မှန်ကန်မှုရှိသော သတင်းအချက်အလက်များကို ရှာဖွေရန် အကောင်းဆုံးနည်းလမ်းဟူ၍တော့ တစ်ခုထဲမရှိနိုင်ပါ။ သို့သော်လည်း မည်သည့်သတင်းအချက်အလက်က သင့်အတွက် အသုံးဝင်သလဲ၊ ယုံကြည်စိတ်ချရမှုရှိသလဲဆိုသည်ကို ဆုံးဖြတ်ရန် ကူညီရန်အတွက်တော့ မေးခွန်းများရှိပါသည်။

- မည်သည့် သတင်းအရင်းအမြစ်ဖြစ်သနည်း။ မည်သည့်နေရာက ထွက်ပေါ်လာသနည်း။
- စာရေးသူ/သတင်းရင်းမြစ်သည် ခေါင်းစဉ်နှင့်ပတ်သက်၍ ကျွမ်းကျင်သူ (သို့) လေးစားရသူဖြစ်ပါသလား။
- တင်ပြချက်သည် အချက်အလက်များပါရှိပြီး၊ ၎င်းအချက်အလက်များကို စစ်ဆေးနိုင်ပါသလား။
- အရင်းအမြစ်သည် မျှတမှုရှိပါသလား၊ ယထာဘူတကျကျတင်ပြ ထားပါသလား။ အမြင်တစ်ခုထဲကနေပဲ တင်ပြထားပါသလား၊ အခြားအမြင်တစ်ခုကို အသိအမှတ်ပြုထားပါရဲ့လား။

**ဆွေးနွေးခြင်း**

ကျောင်းတက်ခြင်းနှင့် ပညာသင်ကြားခြင်းသည် အရေးကြီးပါသလား။ အဘယ်ကြောင့် အရေးကြီးသနည်း။ သို့မဟုတ် အဘယ်ကြောင့် အရေးမကြီးသနည်း။

## ၁၀.၄ ပညာရေးနှင့် ဒီမိုကရေစီ

**ဆွေးနွေးခြင်း** - ကျောင်းတက်ခြင်းနှင့် ပညာသင်ကြားခြင်းသည် အရေးကြီးပါသလား။ အဘယ်ကြောင့် အရေးကြီးသနည်း။ သို့မဟုတ် အဘယ်ကြောင့် အရေးမကြီးသနည်း။

ပညာသင်ကြားခွင့်သည် လူ့အခွင့်အရေးတစ်ခုဖြစ်ပါသည်။ ၎င်းကိုအပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းတွင် အကာအကွယ်ပေးထားသည်။ မြန်မာနိုင်ငံတွင်လည်း ပညာသင်ကြားခွင့်သည် ဥပဒေအရခွင့်ပြုထားသော အခွင့်အရေးဖြစ်သည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံပညာရေးကိုနိုင်ငံသားများအားလုံးမသင်မနေရဖြင့် အခမဲ့သင်ကြားနိုင်ရန်အာမခံထားသည်။ ပညာသင်ကြားခွင့်နှင့် ကျွန်ုပ်တို့ကိုသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များတွင် ဝင်ရောက်ပါဝင်နိုင်ခွင့်မှာ နီးကပ်စွာချိတ်ဆက်လျက်ရှိသည်။ ပညာရေးသည်လူထုကို မိမိတို့၏ရပ်ရွာအသိုက်အဝန်းအတွင်း ထိထိရောက်ရောက်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် သတင်းအချက်အလက်များ၊ ဗဟုသုတနှင့် အတတ်ပညာများထောက်ပံ့ပေးနိုင်ပြီး သတင်းမှားများနှင့် ကောလာဟလတို့ကြောင့် ဖြစ်ပေါ်လာသောထိခိုက်မှုမှ လျော့နည်းစေသည်။

## သင်ခန်းစာ ၁၀ - ဝေါဟာရ

**တာဝန်ခံမှု** - မိမိရဲ့ဆောင်ရွက်ချက်အတွက် တာဝန်ယူခြင်း။

**အခွင့်အာဏာ** - ပိုမိုယုံကြည်မှုရှိလာပြီးမိမိ၏ အခွင့်အရေးကိုတောင်းဆိုလာနိုင်ခြင်း ဖြစ်စဉ်။

**ယုံကြည်စိတ်ချရမှု** - ယုံကြည်လက်ခံလို့ရနိုင်မှု။

**ကောလာဟလ** - စိတ်ဝင်စားစရာကောင်းသောဇာတ်လမ်း သို့မဟုတ် သတင်းအချက်အလက်တစ်ခု။ ၎င်းသည် အမှန်လည်း ဖြစ်နိုင်သလိုမမှန်တာလည်းဖြစ်နိုင်သည်။ သို့သော် လူထုအကြားလျင်လျင်မြန်မြန် ပျံ့နှံ့တတ်သည်။

**လူမှုကွန်ယက်** - နည်းပညာဆက်သွယ်ရေးပုံစံတစ်ခုဖြစ်ပြီး လူများအလွယ်တကူအကြောင်းအရာ ဖန်တီးနိုင်သော၊ အပြန်အလှန်ဆက်သွယ်နိုင်ကြသော နေရာတစ်ခု။

သင်ခန်းစာ (၁၀)

# သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာမှု

ဆရာအတွက်မှတ်စု

## ၁၀.၁ အဖွင့်

၁၀ မိနစ်

၁။ ကျောင်းသားများကို အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များဖြင့် ဇာတ်ညွှန်းနှင့် မေးခွန်းများကိုဆွေးနွေးခိုင်းပါ။
၂။ မိမိသဘောအလျောက် ဆွေးနွေးလိုသူများကို မျှဝေခိုင်းပါ။
၃။ ကျောင်းသားများ၏ စဉ်းစားချက်ကိုသင်ပုန်းပေါ်တွင် ချရေးပါ။

## ၁၀.၂ သတင်းအချက်အလက်များ သိရှိအောင်ဆောင်ရွက်ခြင်း

၅ မိနစ်

၁။ စာပိုဒ်ကိုဖတ်ပြပါ သို့မဟုတ် ရှင်းပြပါ။ ရွေးချယ်စရာနည်းလမ်းအနေဖြင့် ကျောင်းသားများကိုတစ်ဦးချင်းဖတ်ခိုင်းပါ သို့မဟုတ် အဖွဲ့လိုက် အသံထွက်ဖတ်ခိုင်းပါ။
၂။ အတန်းလိုက်အနေဖြင့် သို့မဟုတ် အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များခွဲ၍ မေးခွန်းများကိုဆွေးနွေးခိုင်းပါ။

## ၁၀.၃ သတင်းအချက်အလက်များကို သုံးသပ်ခြင်း

၂၅ မိနစ်

**လေ့ကျင့်ခန်း**

၁။ ဆန္ဒရှိသူကျောင်းသား ၄ ယောက်ကို အခန်းပြင်သို့ ထွက်ခိုင်းပါ။
၂။ မတော်တဆမှုဖြစ်ခဲ့သည့် ဇာတ်လမ်းတစ်ခုကို (အောက်တွင်ဖော်ပြထားသည့် နမူနာဇာတ်လမ်း (သို့) မိမိကိုယ်တိုင်တီထွင်ထားတဲ့ ဇာတ်လမ်း) အခန်းထဲတွင် ကျန်ခဲ့သည့် ကျောင်းသားအားလုံးကိုပြောပြပါ။
၃။ အပြင်မှာစောင့်နေသည့် ကျောင်းသားများထဲမှ တစ်ယောက်ကိုအခန်းထဲသို့ ပြန်ဝင်လာခဲ့ခိုင်းပါ။ ထို့နောက် အတန်းထဲတွင် ကျန်ခဲ့သည့် ကျောင်းသားများထဲမှတစ်ယောက်ကို အဆိုပါကျောင်းသားအား ဇာတ်လမ်းကို ပြန်ပြောပြခိုင်းပါ။
၄။ အခန်းပြင်တွင် ရပ်စောင့်နေသောကျောင်းသားများထဲမှ နောက်တစ်ယောက်ကိုထပ်ခေါ်ပါ။ ထို့နောက် ပထမ ဝင်လာခဲ့သောကျောင်းသားကို ထပ်ဝင်လာသည့်ကျောင်းသားအားဇာတ်လမ်းကို ပြန်ပြောပြခိုင်းပါ။ ဤနည်းလမ်းအတိုင်း အခန်းပြင်သို့ထွက်သွားခဲ့သည့် ကျောင်းသား ၄ ဦးစလုံး ဇာတ်လမ်းနားထောင်ရသည် အထိ ဆောင်ရွက်ပါ။
၅။ ဤလုပ်ဆောင်ချက်ကို နောက်ဆုံးနားထောင်ရသူကျောင်းသားကို စာသင်ခန်းတစ်ခုလုံးကို ပြန်လည်ပြောပြခိုင်း၍ ပိတ်သိမ်းပါ။
၆။ ပထမဦးဆုံးအခန်းထဲတွင် ကျန်နေခဲ့သည့် အတန်းသားများကိုလေ့ကျင့်ခန်းပေါ်တွင် ၎င်းတို့၏ တွေ့ရှိချက်၊

မှတ်ချက်များပေးခိုင်းပါ။ အောက်ပါမေးခွန်းများမေးပါ။

- *သင်ဘာကို လေ့လာတွေ့ရှိခဲ့ပါသနည်း။*
- *တစ်ဆင့်ပြန်လည်ပြောပြသောအခါ မူလဇာတ်လမ်း ဘာဖြစ်သွားပါသနည်း။*
- *ဇာတ်လမ်းနားထောင်သူများက အချက်အလက်များကို ပြန်လည်စစ်ဆေးပါသလား၊ ပြန်လည်အတည်ပြုပါသလား။*
- *မူလဇာတ်လမ်းထဲတွင် မပါဝင်သည့် အချက်အလက်အသစ်များပါဝင်လာပါသလား။ မည်သည့်အချက်အလက်များဖြစ်ပါသနည်း။ ဘာကြောင့် ၎င်းအချက်အလက်များ ပါလာရသည်ဟုထင်ပါသနည်း။*
- *ဇာတ်လမ်းနားထောင်၍ ပြန်ပြောသူများသည် အကြောင်းအရာ၊ အချက်အလက်များကို သတိပြုမိလျှက်နှင့်ပြောင်းလဲခဲ့တာရှိပါသလား။*
- *ဤလေ့ကျင့်ခန်းမှ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝအတွက် ပြန်လည်အသုံးချရန် မည်သည့်သင်ခန်းစာ ရရှိခဲ့ပါသနည်း။*

၇။ အောက်ပါ လေ့လာမှတ်သားစရာ အဓိကသော့ချက်များကို မျှဝေပေးပြီးနိဂုံးချုပ်ပါ။

- *နှုတ်ဖြင့် သတင်းအချက်အလက်ပေးခြင်း သို့မဟုတ် လူမှုကွန်ယက်ကဲ့သို့သော တရားဝင်မဟုတ်သည့် နယ်ပယ်မှ သတင်းအချက်အလက်များသည် မကြာခဏဆိုသလို မပြည့်မစုံသို့မဟုတ် ရှင်းလင်းတိကျမှုမရှိဖြစ်တတ်သည်။*
- *လူတို့သည် အချက်အလက်အတိအကျမမှတ်မိပါက ကွာဟနေသောနေရာတွင် အချက်အလက်အသစ်များဖြည့်စွက်ကြနိုင်ချေများသည်။*
- *သတင်းမှားများနှင့် ကောလာဟလများသည် အထင်မြင်လွဲမှားမှုနှင့် ပဋိပက္ခများကိုဦးတည်စေတတ်သည်။*
- *သတင်းအချက်အလက် မည်သည့်နေရာကလာသလဲ။ ယုံကြည်စိတ်ချရမှုရှိရဲ့လားဆိုသည်ကိုသိရှိခြင်းသည် မိမိကိုယ်ကိုယ် သတင်းအချက်အလက်များသိရှိအောင် နေထိုင်ခြင်း၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ဤသို့ဖြစ်ရန် သတင်းအချက်အလက်များကို တိုက်ဆိုင်စစ်ဆေးခြင်းနှင့် မေးခွန်းမေးမြန်းခြင်းတို့ ပြုလုပ်လုပ်ရန် လိုအပ်သည်။*

၈။ စာပိုဒ်ကိုဖတ်ပြပါ (သို့မဟုတ်) ရှင်းပြပါ။ ရွေးချယ်စရာနည်းလမ်းအနေဖြင့် ကျောင်းသားများကိုတစ်ဦးချင်းဖတ်ခိုင်းပါ သို့မဟုတ် အဖွဲ့လိုက် အသံထွက်ဖတ်ခိုင်းပါ။

**နမူနာဇာတ်လမ်း** - နမူနာဇာတ်လမ်းတစ်ခုကို အောက်တွင်ဖော်ပြထားပါသည်။ သို့သော်လည်း ထူးခြားသော၊ အကြောင်းအရာဆက်စပ်မှုရှိသောသင်၏ ကိုယ်ပိုင်ဇာတ်လမ်းတစ်ခုဖန်တီးရန် အကြံပြုပါသည်။ ကိုယ်ပိုင်ဇာတ်လမ်းတစ်ခုဖန်တီးသောအခါတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပါ။

- တီထွင်ဖန်တီးမှုရှိပါ။
- ကျောင်းသားများစိတ်ဝင်စားစေမည့် ဇာတ်လမ်းမျိုးစဉ်းစားပါ။
- အရောင်၊ နံပါတ်၊ အချိန်၊ တည်နေရာ အစရှိသည့်အချက်အလက်တို့ အသေးစိတ်ပါဝင်ပါစေ။
- သင့်တွင်ရှိသော အချိန်ပေါ်မူတည်၍ ဇာတ်လမ်း၏ ကြာချိန်ကိုချိန်ညှိပါ။

## လွန်ခဲ့တဲ့အပတ်က ဘာဖြစ်ခဲ့တယ်ဆိုတာ ငါမင်းကိုပြောပါရစေ။

*ငါ့ မောင်နှမ ဝမ်းကွဲတစ်ယောက်ရဲ့ မင်္ဂလာဆောင်ရှိတဲ့ ...........(တည်နေရာ)ကို အသွားဘတ်စ်ကားပေါ်မှာ ရှိနေခဲ့တယ်။ နှစ်နာရီလောက် ကြာတော့ ............(တည်နေရာ)ရဲ့ အပြင်ဘက် ...........(မိုင်)လောက်ရောက်တော့ ချို*

*ကျိုးနေတဲ့ ကျွဲကြီးတစ်ကောင် လမ်းပေါ်ကိုပြေးတက်လာတယ်။ ကားဆရာကရှောင်ဖို့ကြိုးစားပေမယ့် အခြားကား တစ်စီးရဲ့ ဘယ်ဘက်အားသွားတိုက်မိပြီးလမ်းဘေးကိုချော်ကျသွားတယ်။ အရမ်းလန့်သွားကြတယ်။ နောက်ဆုံးကားက ရပ်သွားတော့ လမ်းဘေးမြောင်းထဲကို ကျပြီးစောင်းနေပြီ။ ကံကောင်းချင်တော့ ဘယ်သူမှတော့ ပြင်းပြင်းထန်ထန် ဒဏ်ရာ မရခဲ့ကြဘူး။ အမျိုးသမီးကြီးတစ်ယောက်ကတော့ သူ့လက်တစ်ဖက် ကျိုးသွားရှာတယ်။ ကောင်လေးတစ် ယောက်နဲ့ သူ့ညီမလေး၊ အဲ့ဒီကလေးနှစ်ယောက်ကတော့ သူတို့အပေါ်ကိုအိတ်အကြီးကြီးတွေ ပြုတ်ကျပြီးနည်းနည်းနာ သွားကြတယ်။ ကားကတော့ တော်တော်လေးပျက်စီးသွားတယ်။ ခရီးသည် ၃၃ ယောက်စလုံးကတော့ လမ်းရဲ့ဘေးကို ဆင်းခဲ့ကြရတယ်။ နောက်ဆုံးမှာတော့ ရဲတွေရောက်လာခဲ့ကြပြီး ငါတို့သွားချင်တဲ့နေရာကိုဆက်သွားဖို့ တခြားနည်းလမ်း ရှာကြရမယ်လို့ပြောတယ်။ ငါကတော့အိမ်ကိုပဲပြန်ချင်တော့တာ။ ငါ့ဝမ်းကွဲရဲ့ အိမ်ကိုဆက်သွားဖို့က ငါ့အိမ်ကိုပြန်ဖို့ထက် ပိုနီးနေပြီ။ ဒါနဲ့ သူ့အိမ်ကိုသွားဖို့ပဲဆုံးဖြတ်လိုက်တယ်။ နောက်တစ်နာရီလောက်ကြာတော့ ခရီးသည်အများစုကတော့ လမ်းမှာဖြတ်လာတဲ့ ကားတွေတက်စီးသွားကြတယ်။ နောက်ဆုံး ၃ နာရီလောက်မှာ စုံတွဲတစ်တွဲကဖရဲသီးအပြည့် တင်လာတဲ့ ကုန်ကားလေးတစ်စီး မောင်းလာတယ်။ မိန်းကလေးက ကောင်းကောင်းမွန်မွန်ပြုံးပြတော့ ငါလည်းသူတို့နဲ့ အတူသွားဖို့လုံခြုံတယ်လို့ခံစားရတယ်။ ရှေ့ခန်းမှာတော့နေရာကမရှိတော့ဘူး။ အဲတော့ငါနဲ့အခြားခရီးသည်နှစ်ယောက် ဖြစ်တဲ့အမျိုးသမီးတစ်ယောက်နဲ့ သူ့အမေတို့က ကားနောက်ခန်းမှာဖရဲသီးတွေနဲ့ အတူစီးခဲ့ကြတယ်။ ကားကတော် တော်လည်း စီးရတာမသက်မသာရှိပေမယ့်လည်း နောက်ဆုံးတော့ ငါကားပေါ်မှာ အိပ်ပျော်သွားတယ်။ အချိန်ဘယ် လောက်ကြာသွားတယ်တော့မသိဘူး။ ဒါပေမယ့် ငါနိုးလာတော့ မနက်စောစောဖြစ်နေပြီ။ ကားကတော့ မြစ်ဘေးနားမှာ ထိုးရပ်ထားတယ်။ စုံတွဲရယ်၊ သားအမိနှစ်ယောက်ရယ်ကတော့ လုံးဝမတွေ့တော့ဘူး။ လယ်ကွင်းထဲမှာရပ်နေတဲ့ ချိုကျိုးနေတဲ့ ကျွဲကြီးတစ်ကောင်ကလွဲလို့ ဘေးမှာဘာမှမရှိတော့ဘူး။*

## ၁၀.၄ ပညာရေးနှင့် ဒီမိုကရေစီနည်းကျပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

၅ မိနစ်

၁။ ကျောင်းသားများကို ပညာသင်ကြားခြင်းသည် အရေးကြီးပါသလားဟုမေးပါ။ ကျောင်းသား ၁ - ၂ ယောက်အား ၎င်းတို့၏ အဖြေကိုမေးပါ။

၂။ စာပိုဒ်ကိုဖတ်ပြပါ သို့မဟုတ် ရှင်းပြပါ။ ရွေးချယ်စရာနည်းလမ်းအနေဖြင့် ကျောင်းသားများကို တစ်ဦးချင်းဖတ် ခိုင်းပါ သို့မဟုတ် အဖွဲ့လိုက် အသံထွက်ဖတ်ခိုင်းပါ။

သင်ခန်းစာ (၁၁)

# ဒီမိုကရေစီတွင် လူငယ်များ၏ အခန်းကဏ္ဍ





*Third Story Project, 2019* စက်ရုပ်

(၁) ပုံထဲတွင် ဘာတွေဖြစ်ပျက်နေသလဲ။

(၂) ဤပုံသည် မည်သည့်နေရာကလာသည်ဟု သင်ထင်ပါသလဲ။

(၃) အနုပညာရှင်သည် မည်သည့်သတင်းအချက်များကို ပေးထားသနည်း။





*Third Story Project, 2019 စက်ရုပ်*

ဤပုံသည် ရန်ကုန်အခြေစိုက် လူမှုစွန့်ဦးတီထွင်မှုဖြစ်သော 'Third Story Project' မှ ထုတ်ဝေထားသော ပုံပြင်စာအုပ်မှ ထုတ်ယူထားခြင်းဖြစ်သည်။ 'Third Story Project' သည် လူငယ်စေတနာ့ဝန်ထမ်းများမှ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဘုန်းတော်ကြီးပညာသင်ကျောင်းများသို့လှူရန် စာအုပ်များကိုစုဆောင်းကြစဉ် စိတ်ဝင်စားစရာပညာရေးစာအုပ်များသည် မြန်မာတွင်ရှာဖွေရန် ခက်ခဲကြောင်း သတိထားမိလာခဲ့သည်။ ထို့ကြောင့် ၎င်းတို့သည် 'ငါတို့ကိုယ်တိုင် ငြိမ်းချမ်းရေး၊ ရပ်ရွာလူထုနှင့် တာဝန်ယူမှု အစရှိသည်တို့ကို စိတ်ဝင်စားစရာနည်းလမ်းဖြင့် ပြောပြနိုင်မယ့် စာအုပ်တွေထုတ်ကြည့်ရင် မကောင်းဘူးလား' ဟု တွေးမိခဲ့ကြသည်။

Third Story Project သည် မြန်မာစာရေးဆရာများ၊ အနုပညာရှင်များဖန်တီးထားသော စာဖြင့်ရေးသားသောစာအုပ်နှင့် ရုပ်ပုံဖြင့်ဖော်ပြသောစာအုပ် အရေအတွက်များစွာကို ထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံ အနှံ့အပြားသို့ မြန်မာဘာသာဖြင့်စာအုပ်ပေါင်း ၁၆၀,၀၀၀ ကျော်ကိုဖြန့်ဝေခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားဘာသာစကားဖြင့် စာအုပ်ပေါင်း ၃၀,၀၀၀ ကျော်ကို ဖြန့်ဝေခဲ့ပြီး ထပ်မံထုတ်လုပ်ရန်လည်း စီစဉ်လျက်ရှိသည်။

ဤပုံသည် တောင်ကြီးမြို့တွင် 'Third Story Project' ၏ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေး အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်ခဲ့သော ကောင်ကလေးတစ်ယောက်၏ ဇာတ်လမ်းကိုအခြေခံ၍ တည်ဆောက်ထားခြင်း ဖြစ်သည်။ 'စက်ရုပ်စစ်သား' ဆိုသည့်စာအုပ်သည် ကလေးစစ်သားများ၏ လက်တွေ့အခြေအနေကို မီးမောင်းထိုးပြထားခြင်းဖြစ်သည်။ စာအုပ်သည် စာသားလုံးဝမပါရှိပဲ ရုပ်ပုံများမှတစ်ဆင့် ဇာတ်လမ်းကိုပုံဖော်ပြီး စာဖတ်သူကိုမိမိကိုယ်ပိုင် စိတ်ကူးစိတ်သန်းဖြင့် ဇာတ်လမ်းကို စဉ်းစားနိုင်စေရန် ဖန်တီးထားခြင်းဖြစ်သည်။

Source:

Third Story Project, <https://thirdstoryproject.blogspot.com/> accessed 17 June 2019.

Sampan Travel, 'Third Story Project' <https://www.sampantravel.com/magazine/third-story-project/>

သင်ခန်းစာ (၁၁)

# ဒီမိုကရေစီတွင် လူငယ်များ၏ အခန်းကဏ္ဍ

## ၁၁.၁ အဖွင့်

အောက်ပါအဆိုပြုချက်များကို တစ်ယောက်တည်းဖတ်၍ဖြေဆိုပါ။ အပြည့်အဝသဘောတူ(၅)၊ သဘောတူ(၄)၊ မသေချာ(၃)၊ သဘောမတူ(၂)၊ အပြည့်အဝသဘောမတူ(၁) စသည်ဖြင့် သက်ဆိုင်ရာနေရာတွင် အမှန်ခြစ် ခြစ်ပါ။ အခြားသူများနှင့် သင့်အဖြေကိုဝေမျှရန် ပြင်ဆင်ထားပါ။

| စဉ် | အဆိုပြုချက် | ၁ | ၂ | ၃ | ၄ | ၅ |
|---|---|---|---|---|---|---|
| က | ရပ်ရွာလူထုအကျိုး သယ်ပိုးဆောင်ရွက်မှုများသည် အထက်တန်းကျောင်း အောင်မြင်မှုအတွက် လိုအပ်ချက်ဖြစ်သင့်သည်။ | | | | | |
| ခ | လူငယ်များသည် ဒုတိယတန်းစားနိုင်ငံသားများ ဖြစ်ကြသည်။ | | | | | |
| ဂ | ယဉ်ကျေးမှုသည် လူငယ်များပူးပေါင်းပါဝင်ကြရန်အတွက် အကြီးမားဆုံးအဟန့် အတားဖြစ်သည်။ | | | | | |
| ဃ | စာသင်ကျောင်းများသည် လူငယ်များကို ၎င်းတို့၏ ရပ်ရွာအသိုက်အဝန်းတွင် ခေါင်းဆောင်မှု အခန်းကဏ္ဍများယူရန်အတွက် ပြင်ဆင်ပေးပါသည်။ | | | | | |
| င | မြန်မာနိုင်ငံတွင် မဲပေးပိုင်ခွင့်အသက်သည် ၁၆ နှစ်အောက်ဖြစ်သင့်သည်။ | | | | | |
| စ | လူငယ်များသည် အနာဂတ်ဖြစ်ကြသည်။ | | | | | |

**ဆွေးနွေးခြင်း**

၁။ အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်လေးများဖြင့် သင်တို့၏တုန့်ပြန်ချက်များကို နှိုင်းယှဉ်ပြပါ။
၂။ သင်တို့၏ တုန့်ပြန်ချက်တစ်ခုချင်းစီအတွက် အကြောင်းပြချက်များကို ရှင်းပြပါ။
၃။ သင့်တွဲဘက်၏ အကြောင်းပြချက်ကိုနားမလည်ပါက မေးခွန်းမေးမြန်းနိုင်ပါသည်။

## ၁၁.၂ လူငယ်နှင့် ဒီမိုကရေစီ

လူငယ်များနှင့်ကလေးများသည် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အဟန့်အတားများစွာနှင့် ရင်ဆိုင်ကြရသည်။ အချို့သည် ဥပဒေအရဖြစ်သည်။ ဥပမာ မြန်မာနိုင်ငံနှင့် အခြားသောနိုင်ငံများတွင် သင်သည်မဲဝင်ပေးခွင့်နှင့် ရွေးကောက်ခံ အရာရှိများနေရာတွင် ဝင်ရောက်ယှဉ်ပြိုင်မှုအတွက် အသက် ၁၈ နှစ်မှ ၃၀ ကြားမရောက်ခင်တိုင်အောင် အခွင့်အရေးရမည်မဟုတ်ပါ။ လူငယ်နှင့်ကလေးများသည် ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာ အတားအဆီးများလည်း ရင်ဆိုင်ကြရသည်။ နိုင်ငံအတော်များများတွင် ကလေးငယ်များနှင့်လူငယ်များသည် လူကြီးများ၏လမ်းညွှန်ပြသမှုကို လိုက်နာကြရမည်ဟု မှတ်ယူထားကြသည်။ လူငယ်များအတွက် ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင် ဝင်ရောက်ပါဝင်ရန် အခွင့်အလမ်းအလွန်နည်းပါသည်။ ၎င်းတို့၏အမြင်များ၊ ယူဆချက်များကိုလည်း ဦးစားပေးခြင်းနှင့် အလေးထားခြင်းမရှိကြပေ။ လူငယ်များနှင့်ကလေးများသည် မကြာခဏဆိုသလို အခွင့်အာဏာမရှိသူများ၊ ကာကွယ်ရန်လိုအပ်နေသေးသူများ၊ ထိခိုက်နိုင်သည့်သူများဟု ရှုမြင်ကြသည်။ သို့မဟုတ် အတွေ့အကြုံမရှိသေးသော၊ စိတ်ဆတ်ကြသော၊ တာဝန်မယူတတ်သေးသော၊ ပြဿနာရှာတတ်သော ကလေးများအဖြစ်လည်း မှတ်ယူကြသည်။

သို့သော်လည်း ဤကဲ့သို့ပုံသေကားကျပုံစံသည် ပြောင်းလဲလာသည်။ ကမ္ဘာပေါ်ရှိနိုင်ငံများသည် အဓိပ္ပါယ်ပြည့်ဝသောဒီမိုကရေစီတွင် လူငယ်များ၏ပူးပေါင်းပါဝင်မှုလိုအပ်ကြောင်းကို ပို၍အသိအမှတ် ပြုလာကြသည်။

- လူငယ်များသည် လတ်ဆတ်သောအတွေးအခေါ် သစ်များ သယ်ဆောင်လာကြသည်။
- လူငယ်များသည် ၎င်းတို့အတွက်တမူထူးခြားသော အတွေ့အကြုံများကိုမျှဝေရန် အကောင်းဆုံးဖြစ်သည်။ (၎င်းတို့၏ကျောင်းကို မည်သို့ပိုမိုကောင်းမွန်အောင်ဆောင်ရွက်သင့်ကြောင်း ကျောင်းသား/သူများကို မေးပါ။သူတို့၏ မိဘများကိုမမေးပါနှင့်)
- လူငယ်များသည် အရွယ်ရောက်လာလျှင်နေထိုင်မည့်ပုံစံကို ယနေ့သူတို့ကိုယ်တိုင်ချမှတ်လိုက်သော ဆုံးဖြတ်ချက်များအတိုင်း ဆက်လက်အသက်ရှင်ကြလိမ့်မည်ဖြစ်သည်။ အကျိုးဆက်အဖြစ် လူငယ်များသည် အမြဲလိုပင် စိတ်ဓါတ်တက်ကြွနေတတ်ကြသည်။
- လူငယ်များသည် အနာဂတ်၏ခေါင်းဆောင်များနှင့် ဆုံးဖြတ်ချက်ချမှတ်မည့်သူများ ဖြစ်သည်။

သုတေသနတွေ့ရှိချက်များအရ ပဋိပက္ခများမှလွတ်မြောက်လာသောနိုင်ငံများတွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့အတွက် လူငယ်များသည်အရေးပါသော အခန်းကဏ္ဍတွင်ပါဝင်ခဲ့ကြသည်။[14] လူငယ်များသည် ပစ္စုပ္ပန်နှင့် အနာဂတ်ကိုပိုမိုအာရုံစိုက်ကြလေ့ရှိသည်။ ငြိမ်းချမ်းရေးကိုတည်ဆောက်ရန်၊ လက်တွေ့ကျင့်သုံးရန်နှင့် အနာဂတ်အမျှော်အမြင်များထားရန်အတွက် လိုအပ်သောတီထွင်ကြံဆမှုနှင့် လိုက်လျောညီထွေစွာ ပြုပြင်ပြောင်းလဲနိုင်မှုလည်း ရှိကြသည်။

## ၁၁.၃ အပြောင်းအလဲကိုဖန်တီးသော လူငယ်များ

အောက်ပါဥပမာသုံးခုတွင် ကမ္ဘာအနှံ့မှလူငယ်များစနစ်အရနှင့် ယဉ်ကျေးမှုအရကန့်သတ်ချက်များကိုကျော်လွှန်၍ ၎င်းတို့အတွက် အရေးပါသောကိစ္စရပ်များကို မည်သို့ဆောင်ရွက်ခဲ့ကြောင်း တွေ့မြင်ရမည်ဖြစ်သည်။ အတွဲလိုက် သို့မဟုတ် အဖွဲ့ငယ်များဖြင့် ဥပမာများကိုဖတ်၍ အောက်ပါမေးခွန်းများကိုဆွေးနွေးပါ။

**ဆွေးနွေးခြင်း**

၁။ ဥပမာဖြစ်ရပ်များသည် မည်သည့်နေရာမှ ဖြစ်သနည်း။
၂။ အပြောင်းအလဲ ဆောင်ရွက်ခဲ့သူများသည် မည်သည့်ကိစ္စရပ်များကို ကိုင်တွယ်ရန်ကြိုးစားခဲ့ကြပါသနည်း။
၃။ မည်သည့်လုပ်ဆောင်ချက်များကို သူ/သူမဆောင်ရွက်ခဲ့ပါသနည်း။
၄။ မည်သို့သော အထောက်အပံ့များ ၎င်းတို့ရရှိခဲ့ပါသနည်း။
၅။ မည်သည့်ဇာတ်လမ်းသည် သင့်အတွက် ခွန်အားအပေးဆုံးဖြစ်သနည်း။ အဘယ်ကြောင့်နည်း။


## ဖြစ်ရပ် ၁ - ကျော့ကေဇင်သွယ်[15]

ကျော့ကေဇင်သွယ်သည် အသက် ၁၄ နှစ်ရှိပြီး ရန်ကင်းမြို့နယ်တွင် မိန်းကလေးများအတွက် အပန်းဖြေစရာ နေရာများဖန်တီးရန် ဆောင်ရွက်နေသောအဖွဲ့ဝင် ၁၅ ဦးပါ အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ ထို့ပြင် လှိုင်သာယာနှင့် ဒဂုံဆိပ်ကမ်းမြို့နယ်တို့တွင်လည်း ဆက်လက်ဖန်တီးသွားရန် စီစဉ်ထားသည်။ ရန်ကင်းမြို့နယ်တွင် လူငယ်များအသုံးပြုနိုင်သော အများပြည်သူနှင့် သက်ဆိုင်သည့်နေရာအချို့ ရှိနှင့်ပြီးဖြစ်သည်။ "ဒါပေမယ့် ရှိတဲ့နေရာတွေက ယောက်ျားလေးတွေအတွက်ပဲ ဖြစ်တယ်၊ မိန်းကလေးတွေအတွက် မဟုတ်ဘူး" ဟု ကျော့ကေဇင်ကရှင်းပြသည်။ "မိန်းကလေးများအတွက် အများပိုင်နေရာမရှိပါဘူး။ ဓလေ့ထုံးတမ်းအစဉ်အလာအရ မိန်းကလေးများကအိမ်မှာပဲ နေကြရတယ်။ ဒါကြောင့် ကျွန်မကမိန်းကလေးတွေအတွက် လုံခြုံမှုရှိတဲ့ အများပိုင်နေရာတစ်ခုဖန်တီးချင်ပြီးတော့ အဲဒီနေရာကို ရန်ကင်းရဲ့စိတ်ဝင်စားစရာကောင်းတဲ့ နေရာတစ်ခုအဖြစ်လည်းပြုလုပ်ချင်ပါတယ်"။ တည်ဆောက်ခြင်းလုပ်ငန်းများ ၂၀၁၉ ခုနှစ် ဧပြီလတွင် စတင်မှာဖြစ်ပြီး ကြိုးတံတားငယ်တစ်ခု၊ သစ်ပင်ပုံသဏ္ဍာန် ပြုလုပ်ထားသောစာအုပ်စင်နှင့် လေ့ကျင့်ခန်းပစ္စည်းများပါရှိမည်ဖြစ်သည်။ အသက် ၁၃ နှစ်မှ ၁၈ နှစ်အကြားလူငယ် အဖွဲ့ဝင်များသည် 'ဒို့အိမ်' အမည်ရှိ ဒေသတွင်းအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဆောင်ရွက်နေသည်။ ဒို့အိမ်က လူငယ်များရဲ့ အတွေးအခေါ်များပိုမိုရှင်းလင်းလာစေရန် ကူညီပေးခြင်း၊ လုပ်ငန်းစီမံကိန်းနှင့် အသုံးစရိတ်များရေးဆွဲစေခြင်းနှင့် ရန်ပုံငွေထောက်ပံ့ခြင်းနှင့် အကြံပေးကြီးကြပ်ခြင်းများ လုပ်ဆောင်ပေးနေသည်။



## ဖြစ်ရပ် ၂ - ကယ်လ်ဗင်ဒိုး[16]

ကယ်လ်ဗင်သည် ၎င်းနေထိုင်ရာနိုင်ငံ ဆီရာလီယွန်နိုင်ငံ၏ ပြည်တွင်းစစ်တရားဝင်ပြီးဆုံးသွားသော အချိန်ကာလတွင် သူ၏အသက်သည် ၆ နှစ်သာရှိသေးသည်။ အသက်ငယ်သော်လည်း ပတ်ဝန်းကျင်မှလူအများ၏ဘဝကို ပိုမိုကောင်းမွန်စေရန် ဆောင်ရွက်ပေးချင်ခဲ့သည်။ ၁၁ နှစ်ပြည့်သောအခါ ရပ်ရွာအတွင်းရှိပြဿနာများကို ဖြေရှင်းပေးရန်အတွက် အမှိုက်မှအသေးစားလျှပ်စစ်ထုတ်လုပ်ခြင်းကို ရှာဖွေခဲ့သည်။ အသက် ၁၃ နှစ်တွင် အက်ဆစ်၊ ဆိုဒါနှင့်သတ္တုတို့ကို နို့ဆီဘူးအခွံထဲထည့်ပြီး ကိုယ်ပိုင်ဘက်ထရီပြုလုပ်ကာ အိမ်တွေကိုအလင်းရောင်ရအောင်လုပ်ပေးခဲ့သည်။ ရပ်ရွာလူထုလျှပ်စစ်ရရှိရန်အတွက် ၎င်းရပ်ရွာအတွင်းရှိပုံနေသော ပစ္စည်းအပိုင်းအစများကိုအသုံးပြုပြီး အိမ်သုံးမီးစက်အသေးစားကိုလည်း တည်ဆောက်ပေးခဲ့သည်။ ထိုလျှပ်စစ်ဓာတ်အားကို ရပ်ရွာအတွင်းရှိ ရေဒီယိုအသံလွှင့်ရုံတွင်လည်း အသုံးပြုခဲ့သည်။ ရေဒီယိုအသံလွှင့်ရုံကလည်း ပစ္စည်းအဟောင်းတွေကိုသုံးပြီး သူဆောက်ပေးထားခဲ့ခြင်းဖြစ်သည်။ သူကရေဒီယိုရုံတွင် ဒီဂျေတစ်ယောက်ဖြစ်လာခဲ့ပြီး၊ သူ့သူငယ်ချင်းများသည် သတင်းထောက်များနှင့် အသံလွှင့်ဌာနမန်နေဂျာများ ဖြစ်လာခဲ့ကြသည်။ "သူတို့ကျွန်တော့်ကို ဒီဂျေဖိုးကပ်စ်လို့ခေါ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သင်သာအာရုံကောင်းကောင်းစိုက်ထားမည်ဆိုလျှင်၊ ဖိုးကပ်စ်(Focus) ကောင်းကောင်းလုပ်နိုင်မယ်ဆိုရင် တီထွင်ဖန်တီးမှုတွေ ကောင်းကောင်းလုပ်နိုင်မယ်လို့ ကျတော်ယုံကြည်ထားလို့ပါပဲ"ဟု ကယ်ဗင်လ်ကရှင်းပြသည်။ ၂၀၁၂ ခုနှစ်၊ သူ့အသက် ၁၅ နှစ်ပြည့်သောအခါ အသက်အငယ်ဆုံးဧည့်သည်လက်တွေ့ပညာရပ်ကျွမ်းကျင်သူတစ်ယောက်အဖြစ် အမေရိကန်ပြည်ထောင်စု MIT တက္ကသိုလ်၏ နိုင်ငံတကာဖွံ့ဖြိုးရေးရေ့ဆောင်သို့ ရောက်ရှိခဲ့သည်။ MIT ရှိကျောင်းသားများအား ၎င်း၏တီထွင်မှုများကိုပြသခဲ့သည်။ သုတေသနလုပ်ငန်းများတွင်လည်းပါဝင်ခဲ့ပြီး ဟားဗတ်တက္ကသိုလ်မှ အင်ဂျင်နီယာကျောင်းသားများကိုပင် ပြန်လည်သင်ကြားပေးခဲ့ပါသည်။



## ဖြစ်ရပ် ၃ - ပါရယ်လ်ဂျန်ကစ်[17]

ပါရယ်ဂျန်ကစ် အသက် ၁၂ အရွယ်တွင် အိန္ဒိယနိုင်ငံ ရာဂျန်စတန်ရာရှိ သူမ၏ရွာသို့ ပါချပန်ဘာချာဟိုအဒိုလန်ဟုခေါ်သော ဒေသတွင်းအဖွဲ့အစည်းတစ်ခုရောက်ရှိလာခဲ့သည်။ ထို့နောက်၎င်းအဖွဲ့သည် ကလေးအလုပ်သမားများကင်းစင်ရန်နှင့် ကလေးများအတွက် ကျောင်းအပ်ပေးနိုင်ရန်လုပ်ငန်းများကို စတင်ခဲ့ကြပါသည်။ စီမံကိန်း၏အစိတ်အပိုင်းတစ်ခုအနေဖြင့် လူငယ်များနှင့်ရွာလူကြီးများ ဆက်သွယ်ပေါင်းကူးပေးနိုင်ရန်အတွက် ကလေးကောင်စီအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ပါရယ်လ်ဂျန်ကစ်သည် ကောင်စီ၏ပထမဦးဆုံးခေါင်းဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပါသည်။ ရွာ၏ ခေါင်းဆောင်လူကြီးများနှင့်အတူ သူမနှင့်အခြားသော ကလေးငယ်များသည် သူတို့ရွာကလေးကို "ကလေးငယ်များအတွက် ရင်းနှီးကျွမ်းဝင်သောပတ်ဝန်းကျင်" ဖြစ်ရန်တည်ဆောက်ခဲ့ကြပါသည်။ "ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ ရိုးသားရပြီး ပြဿနာကိုအပြစ်တင်မည့်အစား ဖြေရှင်းဖို့သာကြိုးစားရပါတယ်။ ကျွန်မတို့က အိမ်တွေမှာရှိတဲ့ ကလေးသူငယ်များဆီသို့ သွားရောက်ကြည့်ရှုကြပြီး မိဘများကိုလည်း ကျောင်းထားဖို့ အရေးကြီးကြောင်း ရှင်းပြခဲ့ပါတယ်။ ဖခင်တွေကိုလည်း ကလေးတွေ၊ ဇနီးသည်တွေကို မရိုက်နှက်ဖို့ ပြောဆိုခဲ့ပါတယ်။ သူတို့ဘဝကိုချစ်ချစ်ခင်ခင် နေထိုင်ကြမယ်ဆိုရင် အားလုံးစိတ်ချမ်းမြေ့ကြမယ်လေ”ဟု ပါရယ်က ပြောပါသည်။ ပါရယ်သည် သူမတို့၏ရွာမှာပင် ဆရာမတစ်ယောက်ဖြစ်လာရန် စိတ်ကူးထားပါသည်။ ရွာထဲမှာရှိသော လူကြီးများကို ကလေးကောင်စီနှင့်အတူ အလုပ်လုပ်ရန်သိမ်းသွင်းရသည်မှာ အမှန်တကယ်လွယ်ကူသည်တော့ မဟုတ်ပေ။ သို့သော်လည်း လူကြီးများ၏အမြင်က တဖြည်းဖြည်းပြောင်းလဲလာခဲ့သည်။ ယခုအချိန်တွင် ရပ်ရွာလူကြီးကောင်စီ၏ ခေါင်းဆောင်သည်ပါရယ်နှင့် သူမ၏သူငယ်ချင်းများထံမှ အကြံဉာဏ်များ မကြာခဏတောင်းလာသည်။ "လူကြီးတွေက ကျွန်မတို့ရဲ့အကြံဉာဏ်တွေကိုနားထောင်ပြီး ကျွန်မတို့ကို အကူအညီပေးကြပါတယ်”ဟု သူမက ဆက်လက်ပြောပါသည်။




## ၁၁.၄ ဒီမိုကရေစီသည် သင်နှင့်စတင်ပါသည်။

ဒီမိုကရေစီ၏ အခြေခံသည် ပူးပေါင်းပါဝင်ခြင်းနှင့် တန်းတူညီမျှမှု အခြေခံမှုများဖြစ်သည်။ ဒီမိုကရေစီတွင် လူတိုင်းသည် ၎င်းတို့ကိုသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်ချခြင်းများတွင်ပါဝင်ရန် တန်းတူညီမျှအခွင့်အရေးရှိသည်။ သို့သော်လည်း အဓိပ္ပါယ်ပြည့်ဝသော ပူးပေါင်းပါဝင်ခြင်းသည် ကိုယ့်ကိုယ်ကိုယ် သိရှိမှု၊ ကိုယ့်ကိုယ်ပိုင်တန်ဖိုးများ၊ လိုအပ်ချက်များ၊ အမြင်များနှင့် ဦးစားပေးမှုများကိုသတိပြုသိရှိမှုမှ စတင်ပါသည်။

- သင်သည် မည်သူဖြစ်သနည်း။
- သင်၏ အားသာချက်များမှာ အဘယ်နည်း။ အားနည်းချက်များမှာ အဘယ်နည်း။
- သင်၏ ဘဝတွင် အရေးပါသောသူများမှာ မည်သူတွေဖြစ်သနည်း။
- မည်သည့်ကိစ္စများကို သင်ဂရုစိုက်ပါသလဲ။ မည်သည့်အရာများသည် သင့်အတွက်အရေးကြီးပါသလဲ။
- ယခုမှ နောင် ၅ နှစ်တွင် သင်မည်သည့်အနေအထားသို့ ရောက်ချင်ပါသလဲ။ နောင် ၁၀ နှစ်၊ နောင် အနှစ် ၂၀ တွင် မည်သည့်နေရာသို့ ရောက်ချင်ပါသလဲ။
- သင်မည်သူ ဖြစ်ချင်ပါသလဲ။ သင်မည်သို့သော ပုဂ္ဂိုလ်ဖြစ်ချင်ပါသလဲ။
- သင့်အိပ်မက်များကို အကောင်အထည်ဖော်ရန် မည်သည့်အထောက်အပံ့များလိုအပ်သည်ဟု ထင်ပါသနည်း။ သင်နေထိုင်လိုသော ကမ္ဘာကိုတည်ဆောက်ရန် မည်သည့်အထောက်အပံ့များ လိုအပ်ပါသနည်း။

**လေ့ကျင့်ခန်း** - အောက်ပါကွက်လပ်တွင် မိနစ်အနည်းငယ် အချိန်ယူ၍ သင့်ကိုယ့်သင်ထင်ဟပ်နိုင်သောပုံကို ဆွဲပါ သို့မဟုတ် စာရေးပါ။



## သင်ခန်းစာ ၁၁ - ဝေါဟာရ

**ရိုးအသော** - အတွေ့အကြုံမရှိသော။ ဝေဖန်ပိုင်းခြားနိုင်သော ဉာဏ်မရှိသော။

**ဒုတိယတန်းစားနိုင်ငံသား** - ဤစကားလုံးသည် အားကြီးသောလူတန်းစားတစ်စုနှင့် အခွင့်အရေးတူညီစွာ မရရှိသော လူတန်းစားတစ်ခုတွင်ပါဝင်သော တစ်စုံတစ်ဦးကိုရည်ညွှန်းရာတွင် အသုံးပြုသောစကားရပ်ဖြစ်သည်။

**မိမိကိုယ်ကိုယ်သိရှိခြင်း** - မိမိ၏ အားသာချက်၊ အားနည်းချက်၊ အတွေးအခေါ်၊ တန်ဖိုး၊ ယုံကြည်မှု၊ စိတ်အားတက်ကြွမှု နှင့် စိတ်ခံစားမှုတို့အပါအဝင် မိမိ၏ပင်ကိုယ်စရိုက်ကို သေချာစွာသိရှိနားလည်ခြင်း။

**လူမှုရေးအတားအဆီးများ** - ကျားမ၊ လူမျိုး၊ တိုင်းရင်းသား၊ ဘာသာရေး၊ ကျန်းမာရေး သို့မဟုတ် လူနေမှုအဆင့်အတန်းတို့ ကွာဟချက်အပေါ် မူတည်၍ တစ်ဦးတစ်ယောက် သို့မဟုတ် လူအုပ်စုတစ်စုအားကို ၎င်းတို့၏ ပန်းတိုင်များကိုရယူရန် ပိတ်ပင်တားဆီးခြင်း။

**ပုံသေကားကျသတ်မှတ်ခြင်း** - လူတစ်ဦးတစ်ယောက် သို့မဟုတ် အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ အလွယ်သတ်မှတ်ထားသော အတွေးအခေါ်။ သို့သော် ၎င်းသည် မှန်နိုင်သလို၊ မှန်ချင်မှလည်းမှန်နိုင်ပါမည်။

သင်ခန်းစာ (၁၁)

# ဒီမိုကရေစီတွင် လူငယ်များ၏ အခန်းကဏ္ဍ

ဆရာအတွက်မှတ်စု

## ၁၁.၁ အဖွင့် – ဒီမိုကရေစီဆိုတာ ဘာလဲ။

၁၅ မိနစ်

**ရွေးချယ်စရာနည်းလမ်း - က (လှုပ်ရှားမှု အကန့်အသတ်)**

၁။ ကျောင်းသားများသည် အဆိုပြုချက် တစ်ခုချင်းစီကိုဖတ်၍ ၎င်းတို့ အခိုင်အမာသဘောတူသည် (၅)၊ သဘောတူသည် (၄)၊ မသေချာပါ (၃)၊ သဘောမတူပါ (၂)၊ အခိုင်အမာသဘောမတူပါ (၁) ဟူ၍ (✓)အမှန်ခြစ်ခြစ်ရမည်။
၂။ တွဲဘက်နှင့်ဖြစ်စေ သို့မဟုတ် အဖွဲ့ငယ်တွင်ဖြစ်စေ ကျောင်းသားများသည် မိမိတို့၏ တုန့်ပြန်မှုများကို နှိုင်းယှဉ်ဆွေးနွေးကြရမည်။
၃။ မိမိသဘောအလျောက်ဆွေးနွေးလိုသော ကျောင်းသားများအား ၎င်းတို့၏အဖြေများနှင့် အကြောင်းပြချက်ကို မျှဝေခိုင်းပါ။
၄။ အောက်ပါကဲ့သို့သော မေးခွန်းများကိုမေး၍ အနစ်ချုပ်ပါ။

- *လူတိုင်း သဘောတူသည့် အဆိုပြုချက် ရှိခဲ့ပါသလား။*
- *မည်သည့်အဆိုပြုချက်သည် ဆွေးနွေးရမှု အများဆုံးဖြစ်စေခဲ့သနည်း။ (အငြင်းအခုံ၊ စိတ်ဝင်စားကြခြင်း၊ အငြင်းပွားဖွယ်)*
- *ဤအဆိုပြုချက်များသည် ဘာကြောင့်အငြင်းပွားဖွယ် ဖြစ်ရသနည်း။ သင်တို့၏ မတူသောအမြင်များမှာ အဘယ်နည်း။*

**ရွေးချယ်စရာနည်းလမ်း - ခ (လှုပ်ရှားမှု အခြေပြု)**

၁။ စာသင်ခန်းထဲတွင် နေရာကျယ်ကျယ်အလွတ် တစ်ခုဖန်တီးပါ။
၂။ နေရာအလွတ်တွင် စိတ်ကူးဖြင့် မျဉ်းကြောင်းတစ်ခုဆွဲပါ။ ဤမျဉ်းသည် ဘယ်ဘက်ခြမ်းကိုရောက်လေ သဘောမတူခြင်းကို ကိုယ်စားပြုပြီးမျဉ်း၏ ညာဘက်ခြမ်းကိုရောက်လေ သဘောတူခြင်းဖြစ်လေဟူ၍ ခွဲခြားထားသောမျဉ်းဖြစ်ကြောင်း ရှင်းပြပါ။ ထို့နောက် အဆိုပြုချက်များကိုဖတ်ပြပါ။ ကျောင်းသားများသည် ၎င်းတို့၏ ကိုယ်ပိုင်အမြင်ပေါ်မူတည်၍ မျဉ်းပေါ်တွင်ရပ်ကြပါလိမ့်မည်။ ၎င်းတို့ ၁၀၀% သဘောမတူပါက မျဉ်း၏ ဘယ်ဘက် အစွန်ဆုံးတွင်ရပ်ပြီး ၃၀% သဘောမတူပါက မျဉ်းကြောင်းအလယ်မှ ဘယ်ဘက်ခြမ်းအနီးတွင် ရပ်ကြလိမ့်မည်ဖြစ်သည်။
၃။ အဖွင့် ၁၁.၁ တွင် ဖော်ပြထားသော အဆိုပြုချက်များကိုဖတ်ပြပါ။
၄။ ကျောင်းသားများမျဉ်းပေါ်တွင် နေရာယူပြီးနောက် ဘာကြောင့် လက်ရှိ၎င်းတို့ ရပ်နေသည့်နေရာတွင် နေရာယူကြောင်း မေးပါ။ မျဉ်း၏အခြားတစ်ဘက်တွင် ရပ်နေသူများကိုလည်းမေးပါ။ (ဘယ်ဘက်၊ အလယ်၊ ညာဘက်)

၅။ အဖြေအမှားဟူ၍ မရှိပါ။ သို့သော် လိုအပ်ပါကအရေးကြီးသော သဘောတရားများကိုရှင်းလင်းပြပါ။

## ဖြစ်နိုင်ချေရှိသောအဖြေများ/ နောက်ခံအချက်အလက်များ

**ရပ်ရွာလူထုအကျိုး သယ်ပိုးဆောင်ရွက်မှုများသည် အထက်တန်းကျောင်းအောင်မြင်မှုအတွက် လိုအပ်ချက်ဖြစ်သင့်သည်။**

- *အချို့နိုင်ငံများတွင်ကျောင်းသားများသည်အထက်တန်းကျောင်းပြီးမြောက်ဖို့အတွက်ရပ်ရွာအကျိုးပြုလုပ်ငန်းပြုလုပ်ရန် သတ်မှတ်ထားသောနာရီပမာဏ လိုအပ်သည်။ ဤလိုအပ်ချက်သည် ကျောင်းသားများကို လူမှုအကျိုးပြု တာဝန်သိစိတ်ဖြစ်ပေါ်လာအောင်ကူညီပေးရန် ရည်ရွယ်သည်။ ရပ်ရွာအကျိုးပြု လုပ်ငန်းသည် လိုအပ်ချက်တစ်ခုအဖြစ် မရှိသင့်ဟုယူဆသူများလည်းရှိသည်။ လူငယ်များသည် စေတနာ့ဝန်ထမ်းအဖြစ် လုပ်လိုသည်မလုပ်လိုသည်ကို သူတို့ကိုယ်တိုင်ရွေးချယ်သင့်သည်။ လူမှုအကျိုးပြု တာဝန်ယူခြင်းကိုအတွေ့အကြုံတစ်ခုအနေဖြင့်ရသင့်ပြီး စာသင်ခန်းထဲတွင် သင်ကြားသင့်သည်ဟု ယူဆသူများလည်းရှိသည်။*

**လူငယ်များသည် ဒုတိယတန်းစားနိုင်ငံသားများ ဖြစ်ကြသည်။**

- *ဤစကားလုံးသည် အင်းအားကြီးလွှမ်းမိုးထားသော လူအုပ်စုတစ်စုနှင့် အခွင့်အရေးတူညီစွာ မရရှိသောလူမှုအုပ်စုတစ်ခုတွင်ပါဝင်သော တစ်စုံတစ်ဦးကိုရည်ညွှန်းရာတွင် အသုံးပြုသောစကားရပ်ဖြစ်သည်။ အချို့သူများကလူငယ်များသည် ရာနှုန်းပြည့်ပူးပေါင်းပါဝင်ခွင့် ငြင်းပယ်ခံကြရ၍ ဒုတိယတန်းစားနိုင်ငံသားများဖြစ်သည်ဟု ပြောဆိုကြသည်။ လူငယ်များသည်ပုံသေကားကျ သတ်မှတ်ထားမှုများနှင့် ရင်ဆိုင်ကြရသည်။ ၎င်းတို့သည် မကြာခဏဆိုသလို အခွင့်အာဏာမရှိသူများ၊ ကာကွယ်ရန်လိုအပ်နေသေးသူများ၊ ထိခိုက်နိုင်သည့်သူများဟု သို့မဟုတ် အတွေ့အကြုံမရှိသေးသော၊ စိတ်ဆတ်ကြသော၊ တာဝန်မယူတတ်သေးသော၊ ပြဿနာရှာတတ်သောသူများအဖြစ်လည်း အမြင်ခံကြရသည်။*

**ယဉ်ကျေးမှုသည် လူငယ်များပူးပေါင်းပါဝင်ကြရန်အတွက် အကြီးမားဆုံးအဟန့်အတားဖြစ်သည်။**

- *ထုံးတမ်းအစဉ်အလာအရ တန်ဖိုးထားမှုများသည် အသက်အရွယ်မှလာသောပညာနှင့် အတွေ့အကြုံကိုလေးစားကြသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်မှုပုံစံသည် အထက်အောက်ဆင်းသက်သည့်ပုံစံဖြစ်ပြီး အကြီးဆုံးသူများနှင့် လူကြီးများကိုသာ အာဏာပေးလေ့ရှိသည်။ ဤယဉ်ကျေးမှု နှုန်းစံများသည် လူငယ်များကို ဆုံးဖြတ်ချခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မှဖယ်ထုတ်ထားလေ့ရှိသည်။ လူငယ်အမျိုးသမီးများမှာ ယဉ်ကျေးမှုဆိုင်ရာ အတားအဆီးများကိုပိုမိုခံစားရလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် လူမှုအသိုင်းအဝိုင်းက ၎င်းတို့ကိုအိမ်ထဲတွင်နေရန်နှင့် ယဉ်ကျေးသိမ်မွေ့မှုရှိရန် မျှော်လင့်ထားကြသည်။*

**ကျောင်းများသည် လူငယ်များကို ၎င်းတို့၏ ရပ်ရွာအသိုင်းအဝန်းတွင် ခေါင်းဆောင်မှု အခန်းကဏ္ဍများယူရန်အတွက် ပြင်ဆင်ပေးပါသည်။**

- *မြန်မာနိုင်ငံတွင်ရှိသော ကျောင်းများသည် စာမေးပွဲအတွက်ပြင်ဆင်ခြင်းကိုသာ အာရုံစိုက်ကြသည်။ ဘဝအတွက်လိုအပ်သော ကျွမ်းကျင်မှုများကိုဂရုမစိုက်ကြပေ။ ပညာတတ်ခြင်းသည် လူငယ်များကို ၎င်းတို့၏အသိုက်အဝန်းတွင် လေးစားမှုရရှိရန် အကူအညီဖြစ်စေသည်။ သို့သော် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်စေရန်နှင့် ဆုံးဖြတ်ချက်ကိုတာဝန်ယူတတ်သော သူတစ်ယောက်ဖြစ်လာစေရန် လိုအပ်သောဗဟုသုတနှင့် အရည်အချင်းများကိုတော့ အမြဲတစေ ဖြည့်ဆည်းပေးနိုင်သည် မဟုတ်ပါ။*

**မြန်မာနိုင်ငံတွင် မဲပေးပိုင်ခွင့်အသက်သည် ၁၆ နှစ်အောက်ဖြစ်သင့်သည်။**

- *အာဂျင်တီးနား၊ ဩစတြီးယား၊ ဘရာဇီး၊ ကျူးဘား၊ အီကွေဒေါ၊ နီကာရာဂွာနှင့် ယူကေ၏ အချို့သောအစိတ်အပိုင်းများတွင် မဲပေးပိုင်ခွင့်အသက်သည် ၁၆ နှစ်ဖြစ်သည်။ သို့သော်လည်း မဲပေးပိုင်ခွင့်အသက်သည် လျော့ချသင့် မသင့်ဆိုသည်မှာ ကမ္ဘာလုံးအတိုင်းအတာဆွေးနွေး ငြင်းခုံမှုများဖြစ်သည်။ ထောက်ခံသူများ၏ အဆိုမှာ လူငယ်များသည်ခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်သက်ရောက်မှုကို ခံစားရသောကြောင့် လူငယ်များအနေဖြင့် မိမိတို့ခေါင်းဆောင်ကို ရွေးချယ်ရန်အခွင့်အရေးရသင့်သည်ဟုဆိုသည်။ လူငယ်အတော်များများသည်လည်း မိသားစုအတွင်းငွေရှာခြင်း၊ မိသားစုဝင်များကိုစောင့်ရှောက်ပေးခြင်းအစရှိသဖြင့် လူကြီးတာဝန်များကို ယူကြရသည်။ ၎င်းတို့သည်လည်း မျက်မှောက်ကာလတွင်ချမှတ်သော ဆုံးဖြတ်ချက်များကိုလက်ခံနေထိုင်ရန်လိုအပ်သည်။ ကန့်ကွက်သူများကတော့ အသက် ၁၆ - ၁၇ နှစ်အရွယ်များသည် အများပြည်သူနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များတွင်ပါဝင်ရန် လုံလောက်သောသတင်းအချက်အလက် မရရှိကြသေးသဖြင့် လူကြီးများက သိမ်းသွင်းမှုကိုအလွယ်တကူ ခံရနိုင်သည်ဟုဆိုကြသည်။*

**လူငယ်များသည် အနာဂတ်ဖြစ်ကြသည်။**

- *အဖြေအမျိုးမျိုးဖြစ်နိုင်ပါသည်။*

## ၁၁.၂ လူငယ်နှင့် ဒီမိုကရေစီ

၅ မိနစ်

၁။ သင်ခန်းစာကိုရှင်းပြပါ သို့မဟုတ် အသံထွက်ဖတ်ပြပါ။ ရွေးချယ်စရာနည်းလမ်းအနေဖြင့် ကျောင်းသားများကို တစ်ဦးချင်းဖတ်ခိုင်းပါ သို့မဟုတ် အဖွဲ့လိုက် အသံထွက်ဖတ်ခိုင်းပါ။

## ၁၁.၃ အပြောင်းအလဲကိုဖန်တီးသောလူငယ်များ

မိနစ် ၂၀

၁။ ကျောင်းသားများကို အတွဲလိုက်ဖြစ်စေ၊ အဖွဲ့ငယ်များနှင့်ဖြစ်စေ ဥပမာဖြစ်ရပ်များကိုဖတ်ခိုင်းပြီး မေးခွန်းများကို ဆွေးနွေးခိုင်းပါ။ ရွေးချယ်စရာနည်းလမ်းအဖြစ် တစ်ဖွဲ့ထဲကိုဥပမာ ၃ ခုလုံးဆွေးနွေးခိုင်းခြင်းထက် တစ်ဖွဲ့ကို တစ်ခုဆွေးနွေးခိုင်းပြီး အတန်းသို့ ပြန်လည်တင်ပြခိုင်းပါ။

၂။ ဆန္ဒရှိသူများကို ၎င်းတို့၏ဆွေးနွေးချက်များအား မျှဝေခိုင်းပါ။ ၎င်းတို့၏အတွေးအခေါ် များကို သင်ပုန်းပေါ် တွင် ချရေးပါ။ လိုအပ်ပါက ရှင်းပြပေးပါ။

**မှတ်ချက်** ။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်မှာ ကျောင်းသားများကို စိတ်ဓါတ်ခွန်အားပေးရန်နှင့် လေ့ကျင့်ခန်း ၁၁.၃ အတွက်ပြင်ဆင်စေရန်ဖြစ်သည်။ အကယ်၍ အချိန်အကန့်အသတ်ရှိပါက မေးခွန် ၁ မှ ၄ ကိုကျော်၍ ကျောင်းသားများကို ၎င်းတို့အတွက် ခွန်အားအဖြစ်စေဆုံးဖြတ်လမ်းကိုသာ စဉ်းစားခိုင်းပါ။

## ဖြစ်နိုင်ချေရှိသော အဖြေများ

**နမူနာဖြစ်ရပ် (၁)**

၁။ *မြန်မာ*

၂။ *မိန်းကလေးများအတွက် လုံခြုံသော အများပိုင်နေရာမရှိခြင်း*

၃။ *အခြားရွယ်တူများနှင့် အဖွဲ့ဖွဲ့၍ ရန်ကုန်ရှိ မြို့နယ် ၃ ခုတွင် လုံခြုံသောအများပိုင်နေရာများဖန်တီးရန် ဆောင်ရွက်ခြင်း။*

၄။ *ဒေသတွင်းအဖွဲ့အစည်း 'ဒို့အိမ်' မှ ရန်ပုံငွေ နှင့် အကြံဉာဏ်များကူညီပေးသည်။*

**နမူနာဖြစ်ရပ် (၂)**

၁။ *ဆီရာလီယွန်*

၂။ *လျှပ်စစ်မီးမရှိခြင်း၊ ခက်ခဲသောလူနေမှုဘဝ။*

၃။ *ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများနှင့် လျှပ်စစ်ဘက်ထရီဖန်တီးခဲ့သည်။ သူ့ပတ်ဝန်းကျင်နှင့် ရပ်ရွာရေဒီယို အသံလွှင့်ရုံအတွက် မီးစက်တပ်ဆင်ပေးခဲ့သည်။*

၄။ *တက္ကသိုလ်ကျောင်းသားများ၊ အခြားသောသုတေသနပညာရှင်များနှင့် အလုပ်တွဲလုပ်ရန်အမေရိကန်သို့ခရီးသွားရန် ထောက်ပံ့ကြေးရရှိသည်။*

**နမူနာဖြစ်ရပ် (၃)**

၁။ *အိန္ဒိယ*

၂။ *ကလေးလုပ်သား၊ ငယ်ငယ်ရွယ်ရွယ်ဖြင့် အိမ်ထောင်ကျခြင်း*

၃။ *သူမ နေထိုင်ရာရွာရှိ ကလေးသူငယ်ကောင်စီ၏ ခေါင်းဆောင်။ မိန်းကလေးနှင့် ယောက်ျားလေးများအတွက် ပညာရေး၏ အရေးကြီးပုံနှင့် အိမ်တွင်းအကြမ်းဖက်မှုတို့၏ အန္တရာယ်ကို အသိပညာပေးခြင်း။ လူငယ်နှင့် လူကြီးများအကြား ဆက်သွယ်ရေးလမ်းကြောင်းတည်ဆောက်ခြင်း။*

## ၁၁.၄ ဒီမိုကရေစီသည် သင်နှင့်စတင်ပါသည်။

၅ မိနစ်

၁။ ကျောင်းသားများကို သင်ခန်းစာကိုဖတ်ခိုင်းပါ။ ထို့နောက် မိမိကိုယ်ပိုင်စကားလုံးဖြင့် အနှစ်ချုပ်ပေးပါ။

၂။ ယခုလေ့ကျင့်ခန်းသည် ယခုသင်ရိုးအတွက် နောက်ဆုံးဆောင်ရွက်ရမည့် လေ့ကျင့်ခန်းဖြစ်ကြောင်း ရှင်းပြပါ။ (နောက်လာမည့် အခန်းသည် ပြန်လည်သုံးသပ်ခြင်းအခန်းဖြစ်သည်)။ အဆုံးသတ်ရန် ကျောင်းသားများကို ပြီးခဲ့သည့် ရက်သတ္တပတ်များတွင် ဒီမိုကရေစီနှင့် ပါတ်သက်ပြီးသူတို့လေ့လာခဲ့သည်များ၊ သူတို့ကိုယ်သူတို့ ပြန်လည်လေ့လာခဲ့သည်များကို ပြန်လည်သုံးသပ်ဖို့ အခွင့်အရေးပေးပါ။ ပြန်လည်သုံးသပ်ခြင်းမေးခွန်းများကို မကြာမီတွင် သင်ကမေးတော့မည်ဖြစ်သည်။ ထို့နောက် ကျောင်းသားများသည် ပြန်လည်သုံးသပ်ချက်များကို ပုံဆွဲရန် သို့မဟုတ် ချရေးရန် မိနစ်အနည်းငယ်အချိန်ရမည်ဖြစ်သည်။ ယခုအချိန်သည် ကျောင်းသားများ လွတ်လွတ်လပ်လပ် ရေးချင်တာ၊ ဆွဲချင်တာချရေးနိုင် ဆွဲနိုင်သောအချိန်ဖြစ်ကြောင်းပြောပြပါ။

၃။ အောက်ပါ စာသားများကိုနမူနာယူ၍ သင်၏ ကျောင်းသားများနှင့် ကိုက်ညီသော၊ ဒေသနှင့်ကိုက်ညီသော စာသားအဖြစ် ပြင်ဆင်ပါ။

**နမူနာစာသား**

ယခု ဒီလေ့ကျင့်ခန်းကဒီသင်ရိုးရဲ့ နောက်ဆုံးလုပ်ဆောင်ရမယ့်သင်ခန်းစာဖြစ်ပါတယ်။ သင်ခန်းစာတွေကိုအပြီးသတ်ဖို့ ဒီမိုကရေစီနှင့်ပတ်သက်သမျှ၊ ကိုယ့်ကိုယ်ကိုယ်နှင့်ပတ်သက်သမျှ ကိုယ်ဘာတွေလေ့လာဖြစ်ခဲ့သလဲဆိုတာကို ပြန်လည်သုံးသပ်ရန် အခွင့်အရေးပေးပါမယ်။ ခဏနေရင် ပြန်လည်သုံးနိုင်ဖို့ မေးခွန်းလေးတွေမေးပါ့မယ်။ အဲဒီအခါ ကိုယ့်ခေါင်းထဲမှာ ရှိသမျှရေးချင်တာချရေးဖို့၊ ဆွဲချင်တာချဆွဲဖို့ အချိန်ရမှာဖြစ်ပါတယ်။ ဒီအချိန်ဟာကျောင်းသားတွေအတွက်စိတ်ကြိုက်ဖြေဆိုချိန် ဖြစ်ပါတယ်။ ကိုယ်ရေးချင်တာ၊ ဆွဲချင်တာ ချဆွဲနိုင်ပါတယ်။ ဘယ်သူမှကြည့်ဖို့မတောင်းပါဘူး၊ ပြန်မပြောခိုင်းပါဘူး။ ပူးပေါင်းပါဝင်ခြင်းနှင့်၊ တန်းတူညီမျှမှုတို့အပြင်၊ လွတ်လပ်မှုဟာလည်းဒီမိုကရေစီရဲ့အခြေခံအချက်ဖြစ်ပါတယ်။ ကိုယ်တိုင်ဘယ်လို ပါဝင်ချင်သလဲ၊ မပါဝင်ချင်သလဲဆိုတာကို ကိုယ့်ဘာသာဆုံးဖြတ်နိုင်ပါတယ်။ ဒီနောက်ဆုံးလေ့ကျင့်ခန်းမှာ ကိုယ့်ဆန္ဒထုတ်ဖော်ချင်တဲ့ပုံစံကို စိတ်ကြိုက်ရွေးချယ်နိုင်ပါတယ်။ ကိုယ်ဘာကိုမျှဝေချင်သလဲ မမျှဝေချင်သလဲဆိုတာကိုလည်း ဆုံးဖြတ်နိုင်ပါတယ်။ ဘာမှချမရေးချင်မဆွဲချင်လျှင်လည်းကိုယ့်သဘောအတိုင်းပဲဖြစ်ပါတယ်။ ဒီအချိန်သည် ကိုယ့်ရဲ့စိတ်ကြိုက်အချိန် ဖြစ်ပါတယ်။

၁။ ကျောင်းသားများကို တိတ်ဆိတ်စွာနေခိုင်းပြီး မေးခွန်းများကိုတစ်ခုချင်းစီ အသံထွက်ဖတ်ခိုင်းပြပါ။ မိမိ၏ ကျောင်းသားများနှင့် ဒေသအခြေအနေအပေါ် ကိုက်ညီသလိုမေးခွန်းများကို ပြောင်းလဲနိုင်ပါသည်။ မေးခွန်းများကိုဖတ်ပြီးပါက ကျောင်းသားများကိုခဲတံယူ၍ ၎င်းတို့၏အတွေးများခံစားချက်များကို ချရေးခိုင်းပါ။ အကယ်၍ ကျောင်းသားများမရေးချင်ပါက အခြားသူများကိုလေးစားသည့်အနေဖြင့် တိတ်တဆိတ်နေဖို့ ပြောကြားပါ။

၂။ မိနစ်အနည်းငယ်ကြာပြီးနောက် ကျောင်းသားများကို ပူးပေါင်းပါဝင်ပေးမှုအတွက် ကျေးဇူးတင်ကြောင်းပြော၍ သင်ခန်းစာကိုအဆုံးသတ်ပါ။

**ကျောင်းသားများ ပြန်လည်သုံးသပ်၍ ရေးသားနိုင်ရန် ကူညီပေးနိုင်သောနည်းလမ်းများ**

၁။ သင်မေးခွန်းများကို ဖြည်းဖြည်းချင်းဖတ်ပြသည့်အချိန်တွင် ကျောင်းသားများကိုမျက်စိမှိတ်၍ တိတ်တဆိတ်နေပါစေ။

၂။ စိတ်ငြိမ်အောင်ထိုင်နည်း (တရားထိုင်နည်း) ခဏထိုင်ခိုင်းပါ။

၃။ ကျောင်းသားများကို အတူတကွ အသက်ကိုဖြည်းဖြည်းနှင့် ဝဝရှူသွင်းခိုင်းပါ။

၄။ ညင်သာငြိမ့်ညောင်းသော တီးလုံးသံတစ်ခုခု ဖွင့်ထားပေးပါ။

သင်ခန်းစာ (၁၂)

# နောက်ဆုံး ပြန်လည်သုံးသပ်ခြင်း




(၁) ယခုသင်လေ့လာသိရှိခဲ့ရသည်များ၏ ရလဒ်ကြောင့် သင်၏ဘဝတွင် မည်သည့်အရာများပြောင်းလဲလာနိုင်ပါသလဲ။

(၂) သင်လိုချင်သောအရာများအတွက် ရှေ့ဆက်ရန် သင်ကိုယ်တိုင် ဘာတွေလုပ်နိုင်မလဲ။

(၃) သင်၏ဘဝတွင် လူတွေထံမှ မည်သည့်အထောက်အပံ့မျိုးလိုချင်ပါသလဲ။

(၄) ယခုချိန်မှစ၍ နောက်ခြောက်လအကြာအထိ သင့်ကိုယ်သင် မျှော်မှန်းကြည့်ပါ။ သင်လေ့လာခဲ့သည်များကို ပြန်လည်အသုံးချပါက ဘာတွေပြောင်းလဲသွားနိုင်ပါသလဲ။

ဤစာအုပ်သည် ဒီမိုကရေစီကိုအကျဉ်းချုပ်မိတ်ဆက်ပေးပြီး ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတွင် နေထိုင်သော ပြည်သူတစ်ဦးသည် မည်သည့်ပုံစံဖြစ်သင့်ကြောင်းကို ရှင်းပြထားပါသည်။ သို့သော်လည်း ဤစာအုပ်တွင်ပါဝင်သော အချက်အလက်များနှင့် အတွေးအခေါ်များကို အသုံးချရန် လိုအပ်ပါသည်။ ဒီမိုကရေစီသည် ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သောကြောင့် လက်တွေ့ဆောင်ရွက်ခြင်းသည်အရေးကြီးပါသည်။ ဤနောက်ဆုံးပြန်လည်သုံးသပ်ခြင်းအခန်းတွင် သင်ဘာတွေကိုလေ့လာခဲ့သည်၊ ဘာတွေကသင့်ဘဝနှင့်သက်ဆိုင်မှုရှိသည်ကိုစဉ်းစားပါ။ သင်လေ့လာသိရှိခဲ့သည်များကြောင့် သင့်ဘဝတွင် ဘာတွေထူးခြားလာနိုင်သလဲ။ သင်ပြုလုပ်ချင်သည့် အပြောင်းအလဲများ ရှိပါသလား။ သင်၏ ယခင်အတွေးအခေါ်များထဲမှ ပြောင်းလဲသွားသည်များ ရှိပါသလား။ သင့်တွင် ဦးတည်ချက်အသစ်များ ပေါ်လာပါသလား။ မည်သည့်အရင်းအမြစ်နှင့် စွမ်းရည်များ သင့်တွင်ရှိနှင့်နေပြီး ဖြစ်ပါသလဲ။ သင်၏ရည်မှန်းချက်များကိုအောင်မြင်ရန် သင့်မိသားစုနှင့် သူငယ်ချင်းများထံမှ မည်သည့်အကူအညီများ လိုအပ်ပါသလဲ။

သင်ခန်းစာ (၁၂)

# နောက်ဆုံး ပြန်လည်သုံးသပ်ခြင်း

## ၁၂.၁ ဒီမိုကရေစီအကြောင်းပြန်ပြောခြင်း

အောက်ဖော်ပြပါ စကားလုံးများထဲမှ တစ်ခုနှင့် ဒီမိုကရေစီကြား ဆက်သွယ်မှုကို အတွဲလိုက်အလှည့်ကျ ပြောဆိုဆွေးနွေးကြပါ။ တွဲဖက် A က စကားလုံးတစ်လုံးကိုဆွဲယူပြီး၊ တွဲဖက် B အချိန်ကို ကြည့်နေစဉ်တွင် စက္ကန့် ၃၀ အကြားဆက်တိုက်ပြောဆိုရမည်ဖြစ်ပါသည်။ ထို့နောက် တွဲဖက် B မှ စကားလုံးအသစ်ကိုဆွဲယူပြီးစက္ကန့် ၃၀ အကြားဆက်တိုက်ပြောဆိုနေချိန်တွင် တွဲဖက် A မှ အချိန်ကိုကြည့်ထားပေးရမည်ဖြစ်ပါသည်။ သင့်ဆရာက မရပ်ခိုင်းမချင်းစကားလုံးအသစ်များ ဆက်လက်ဆွဲယူ၍ ပြောဆိုနေရမည်ဖြစ်ပါသည်။

**ဒီမိုကရေစီနှင့်** .............

| | | |
|---|---|---|
| တန်းတူညီမျှမှု | နိုင်ငံသားဖြစ်မှု | အခွင့်အရေး |
| ပညာရေး | လူငယ် | အမှတ်သရုပ် |
| ဆုံးဖြတ်ချက်ချမှတ်ခြင်း | ရွေးကောက်ပွဲ | ခေါင်းဆောင် |
| ပဋိပက္ခ | သတင်းအချက်အလက် | တန်ဖိုးများ |

## ၁၂.၂ နှလုံးသား၊ စက်ဝိုင်း၊ အပေါင်း

ဤသင်ရိုးတွင် အခန်း ၁၂ ခန်းပါဝင်ပြီး၊ သင်ခန်းစာ ၁၀ ခန်းနှင့် ပြန်လည်သုံးသပ်ခြင်း ၂ ခန်း ပါဝင်ပါသည်။ ပြီးခဲ့သော ရက်သတ္တပတ်များတွင် သင်ပူးပေါင်းပါဝင်ခဲ့ပြီးသည့် လေ့ကျင့်ခန်းများ၊ အတွေးအခေါ်များ၊ ဆွေးနွေးမှုများကို အောက် ဖော်ပြပါအခန်းတွင် ပြန်လည်နှိုင်းယှဉ်သုံးသပ်ပါ။

♡ သင့်အတွက် တန်ဖိုးအရှိဆုံးဟုထင်သော အခန်းခေါင်းစဉ်ဘေးတွင် နှလုံးသားပုံဆွဲပေးပါ။

○ သင့်ရပ်ရွာအတွက် တန်ဖိုးအရှိဆုံးဟုထင်သော အခန်းခေါင်းစဉ်ဘေးတွင် စက်ဝိုင်းပုံဆွဲပေးပါ။

✚ သင်ပို၍လေ့လာချင်သော အခန်းခေါင်းစဉ်ဘေးတွင် အပေါင်းလက္ခဏာပုံဆွဲပေးပါ။

- ဒီမိုကရေစီနှင့် မတူကွဲပြားမှုများ စုံလင်စွာရှိနေမှု ○
- ဒီမိုကရေစီနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ○
- ဒီမိုကရေစီနှင့် ခေါင်းဆောင်မှု ○
- ရွေးကောက်ပွဲများ ○
- ပြန်လည်သုံးသပ်ခြင်း ○
- ဒီမိုကရေစီနှင့် တန်းတူညီမျှမှု ○
- အခွင့်အရေး၊တာဝန်နှင့် ဝတ္တရား ○
- နိုင်ငံသားဖြစ်မှု ○
- သတင်းအချက်အလက်နှင့် ပွင့်လင်းမြင်သာမှု ○
- ဒီမိုကရေစီတွင်လူငယ်များ၏ အခန်းကဏ္ဍ ○

## ၁၂.၃ နှလုံးသား၊ ဦးခေါင်း၊ ခြေထောက်

အတွဲလိုက်ဖြင့် သင်ရိုးကိုပြန်လည် ထင်ဟပ်၍ မျှဝေပါ။

**နှလုံးသား** - သင့်ရင်ထဲထိမိသွားသော အတွေးအခေါ် သော့ချက်။
**ဦးခေါင်း** - သင်စိတ်အဝင်စားဆုံး သို့မဟုတ် နက်နက်နဲနဲစဉ်းစားတွေးခေါ်စေသော အတွေးအခေါ်သော့ချက်။
**ခြေထောက်** - သင့်ဘဝအတွက် ပြန်လည်အသုံးချချင်သော အကောင်းဆုံးအတွေးအခေါ် သော့ချက်နှင့် တက်ကြွမှု။

သင်ခန်းစာ (၁၂)

# နောက်ဆုံး ပြန်လည်သုံးသပ်ခြင်း

ဆရာအတွက်မှတ်စု

## ၁၂.၁ ဒီမိုကရေစီအကြောင်းပြန်ပြောခြင်း

၂၀ မိနစ်

**ရွေးချယ်စရာနည်းလမ်း - က (လှုပ်ရှားမှု အကန့်အသတ်)**

၁။ ကျောင်းသားများကို အတွဲလိုက်ဖွဲ့ပေးပါ။

၂။ ၎င်းတို့သည် ဒီမိုကရေစီနှင့်... ခေါင်းစဉ်အောက်တွင် ရေးသားဖော်ပြထားသော စကားလုံးများထဲမှ တစ်ခုကို ရွေးချယ်၍ ဒီမိုကရေစီနှင့် ဆက်သွယ်မှုကိုဆွေးနွေးကြရမည်ဖြစ်ကြောင်း ရှင်းပြပါ။ တွဲဖက် 'A' မှ ကြိုက်ရာ စကားလုံးတစ်လုံးကိုရွေးချယ်၍ စတင်ပါမည်။ စက္ကန့် ၃၀ ပြည့်ပါက အချိန်ပြည့်သည်ဟုပြောပါ။ ထို့နောက် တွဲဖက် 'B' မှ စကားလုံးတစ်လုံးကိုရွေးချယ်ပြီး ဆက်လက်ပြောဆိုပါလိမ့်မည်။ တွဲဘက်တစ်ဦးချင်းစီမှ အနည်းဆုံးစကားလုံး ၃ လုံးရွေးချယ်ပြီး ပြောသည့်တိုင်အောင် လုပ်ဆောင်ပါ။ ကျောင်းသားများကို ၎င်းတို့ သည် စက္ကန့် ၃၀ အတွင်း ဆက်တိုက်ပြောဆိုရမည်ဆိုသည်ကို သတိပေးပါ။

၃။ ကြိုက်နှစ်သက်ရာ မေးခွန်းဖြင့်စတင်နိုင်ပါသည်။ အချိန်ကိုကြည့်ရန် နာရီသို့မဟုတ် ဖုန်းကိုသုံးပါ။ အချိန်ပြည့် သွားပါကသင်၏အသံဖြင့် ဖြစ်စေ၊ ခေါင်းလောင်းသို့မဟုတ် အခြားသောအသံထွက်စေသည့်ပစ္စည်းဖြင့်ဖြစ် စေအသုံးပြုပါ။

၄။ တွဲဖက်တစ်ယောက်ချင်းစီက ၃ ကြိမ်စီပြောဆိုဆွေးနွေးပြီးသည့်နောက် စာသင်ချိန်ကိုအနှစ်ချုပ်ပေးပါ။

၅။ စိတ်ကူးမြေပုံတစ်ခုကို သင်ပုန်းပေါ်တွင်ရေးဆွဲ၍ အလယ်တည့်တည့်တွင် ဒီမိုကရေစီကိုရေးပါ။ ထို့နောက် အခြားဆက်စပ်နေသော စကားလုံးများကိုမျဉ်းကြောင်းများဆွဲ၍ ဆက်စပ်ပေးပါ။

၆။ ကျောင်းသားများကို၎င်းတို့၏ တုန့်ပြန်မှုနှင့်ပတ်သက်ပြီး မျှဝေခိုင်းပါ။ ကျောင်းသားများ၏ မှန်ကန်သော အတွေးအခေါ် အယူအဆများကိုသင်ပုန်းပေါ်တွင် ချရေးပါ။

**ရွေးချယ်စရာနည်းလမ်း - ခ (လှုပ်ရှားမှု အခြေပြု)**

၁။ ဒီမိုကရေစီနှင့် ဆက်စပ်၍သုံးသပ်ရမည့်စကားလုံးများကို ကဒ်ပေါ်တွင်ရေးသားထားပြီး ကဒ်များကိုအစုလိုက် ဖြစ်အောင် ဖန်တီးပါ။

၂။ ကျောင်းသားများကို ၄ ယောက်မှ ၇ ယောက်ထိ ပါဝင်နိုင်မည့် အဖွဲ့ငယ်များဖွဲ့ပါ။

၃။ အဖွဲ့တစ်ဖွဲ့ချင်းစီကို စုထားသောကဒ်များပေးပါ။ ထို့နောက် စက်ဝိုင်းဝိုင်းပါ၊ စက်ဝိုင်းထဲတွင်တစ်ယောက်နှင့် တစ်ယောက် လက်ကမ်းနိုင်သော ပစ္စည်းတစ်ခုကိုရှာပါ။ ဥပမာ ဘောလုံး၊ မာကာဘောပင် (marker pen)၊ ရေဘူး စသည့်တို့ဖြစ်သည်။

၄။ ကျောင်းသားများကို ၎င်းတို့ကိုင်ဆောင်ထားသောကဒ်များအား စက်ဝိုင်းအလယ်တွင် ပုံချထားရန်ပြောပါ။ သံစဉ်တစ်ခု ကြားသည်နှင့်တပြိုင်နက် မိမိလက်တွင်ကိုင်ဆောင်ထားသောအရာကို တစ်ယောက်နှင့်တစ်

ယောက်လက်ဆင့်ကမ်းပေးနေရပါမည်၊ သံစဉ်ရပ်သွားပါက လက်ဆင့်ကမ်းခြင်း ရပ်တန့်သွားရမည်ဖြစ်ပြီး၊ နောက်ဆုံးကိုင်ဆောင်ထားသူသည် စက်ဝိုင်းအတွင်းရှိကဒ်များအထဲမှ မိမိနှစ်သက်ရာကဒ်ကိုရွေးချယ်၍ ဒီမိုကရေစီနှင့် ကဒ်တွင်ရေးသားထားသော စကားလုံးများနှင့် ပတ်သက်ဆက်စပ်သောအကြောင်းအရာကို တစ်မိနစ်အကြာ ပြောဆိုရမည်ဖြစ်သည်။

၅။ မေးခွန်းများမေးပါ။ ထို့နောက် သံစဉ်ကိုပြန်ဖွင့်၍ စက်ဝိုင်းအတွင်း ကဒ်များကုန်သည်အထိ လေ့ကျင့်ခန်းများကိုပြုလုပ်ပေးပါ။ အားလုံးပါဝင်ပူးပေါင်းနိုင်ရန်အတွက် သံစဉ်၏ကြာချိန်ကို လိုသလိုညှိနိုင်ပါသည်။

၆။ ကျောင်းသားအားလုံးကို နေရာပြန်ယူစေပါ။

၇။ သင်ပုန်းပေါ်တွင် စိတ်ကူးမြေပုံတစ်ခုကိုဆွဲပါ။ အလယ်တွင် ဒီမိုကရေစီဆိုသည့် စကားလုံးကိုရေးပါ။ ထို့နောက် အခြားသောစကားလုံးများကို ဘေးတွင်ရေး၍ ဒီမိုကရေစီနှင့်ဆက်စပ်မှုကို မျဉ်းဆွဲပြီးပြပါ။

၈။ ကျောင်းသားများကို ၎င်းတို့၏တုန့်ပြန်ချက်နှင့်ပတ်သက်ပြီး မျှဝေခိုင်းပါ။ ကျောင်းသားများ၏ အတွေးအခေါ်ကို သင်ပုန်းပေါ်ရှိ မှန်ကန်သောစကားလုံးဘေးတွင် ချရေးပါ။

**မှတ်ချက်** ။ လုပ်ဆောင်ချက်ကို စိန်ခေါ်မှုဖြစ်စေရန် အချိန်ကိုတစ်မိနစ် ပိုတိုးထားပါသည်။

## ၁၂.၂ နှလုံးသား၊ စက်ဝိုင်း၊ အပေါင်း

၂၀-၃၀ မိနစ်

**ရွေးချယ်စရာနည်းလမ်း - က (လှုပ်ရှားမှု အကန့်အသတ်)**

၁။ စာအုပ်တွင်ပါသောဇယားကို သင်ပုန်းပေါ်တွင်ဆွဲပါ။

၂။ ကျောင်းသားများကို အချိန်အနည်းငယ်ပေး၍ သင်ရိုးညွှန်းတမ်းတလျှောက်လုံး ၎င်းတို့လေ့လာခဲ့သည်များ၊ လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့သည်များကို ပြန်လည်စဉ်းစားထင်ဟပ်ရန် အချိန်ပေးပါ။

၃။ ကျောင်းသားများ အဆင်သင့်ဖြစ်သောအခါ သင်ပုန်းပေါ်ရှိဇယားပေါ်တွင် ပုံဆွဲခိုင်းပါ။ ကျောင်းသားများ အဝေးမှလှမ်းကြည့်လျှင်မြင်နိုင်သော အရောင်မတူသည့် စာရွက်အပိုင်းလေးများကို (နှလုံးသား၊ စက်ဝိုင်း၊ အပေါင်း) ဆိုသည့် အမျိုးအစားပေါ်မူတည်ပြီး ခွဲဝေပေးပါ။ ထို့နောက် ကျောင်းသားများကို စာရွက်အပိုင်းပေါ်တွင်ပုံဆွဲ၍ သင်ပုန်းပေါ်ရှိပုံကားချပ်ဘေးတွင် ကပ်ခိုင်းပါ။

၄။ ကျောင်းသားအားလုံး ကပ်ပြီးပါကနေရာပြန်ယူခိုင်းပေးပါ။ ထို့နောက် ဆန္ဒရှိသူ ကျောင်းသားများ၏ တုန့်ပြန်ချက်ကို မျှဝေပေးရန်ပြောပါ။ တခြားရွေးချယ်စရာ နည်းလမ်းအနေဖြင့် ကျောင်းသားများကိုသင့်လျော်သော မေးခွန်းများ မေးပေးပါ။ ဥပမာ"အခန်း ၂ သည် အလွန်လူသိများသောအခန်းဖြစ်သည်ဟု သတိထားမိသည်။ တစ်ယောက်ယောက်မှ မည်သည့်အချက်ကိုပိုကြိုက်သည်ဟု မျှဝေပေးပါရန်။ သို့မဟုတ် ကျောင်းသားအများစုသည် ဒီမိုကရေစီတွင်လူငယ်များ၏အခန်းကဏ္ဍကိုပိုမိုလေ့လာရန် စိတ်ဝင်စားကြသည်။ တစ်ယောက်ယောက်မှ မည်သည့်အချက်ကိုပိုမိုလေ့လာချင်ကြောင်းမျှဝေပေးပါ။"

၅။ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်မှုနှင့် အာရုံစိုက်မှုတို့အတွက် ကျောင်းသားများကို ကျေးဇူးတင်ခြင်းအကြောင်းပြော၍ ဤအခန်းကိုနိဂုံးချုပ်ပိတ်သိမ်းပေးပါ။

**ရွေးချယ်စရာနည်းလမ်း - ခ (လှုပ်ရှားမှု အခြေပြု)**

၁။ သင်ခန်းစာအမည်များအားလုံးကို ကဒ်တစ်ခုချင်းစီတွင်ရေးပါ။ ကျောင်းသား/သူတစ်ယောက်ချင်းစီကို ကဒ်

တစ်ခုစီပေးပါ။ အကယ်၍ ကျောင်းသားများနေပါက ကဒ်ကိုလုံလောက်အောင် ဖန်တီးနိုင်ပါသည်။

၂။ ကဒ်များကိုရော၍ ကျောင်းသားများကိုဝေပေးပါ။ ကဒ်တွင်ရေးသားထားသော အခန်းနှင့်ပတ်သက်၍ သင်ခန်းစာများ၊ လေ့ကျင့်ခန်းများအကြောင်းကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် မိနစ်အနည်းငယ် ခွင့်ပြုပေးပါ။

၃။ ကျောင်းသားများကိုမတ်တက်ရပ်၍ အခန်းအတွင်းရွေ့လျားစေပါ။ အခြားတစ်ယောက်နှင့် ဆုံတွေ့သောအခါ ရပ်၍ ၎င်းတို့၏တွဲဖက်ကိုမိမိလက်ထဲရှိ အခန်းနှင့်ပတ်သက်၍ အကျဉ်းချုပ်ပြောပြပါ။ တစ်ယောက်ချင်းစီမှ မိမိနှင့်ပတ်သက်သည့် အခန်းကိုပြောပြီးသည့်နောက်တွင် ကဒ်ချင်းလဲပြီးတွဲဖက်အသစ်တစ်ယောက် ထပ်ရှာပါ။ အကယ်၍ မိမိတွေ့သောတွဲဖက်မှာမိမိနှင့် အခန်းခေါင်းစဉ်တူနေပါက အတူတကွပြန်လည်သုံးသပ်နိုင်ပါသည်။ ထို့နောက် အချင်းချင်းလစ်ဟာနေသည်များကို အပြန်အလှန်ဖြည့်စွက်ဆွေးနွေးနိုင်ပါသည်။ ဤနည်းလမ်းဖြင့် ၅ မိနစ်ကြာ ဆောင်ရွက်ပါ။ သို့မဟုတ် ကျောင်းသားအားလုံး သင်ခန်းစာအခန်းတိုင်းကိုယေဘုယျ ခြုံငုံပြန်လည်၍ သုံးသပ်မိသည်ဟု သင်ခံစားရသည်အထိဆောင်ရွက်ပါ။

၄။ ကျောင်းသားများကို အခန်းအတွင်းသွားလာနေသောအချိန်တွင် ပုံကားချပ်ကိုသင်ပုန်းပေါ်တွင် ရေးဆွဲထားပါ။

၅။ ကျောင်းသားများလုပ်ဆောင်ချက် ပြီးဆုံးသွားပါကနေရာ ပြန်ယူခိုင်းပါ။

၆။ ကျောင်းသားများကိုနှလုံးသား၊ စက်ဝိုင်း၊ အပေါင်းသင်္ကေတများသည် မည်သည်ကိုကိုယ်စားပြုသည်ကို ရှင်းပြပါ။ ထို့နောက်ကျောင်းသားများကို ပြန်လည်သုံးသပ်စဉ်းစားဖို့ရန် အချိန်ပေးပါ။

၇။ ကျောင်းသားများအဆင်သင့်ဖြစ်ပါက သင်ပုန်းဆီသို့လာ၍ ပုံကားချပ်ပေါ်တွင် ပုံဆွဲခိုင်းပါ။ ကျောင်းသားများဆီသို့ အဝေးမှလှမ်းကြည့်လျှင်မြင်နိုင်သော အရောင်မတူသည့် စာရွက်အပိုင်းလေးများကို (နှလုံးသား၊ စက်ဝိုင်း၊ အပေါင်း) ဆိုသည့်အမျိုးအစားပေါ်မူတည်ပြီး ခွဲဝေပေးပါ။ ထို့နောက် ကျောင်းသားများကိုစာရွက်အပိုင်းပေါ်တွင်ပုံဆွဲ၍ သင်ပုန်းပေါ်ရှိပုံကားချပ်ပေါ်တွင် ကပ်ခိုင်းပါ။

၈။ ကျောင်းသားအားလုံးကပ်ပြီးပါက နေရာပြန်ယူခိုင်းပါ။ ထို့နောက် ဆန္ဒရှိသူကျောင်းသားများကို ၎င်းတို့၏တုန့်ပြန်မှုနှင့်ပတ်သက်၍ မျှဝေခိုင်းပါ။ တခြားရွေးချယ်စရာနည်းလမ်းအဖြစ် သင့်လျော်သောမေးခွန်းများကိုလည်း မေးနိုင်ပါသည်။ ဥပမာ "အခန်း ၂ သည် အလွန်လူသိများသောအခန်းဖြစ်သည်ဟု သတိထားမိသည်။ တစ်ယောက်ယောက်မှ မည်သည့်အချက်ကိုပိုကြိုက်သည်ဟု မျှဝေပေးပါရန်။ သို့မဟုတ် ကျောင်းသားအများစုသည်ဒီမိုကရေစီတွင်လူငယ်များ၏အခန်းကဏ္ဍကိုပိုမိုလေ့လာရန်စိတ်ဝင်စားကြသည်။ တစ်ယောက်ယောက်မှ မည်သည့်အချက်ကို ပိုမိုလေ့လာလိုကြောင်းမျှဝေပေးပါ"

၉။ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် အာရုံစိုက်မှုတို့အတွက် ကျောင်းသားများကို ကျေးဇူးတင်ကြောင်းပြော၍ ဤအခန်းကိုနိဂုံးချုပ်ပိတ်သိမ်းပေးပါ။

၁၀။ သင်ပုန်းပေါ်တွင်ရှိသော ပုံကားချပ်ကိုသင်၏မှတ်တမ်းအနေဖြင့် ဓာတ်ပုံရိုက်ထားပါ။

## ၁၂.၃ နှလုံးသား၊ ဦးခေါင်း၊ ခြေထောက်

၁။ ကျောင်းသားများကို အတွဲတစ်တွဲစီဖွဲ့ပေးပါ။ ထို့နောက် ၎င်းတို့အား သင်တန်းနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်ခိုင်းပါ။ ထို့နောက် အောက်ပါတို့ကိုမျှဝေခိုင်းပါ။

**နှလုံးသား** - သင်တို့၏ ရင်ထဲသို့ထိမိသော အတွေးအခေါ် အယူအဆသော့ချက်။

**ဦးခေါင်း** - သင်တို့နက်နက်နဲနဲစဉ်းစားရသော၊ စိတ်ဝင်စားစရာ အလွန်ကောင်းသည်ဟုထင်သော အတွေးအခေါ် သော့ချက်။

**ခြေထောက်** - သင်တို့၏ဘဝတွင် ပြန်လည်အသုံးချချင်သော သို့မဟုတ် သင်ခန်းစာမှပြန်လည်သယ်ယူ

သွားချင်သောအတွေးအခေါ် သော့ချက် သို့မဟုတ် တက်ကြွောက်မှု။

၂။ အဖွဲ့တစ်ခုချင်းစီကို ၁၀-၂၀ မိနစ်ပေး၍ ဆွေးနွေးခိုင်းပါ။ ထို့နောက် ကျောင်းသားများအားပြန်ခေါ်၍ မိမိသဘောဆန္ဒအလျှောက် စကားပြောလိုသူကို ပြန်လည်မျှဝေခိုင်းပါ။

၃။ ရွေးချယ်စရာနည်းလမ်းအဖြစ် အဖွဲ့လိုက်စီကိုဆွေးနွေးခိုင်းပြီးပါက တစ်ယောက်လျှင် စာရွက်အပိုင်း ၃ ခုစီ ပေးပါ။ ထို့နောက်တုန့်ပြန်ချက်များကို ၎င်းစာရွက်အပိုင်းပေါ်တွင် ချရေးခိုင်းပါ။ ထို့နောက် နလုံးသား၊ ဦးခေါင်း နှင့် ခြေထောက်ကိုကိုယ်စားပြုသောစာရွက်အကြီး (Flip Chart) ၃ ခုကိုပြင်ဆင်ထားပေးပါ။ ထို့နောက် ကျောင်းသားများကို ၎င်းတို့လက်ထဲမှ စာရွက်အပိုင်းလေးများကိုသင့်လျော်သောစာရွက်အကြီး (Flip Chart) ပေါ်တွင် လာကပ်ခိုင်းပါ။

၄။ မှတ်တမ်းအတွက် စာရွက်အကြီး (Flip Chart) များကိုဓာတ်ပုံရိုက်ထားပေးပါ။

# ရည်ညွှန်းကိုးကား


Julian, Katie and Sally Kantar, Activities for Social Science Teachers, (Yangon: Mote Oo)

McLaughlin, Rory, Democracy: a civic education course for Myanmar, (Yangon: Mote Oo Education)

Myanmar, The Union of the Republic of, The Myanmar National Human Rights Commission Law, The PyidaungsuHluttaw Law No. 21/2014, <http://www.burmalibrary.org/docs23/2014-03-28-Myanmar_Human_Rights_Commission_Law-21-en.pdf> ,accessed 16 May 2019

Wong, Kara and Rory McLaughlin, Active Citizenship, (Yangon: Mote Oo Education)

# ENDNOTES


1 Slachmuijlder, L., *The Common Ground Approach: A Guide for Facilitators*, 1st ed (Washington DC: Search For Common Ground, 2018)

2 Democracy Reporting International, *Manual on the Legal Framework for Elections in Myanmar*, (Berlin, Germany: Democracy Reporting International, 2016) p15, <http://www.stepdemocracy.eu/wp-content/uploads/2016/10/DRI-MM-EIDHR-Manual-on-Legal-FW-Election-v4-EN-2016.pdf> ,accessed 16 May 2019

3 Adapted from: GSAFE, Qualities of a Leader, <https://www.gsafewi.org/wp-content/uploads/Qualities-of-a-Leader-Activity-1.pdf>

4 Slachmuijlder, L., *The Common Ground Approach: A Guide for Facilitators*, 1st ed (Washington DC: Search For Common Ground, 2018)

5 Democracy Reporting International, *Manual on the Legal Framework for Elections in Myanmar*, (Berlin, Germany: Democracy Reporting International, 2016) p15, <http://www.stepdemocracy.eu/wp-content/uploads/2016/10/DRI-MM-EIDHR-Manual-on-Legal-FW-Election-v4-EN-2016.pdf> , accessed 16 May 2019

6 Hald, Matilda and Sarah Smith, Supporting youth contributions to peace in Myanmar, Development Dialogue Paper no.24, Dag Hammarskjöld Foundation, February 2018, <https://www.youth4peace.info/system/files/2018-04/24.%20CFR_Myanmar-Youth%20Participation2_DHF.pdf>, accessed 16 May 2019

7 International IDEA, Compulsory voting,<https://www.idea.int/data-tools/data/voter-turnout/compulsory-voting>, accessed 16 May 2019

8 British Library, Votes for Women: Suffragettes, violence and militancy, 6 February 2018, <https://www.bl.uk/votes-for-women/articles/suffragettes-violence-and-militancy#footnote6> , accessed 16 May 2019

9 Al Jazeera, Myanmar police crack down on student protesters, 11 March 2015, <https://www.aljazeera.com/news/2015/03/myanmar-police-crack-student-protesters-150310123609713.html> , accessed 16 May 2019

10 Universal Declaration of Human Rights (UDHR), 10 December 1948 (General Assembly resolution 217 A), preamble,<https://www.un.org/en/universal-declaration-human-rights/> , accessed 16 May 2019

11 Australian Government, Study Assist: FEE-HELP, <https://www.studyassist.gov.au/help-loans/fee-help> , accessed 16 May 2019

12 Connell, Tula, MWRN: A Champion for Migrant Workers in Thailand, Solidarity Centre, 8 January 2019, <https://www.solidaritycenter.org/mwrn-a-champion-for-migrant-worker-rights-in-thailand/> , accessed 16 May 2019

13 Norwegian Refugee Council, Half a million identities, (Relief Web, 8 June 2017) <https://reliefweb.int/report/myanmar/half-million-identities> , accessed 16 May 2019

14 UNFPA and PBSO, The Missing Peace: Independent Progress Study on Youth, Peace and Security, 2018, p115-8, <https://www.youth4peace.info/system/files/2018-10/youth-web-english.pdf> , accessed 16 May 2019

15 Myanmar Mix, An all-girl team is building more public spaces in Yangon, 16 April 2019, <https://myanmarmix.com/en/articles/an-all-girl-team-is-building-more-public-spaces-in-yangon> , accessed 16 May 2019

16 Julia Pimentel, Carolyn Bernucca, Khal, 20 Young Activists Who Are Changing the World, Complex, 23 December 2018, <https://www.complex.com/life/young-activists-who-are-changing-the-world/bana-alabed> , accessed 16 May 2019

17 The World's Children's Prize, PayalJangid, <https://worldschildrensprize.org/payaljangid> , accessed 16 May 2019

# International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးနိုင်ငံတကာအဖွဲ့ (International IDEA) သည် အစိုးရအများပါဝင်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ကမ္ဘာတစ်ဝန်း ဒီမိုကရေစီ ရေရှည်တည်တံ့နိုင်ရေး ပံ့ပိုးမှုပေးပါသည်။ International IDEA ၏ လုပ်ငန်းတာဝန်မှာ နိုင်းယှဉ်လေ့လာလျက် အသိပညာဖြည့်ဆည်းပေးခြင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကို အကူအညီပေးခြင်း၊ မူဝါဒများနှင့် နိုင်ငံရေးအပေါ် ဩဇာသက်ရောက်ခြင်းတို့ဖြင့် ရေရှည်တည်တံ့နိုင်မည့် ဒီမိုကရေစီအပြောင်းအလဲကို ပံ့ပိုးမှုပေးရန် ဖြစ်ပါသည်။

## International IDEA သည် မည်သည့် လုပ်ငန်းများကို လုပ်ဆောင်ပါသနည်း။

ရွေးကောက်ပွဲများဆိုင်ရာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာ၊ နိုင်ငံရေးပါတီများဆိုင်ရာ၊ ဒီမိုကရေစီစနစ်တွင် ကျား-မ အခန်းကဏ္ဍဆိုင်ရာ၊ အမျိုးသမီးများ နိုင်ငံရေးပိုင်း စွမ်းဆောင်နိုင်စေခြင်းဆိုင်ရာနှင့် ဒီမိုကရေစီ ကိုယ်တိုင်အကဲဖြတ်ခြင်းဆိုင်ရာ နယ်ပယ်များတွင် လုပ်ငန်းများကို သုံးပိုင်းခွဲခြားလျက် လုပ်ငန်းဆောင်ရွက်ပါသည်။

၁။ ကမ္ဘာတစ်ဝန်း မတူကွဲပြားသော ပကတိအခြေအနေအသီးသီးမှ ဒီမိုကရေစီ တည်ထောင်သည့် လုပ်ငန်းစဉ်များဆိုင်ရာ လက်တွေ့အတွေ့အကြုံမှရရှိသည့် နှိုင်းယှဉ်လေ့လာထားသော အသိပညာဗဟုသုတများ ဖြည့်ဆည်းပေးခြင်း

၂။ ဒီမိုကရေစီ အင်စတီကျူးရှင်းများနှင့်လုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲရာတွင် နိုင်ငံရေး ပါဝင်ဆောင်ရွက်နေသူများကို အကူအညီပေးခြင်းနှင့် ဖိတ်ကြားလာပါက နိုင်ငံရေး လုပ်ငန်းစဉ်များတွင် ထိတွေ့ပါဝင်ဆောင်ရွက်ခြင်း

၃။ နှိုင်းယှဉ်လေ့လာထားသည့် အသိပညာဗဟုသုတ အရင်းအမြစ်များကို ဖြည့်ဆည်းပေးခြင်း၊ နိုင်ငံရေးပါဝင်ဆောင်ရွက်နေသူများကို အကူအညီပေးခြင်းဖြင့် ဒီမိုကရေစီတည်ဆောက်ရေး မူဝါဒများအပေါ် ဩဇာသက်ရောက်ခြင်း

## International IDEA သည် မည်သည့်နေရာဒေသများတွင် လုပ်ငန်းဆောင်ရွက်ပါသနည်း။

International IDEA သည် ကမ္ဘာတစ်ဝန်းတွင် လုပ်ငန်းဆောင်ရွက်ပါသည်။ စတော့ဟုမ်းမြို့တွင်ရုံးစိုက်ပြီး အာဖရိက၊ အာရှ-ပစိဖိတ်၊ လက်တင်အမေရိကနှင့် ကယ်ရစ်ဘီယန်ဒေသများတွင် ရုံးများ ဖွင့်လှစ်ထားရှိပါသည်။ International IDEA သည် ကုလသမဂ္ဂတွင် အမြဲတမ်း လေ့လာသူ ဖြစ်ပါသည်။

ဝက်ဘ်ဆိုက် - <http://www.idea.int>

# ပြုစုပျိုးထောင် မျိုးဆက်သစ်ခေါင်းဆောင်

## အခြေခံအဆင့် ပြည်သူ့နီတိသင်ရိုး

### ဆရာလက်စွဲ

**ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးနိုင်ငံတကာအဖွဲ့ (International IDEA) သည် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီမြှင့်တင်ခြင်းနှင့် ရေရှည်တည်တံ့နိုင်ရေးတို့အတွက် ဆောင်ရွက်သော အစိုးရအများပါဝင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။**

International IDEA သည် နိုင်ငံရေးတွင် ပူးပေါင်းပါဝင်မှုနှင့် ကိုယ်စားပြုမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကိုအားစိုက်၍ ဒီမိုကရေစီ ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်နေကြသောအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ကူညီပံ့ပိုးခြင်းနှင့် ဒီမိုကရေစီအရေး အများပြည်သူဆွေးနွေးမှုများကို ကူညီပံ့ပိုးပေးသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းစဉ်များတွင် ကျား/မနှင့် အားလုံးပူးပေါင်းပါဝင်စေရေး၊ ပဋိပက္ခဆိုင်ရာ အကဲဆတ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပါသည်။

International IDEA သည် အဖွဲ့ဝင်နိုင်ငံများဖြင့်ဖွဲ့စည်းထားသည့်ကောင်စီဖြင့် စီမံအုပ်ချုပ်ပြီး အကြံပေးအဖွဲ့ဝင်များမှ ပံ့ပိုးကူညီပေးသည်။

International IDEA ၏အဖွဲ့ဝင်နိုင်ငံများအားလုံးသည် ဒီမိုကရေစီစနစ်ကိုကျင့်သုံးကြပြီး အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များကို နိုင်ငံရေးနှင့် ဘဏ္ဍာရေးအကူအညီများ ပံ့ပိုးပေးသည်။ အဖွဲ့ဝင်နိုင်ငံများသည် ဩစတြေးလျ၊ ဘာဘာဒိုးစ်၊ ဘယ်ဂျီယံ၊ ဘီနင်၊ ဘော့စ်ဝါနာ၊ ဘရာဇီး၊ ကနေဒါ၊ ကာဗိုဗာဒေ၊ ချီလီ၊ ကိုစတာရီကာ၊ ဒိုမီနီကန်ရီပတ်ဘလစ်၊ ဖင်လန်၊ ဂျာမနီ၊ ဂါနာ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ လူဇင်ဘတ်၊ မာရီးတီးယပ်စ်၊ မက္ကဆီကို၊ မွန်ဂိုလီးယား၊ နမ်မီးဘီးယား၊ နယ်သာလန်၊ နော်ဝေ၊ ပနားမား၊ ပီရူး၊ ဖိလစ်ပိုင်၊ ပေါ်တူဂီ၊ တောင်အာဖရိက၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ဥရုဂွေးတို့ဖြစ်ကြသည်။ ဂျပန်နိုင်ငံသည် လေ့လာဆဲအနေအထား၌ ရှိနေပါသည်။

**International IDEA**
Strömsborg
SE–10334 Stockholm
Sweden
Tel. +46 8 698 37 00
Website: <https://www.idea.int>

**International IDEA Myanmar**
၆၈ (ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။
ရန်ကုန် ၁၁၂၀၁။
မြန်မာ။
Tel: +95 9 263128104
Project website: : <http://www.stepdemocracy.eu>

ISBN: 978-91-7671-260-3 (print)
ISBN: 978-91-7671-261-0 (PDF)